# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၉ ရက်၊ ကြာသပတေးနေ့ အတွဲ [၅၄]၊ အမှတ် [၂၇၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိဘပြည်သူများသို့ ရေဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခု ဇူလိုင် ၉ ရက်နှင့် ၁၀ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# တိုင်းပြည်ကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီသို့ မျှော်မှန်းပြီး အခြေခံကောင်းတွေ တည်ဆောက်သွားဖို့ သန္နိဋ္ဌာန်ချထား

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ပြောကြားသည့် ရေဒီယိုမိန့်ခွန်း**

**၉-၇-၂၀၁၅**

**မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေတစ်ဆင့် ပြောကြားနေကျဖြစ်တဲ့ အတိုင်း ဇွန်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် အဓိကလိုအပ်နေတဲ့ နိုင်ငံရေးလိုအပ်ချက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ အစိုးရအဖွဲ့တာဝန်ယူချိန်ကစပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဉ်တစ်လျှောက်မှာလည်း အပြန်အလှန်လေးစားမှု၊ တန်းတူရည်တူရှိမှုနဲ့ ငြိမ်းချမ်းရေးရရှိရေးဆိုတဲ့ တူညီတဲ့ ရည်မှန်းချက်များကို ကြိုးစားတည်ဆောက်ခဲ့ကြတာပါ။

ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ယခင်က မရခဲ့ဘူးသေးတဲ့ အောင်မြင်မှုနှစ်ခုကိုလည်း ရရှိခဲ့ပါတယ်။ ဒါတွေကတော့ လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးပြဿနာများဖြစ်တဲ့အတွက် နိုင်ငံရေးနည်းလမ်းနဲ့သာ

*စာမျက်နှာ ၃ ကော်လံ ၁* ✻

**ယနေ့ မာတိကာ**


ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပြင်ဆင်မည့်အချက်များကို ဆန်းစစ်ခြင်း
ဆောင်းပါး၊ စာ-၆

အခြေခံပညာရေးဥပဒေကြမ်း
အချပ်ပို(က)

ပုဂ္ဂလိကပညာရေးဥပဒေကြမ်း
အချပ်ပို(ဂ)


# စလင်းမြို့နယ်အတွင်း ရေဝတီမြစ်ကမ်းပါးပြိုမှုကြောင့် အိမ်ခြေ ၆၀ ခန့် ပြောင်းရွှေ့



**စလင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၌ ဒေသအတွင်း မိုးရွာသွန်းမှုအားကောင်းလာခြင်းနှင့် မြစ်ချောင်းများ ပြောင်းလဲလာခြင်းတို့ကြောင့် အပေါ်ယံမြေထုသုံးပေကျော်ခန့်ရှိပြီး အဆိုပါ မြေထုအောက်နုန်းသဲများဖြင့် ဖွဲ့စည်းဖြစ်တည်ခဲ့သော သဲကမ်းပါးများသည် နေရာအနှံ့ ပြိုကျမှုများဖြစ်ပွားလျက်ရှိပြီး ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် စလင်းမြို့နယ်ရှိ ကျေးရွာများသည် အိမ်ခြေ ၆၀ ခန့်နှင့် လူဦးရေ ၂၅၀ ခန့် ကမ်းပါးပြိုကျမှုမှ လွတ်ကင်းရာနေရာများသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ဇူလိုင် ၆ ရက် နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိ မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ရေပေါ်ကျွန်းလေးကျေးရွာ၌ ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုသဖြင့် မြစ်ကမ်းနှင့် ပေ ၁၀၀ ခန့် ကွာဝေးသည့် အိမ်တစ်လုံး၊ အိမ်ထောင်စုတစ်စု၊ လူ ငါးဦးအား ၎င်းတို့ဝယ်ယူထားသော ဇီးဖြူပင်ကျေးရွာအုပ်စု ကွင်းအမှတ် (၄၀၄)သို့လည်းကောင်း၊ သရက်ကုန်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ အရှေ့ဘက်တွင်

*စာမျက်နှာ ၁၃ ကော်လံ ၄* ❐




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# စုပေါင်းလယ်ယာ

မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကို ရှေးပဝေသဏီကတည်းက တောင်သူတစ်ဦးချင်း ပိုင်ဆိုင်မှုဖြင့် တစ်ပိုင်တစ်နိုင်စနစ်ဖြင့်သာ စိုက်ပျိုးလာခဲ့ကြသည်။ လယ်ယာမြေများကို စုပေါင်းလုပ်ကိုင်ခြင်းကား မရှိချေ။ မကြာသေးသည့်နှစ်များက နေပြည်တော်တစ်ဝိုက်တွင် တောင်သူပညာပေးစခန်းနှင့် ဧက ၅၀၀ စိုက်ခင်းများကိုသာ တစ်ဆက်တစ်စပ်တည်း လုပ်ကိုင်လျက်ရှိသည်။ တောင်သူများပိုင်ဆိုင်သော လယ်ယာမြေများကို စုပေါင်းလုပ်ကိုင်ခြင်းမှာ မရှိသလောက်ပင်ဖြစ်သည်။

စုပေါင်းလယ်ယာစနစ်သည် လယ်ယာမြေများကို အချိုးကျ အရင်းအနှီးများစိုက်ထည့်၍ အကျိုးအမြတ်များကို သာတူညီမျှ မျှဝေခံစားခြင်းဖြစ်သည်။ လယ်ယာမြေများကို စုပေါင်းလယ်ယာအဖြစ် လုပ်ကိုင်ခြင်းဖြင့် မြေယာ ပြန်းတီးမှုများမှ ကာကွယ်နိုင်ခြင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း၊ သိပ္ပံနည်းကျစနစ်ကို ဆောင်ရွက်နိုင်ခြင်း၊ လယ်ယာမြေများကို စက်ယန္တရားများ အသုံးပြုစိုက်ပျိုးနိုင်ခြင်းကြောင့် လယ်ယာလုပ်သားရှားပါးမှု အခက်အခဲကို ကျော်လွှားနိုင်ခြင်းစသော အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်ပါသည်။

ဂျပန်နိုင်ငံ တိုကျိုမြို့အနီးရှိ ဟိုဂျူစုပေါင်းစိုက်ခင်းသည် စုပေါင်းလယ်ယာစနစ်ပင် ဖြစ်သည်။ ဤစုပေါင်းစိုက်ခင်းသည် အကျယ်အဝန်းအားဖြင့် ဟက်တာ ၁၅၀(၃၇၅ ဧက) ရှိပြီး ဒေသခံတောင်သူလယ်သမား အသင်းသား စုစုပေါင်း ၃၃၈ ဦးက စုပေါင်းထည့်ဝင်ငွေဖြင့် ဖွဲ့စည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဓိကစိုက်ပျိုးထုတ်လုပ်သည့် သီးနှံများမှာ စပါး၊ နေကြာ၊ အသီးအရွက်နှင့် အခြားသီးနှံများ ပါဝင်ကြောင်း၊ ရရှိသည့်ဝင်ငွေကို အသင်းသားများ ခွဲဝေယူကြကြောင်း သိရသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း စသော သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့်သော်လည်းကောင်း၊ လယ်ယာလုပ်သားများ ရှားပါးလာခြင်းကြောင့်သော်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ရန်စိတ်ဝင်စားမှု အားနည်းလာခြင်းကြောင့်သော်လည်းကောင်း လယ်ယာမြေများကို ပုံမှန်စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိဘဲ မြေယာပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး လယ်ယာမြေများကို ထိရောက်စွာလုပ်ကိုင်နိုင်မှု လျော့ပါးလာလျက်ရှိပါသည်။ လယ်ယာမြေပြုန်းတီးမှုများကြောင့် ကုန်ထုတ်စွမ်းအားကို ကျဆင်းစေနိုင်ပါသည်။ စိုက်ပျိုးသီးနှံများပုံမှန်စိုက်ပျိုးထုတ်လုပ်နိုင်မှသာ ရေရှည်တွင် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

ဤသို့ မြေယာပြုန်းတီးမှုများ မဖြစ်ပေါ်စေရန် အကောင်းဆုံး နည်းလမ်းတစ်ရပ်မှာ စုပေါင်းလယ်ယာ စနစ်ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။ စုပေါင်းလုပ်ကိုင်ခြင်း၊ စုပေါင်းအရင်းအနှီးများ စိုက်ထည့်ခြင်း၊ စက်ယန္တရားများ အသုံးပြု၍ သိပ္ပံနည်းကျလုပ်ကိုင်ခြင်းတို့ဖြင့် စုပေါင်းလယ်ယာစနစ် တိုးတက်လာနိုင်ပါသည်။ တစ်နည်းအားဖြင့် စုပေါင်းစိုက်ပျိုး လုပ်ကိုင်ခြင်းဖြင့် ပျက်စီးဆုတ်ယုတ်မှု နည်းပါးနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ လယ်ယာမြေများကို တစ်ကွင်းတစ်ဆက် တစ်စပ်တည်းရှိသော နေရာများ၊ ပုံမှန်စိုက်ပျိုးနိုင်ခြင်းမရှိ၍ မြေရိုင်းများသဖွယ် ဖြစ်ပေါ်နေသောနေရာများ၌ စုပေါင်းအကျိုးတူဆောင်ရွက်နိုင်ခြင်းဖြင့် လယ်ယာမြေကဏ္ဍမှ အကျိုးစီးပွားကောင်းများ ရရှိလာနိုင်မည် ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

## သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

# မျိုးစေ့ထုတ်ကုမ္ပဏီများ တိုးတက်ပေါ်ပေါက်လာရေး ကူညီဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၈**

နိုင်ငံနှင့်အဝန်း စဉ်ဆက်မပြတ်တိုးတက်လာနေသော လူဦးရေ၏ စားရေရိက္ခာ လိုအပ်ချက်ဖြစ်သည့် ဆန်စပါးဖူလုံမှုနှင့် ပိုလျှံရေးတာဝန်ကို မြန်မာ့စိုက်ပျိုးရေး ပညာရှင်များ အနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများနှင့်ပူးပေါင်းပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် မျိုးစေ့ထုတ်လုပ်ငန်း (Seed Industry)များ ထူထောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




တစ်ဧကလျှင် တင်း၂၀၀ ကျော်ထွက်ရှိရန် သေချာသည့် ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးရန် အဓိကလိုအပ်နေသည့် F-1မျိုးစေ့ထုတ်လုပ်ငန်းများကို မြန်မာနယူးဧရာကုမ္ပဏီနှင့် ဂရိတ်ဝေါလ်ကုမ္ပဏီတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုနှစ် မိုးစပါးရာသီတွင် ဧကနှစ်သိန်းကျော်အတွက် ပုလဲသွယ်စပ်မျိုးစပါး F-1မျိုးစေ့များ လုံလောက်စွာ ဖြန့်ဖြူးပေးရန် အသင့်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၆ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အဖွဲ့သည် မြန်မာနယူးဧရာကုမ္ပဏီနှင့် ဂရိတ်ဝေါလ်ကုမ္ပဏီတို့၏ ပုလဲသွယ်စပ်မျိုးစပါး F-1မျိုးစေ့များကို ခေတ်မီစက်ကြီးများဖြင့် မျိုးစေ့သန့်စင်ခြင်း၊ ထုပ်ပိုးခြင်းများ လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနယူးဧရာကုမ္ပဏီ၏ ပုလဲသွယ်စပ် မျိုးစပါး F-1မျိုးစေ့များ အရည်အသွေးထိန်းချုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ဂရိတ်ဝေါလ်ကုမ္ပဏီ၏ မျိုးစေ့သိုလှောင်ရုံ အဆောက်အအုံများကို လည်းကောင်း မျိုးစေ့ထုတ်လုပ်ငန်း အကောင်အထည်ဖော် အောင်မြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရာသီအချိန်မီ သယ်ယူပို့ဆောင် ဖြန့်ဖြူးပေးသွားကြရန်၊ မျိုးစေ့ထုတ်ကုမ္ပဏီများ တိုးတက်ပေါ်ပေါက်လာရေးနှင့် အောင်မြင်ရေးဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**


# နိုင်ငံတကာရဲတပ်ဖွဲ့ စံချိန်စံညွှန်းနဲ့ အညီ ဆောင်ရွက်ရေးရှင်းလင်း

**နေပြည်တော် ဇူလိုင် ၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းအား မြန်မာနိုင်ငံဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ (Delegation of the European Union to Myanmar) မှ ဒုတိယအဖွဲ့ခေါင်းဆောင် Dr.George DURA သည် ဇူလိုင် ၆ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး နိုင်ငံတကာရဲလုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးတို့အတွက် ၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂမှ လျာထားချက်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# မဲဆန္ဒရှင်စာရင်းကြေညာထားမှု ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်/ကျေးရွာများတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုနှင့်ပတ်သက်၍ မဲစာရင်းလာရောက်ကြည့်ရှုသူများမှ တောင်းဆို၊ ကန့်ကွက်၊ ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့်အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စိန်ဝင်း(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

ခင်ရတနာ-စုစည်းသည်။

**✻ ရှေ့ဖုံးမှ**

အဖြေရှာဆွေးနွေးဖို့နဲ့ တိုင်းရင်းသားများရဲ့ တန်းတူရည်တူရှိမှုအတွက် ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်ရေး ဆိုတဲ့ နိုင်ငံရေးအခြေခံမူနှစ်ခုပဲဖြစ်ပါတယ်။ အစိုးရကိုယ်စားလှယ်များနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စားလှယ်များဟာ အကြိမ်ပေါင်းများစွာ၊ အကျေအလည်ဆွေးနွေးပြီး ဒီသဘောတူညီချက်များကို ရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် အခုနောက်ဆုံးရရှိထားတဲ့ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်(မူကြမ်း)ဟာ အထက်ပါ ရရှိပြီးဖြစ်တဲ့ အောင်မြင်မှုတို့ကို ခိုင်မြဲအောင် အထောက်အကူပြုမှုဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ဒီအဆင့်ထိ တက်လှမ်းလာနိုင်အောင် ကြိုးပမ်းပေးခဲ့ကြတဲ့ ခေါင်းဆောင်အသီးသီးရဲ့ နိုင်ငံရေးစေတနာကို လေးစားတဲ့အတွက် ဒီ NCA စာချုပ်ကို ရွေးကောက်ပွဲမတိုင်မီ လက်မှတ်ရေးထိုးနိုင်ဖို့ ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အခုအချိန်ထိ အခြေအနေကောင်းများရှိနေသေးတယ်လို့လည်း အလေးအနက်ယုံကြည်ထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ပြီးတော့ ပြောရရင် ဖွဲ့စည်းပုံတစ်ရပ်ဟာ ခေတ်ကာလနဲ့အညီ၊ နိုင်ငံရေးဖြစ်ထွန်းမှုများနဲ့အညီ အချိန်အခါအလိုက် ပြင်ဆင်ရေးသားသွားရမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံပေါ်ပေါက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ တစ်ဆင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ကိစ္စရပ်တွေပါဝင်လာဦးမှာဖြစ်ပါတယ်။ အခုလို ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ဖို့ စတင်ကြိုးပမ်းခြင်းသည်သာပင်လျှင် ကျွန်တော်တို့နိုင်ငံရဲ့ ကြီးမားတဲ့နိုင်ငံရေးအရွေ့တစ်ခုလို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

ငြင်းခုံမှုတွေ၊ ပြိုင်ဆိုင်မှုတွေ ဖြစ်ပေါ်လာသော်လည်းပဲ ဒီမိုကရေစီစနစ်ရဲ့ ဖြစ်စဉ်တစ်ခုသာဖြစ်တဲ့အတွက် နိုင်ငံရေးတည်ငြိမ်မှုကို တစ်စုံတစ်ရာ ထိခိုက်မှာမဟုတ်ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ကလည်း ရွေးကောက်ပွဲနည်းလမ်းကသာလျှင် အဖြေမှန်ဖြစ်တယ်ဆိုတဲ့ နိုင်ငံရေးရပ်တည်ချက်ကို ဖော်ထုတ်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အခုလို

**ငြိမ်းချမ်းရေးဖြစ်စဉ်ကို အခြေခံပေါ်ပေါက်လာမယ့် နိုင်ငံရေးဆွေးနွေးပွဲတွေကနေ တစ်ဆင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်တွေ ပါဝင်လာဦးမှာဖြစ်**

လက်တွေ့ကျတဲ့ နိုင်ငံရေးရွေးချယ်မှုတွေနဲ့အတူ ပြည်သူတွေကို လမ်းပြပေးတဲ့ နိုင်ငံရေးခေါင်းဆောင်များရဲ့ အမြော်အမြင်ကြီးမားမှုတွေက နိုင်ငံရေးတည်ငြိမ်မှုကို ဆောင်ကြဉ်းပေးနိုင်မှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့လည်း နှစ်ပေါင်းများစွာအတွင်း ပထမဆုံးသော အရပ်သားအစိုးရတာဝန်ကို ယူရတဲ့အချိန်မှာ ကျင်းပမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများမှာ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများအဖြစ် ကျင်းပနိုင်စေဖို့ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပြုအပ်ပါတယ်။

(၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား၊ မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးကို နေပြည်တော်မှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပါတယ်။ ဒေသတွင်းနိုင်ငံများအကြား အဓိကကျတဲ့ စီးပွားရေးကဏ္ဍတွေ နဲ့ လူမှုဖူလုံရေး၊ ပညာရေးနဲ့ ကျန်းမာရေးတွေမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ ဆွေးနွေးခဲ့ကြပါတယ်။ ဇွန်လအကုန်မှာလည်း ကျွန်တော်တို့လို အာရှတိုက်ရဲ့ မိသားစုဝင်ဖြစ်တဲ့ မွန်ဂိုလီးယားနိုင်ငံကို သွားရောက်လည်ပတ်ပြီး နှစ်နိုင်ငံအကြား ပုံမှန်ရှိရင်းစွဲ သံတမန်ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးနဲ့ ပူးပေါင်းဆောင်ရွက်နိုင်ဖွယ်ရှိတဲ့ ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်တွေ ဆက်လက်အသက်ဝင်ရှင်သန်နေစေရေးနဲ့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ် အောင်မြင်မှုရရှိဖို့အတွက် ရရှိခဲ့တဲ့ အတွေ့အကြုံများ၊ သင်ခန်းစာများကို အခြေခံပြီး မြန်မာနိုင်ငံအနေနဲ့ အဘက်ဘက်မှာ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ အခိုင်အမာယုံကြည်ထားပါတယ်။ တိုင်းပြည်ကို ပိုမိုကောင်းမွန်တဲ့ အနာဂတ်ဆီသို့ မျှော်မှန်းပြီး အခြေခံကောင်းတွေ တည်ဆောက်သွားဖို့ ကျွန်တော့်အနေနဲ့ သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

# ပြည်သူများအနေဖြင့် ရရှိသည့်ချေးငွေနှင့် စက်ပစ္စည်းများကို မှန်ကန်စွာရင်းနှီးမြှုပ်နှံပြီးအသုံးချ



**လားရှိုး ဇူလိုင် ၈**

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမဦးကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးပညာရှင်များ၊ ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမအသင်းအဆင့်ဆင့်မှ အသင်းသားတောင်သူလယ်သမားများ၊ မြို့ပေါ်ရပ်ကွက်များမှ သမဝါယမအသင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ နိုင်ငံတကာတွင် သမဝါယမလုပ်ငန်းများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၏ အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပါကြောင်း၊ အသင်းဝင်ပေါင်း သန်းပေါင်းတစ်ထောင်ကျော်ရှိသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအသင်းကြီး၏ သုတေသန စာတမ်းများအရ သမဝါယမလုပ်ငန်းကဏ္ဍသည် ဖွံ့ဖြိုးပြီးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများအတွက် စွမ်းအင်ရရှိရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးနှင့် အခြားသော အခြေခံလိုအပ်ချက်များကို ပါဝင်ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

အထူးသဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍတွင်လည်း အလွှာပေါင်းစုံမှ လူပေါင်း ၈၅၇ သန်းကျော်ကို သမဝါယမလုပ်ငန်းများက စုငွေ၊ ချေးငွေများပေးအပ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြကာ လက်မှုလယ်ယာနှင့် ပတ်သက်သည့်လုပ်ငန်းအပေါ် မှီခိုနေကြပါကြောင်း။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် တက်လှမ်းနိုင်ရန် စက်မှုလယ်ယာစနစ်ကို ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး စစ်တမ်းများအရ မြန်မာနိုင်ငံသည် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် များစွာလိုအပ်နေပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရေမြေလုပ်ငန်းသဘာဝနှင့် ဆီလျော်သည့် လယ်ယာသုံး စက်ကိရိယာများကို ပြည်ပမှတင်သွင်းပြီး သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု၊ မိတ်ဆွေနိုင်ငံများ၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်းမှုနှင့် အရစ်ကျငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါကြောင်း။

ယနေ့အထိ သမဝါယမဝန်ကြီးဌာနမှ တစ်နိုင်ငံလုံးရှိ မြို့နေ၊ ကျေးလက်ဒေသနေ အလွှာပေါင်းစုံမှ သမဝါယမအသင်းသား ပြည်သူများအတွက် ချေးငွေကျပ်သန်းပေါင်း ၂၂၆ ဘီလီယံကျော် ထုတ်ချေးခဲ့ပြီး ကျပ် ၅၅ ဘီလီယံတန်ဖိုးရှိ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း စီးရေ ၁၃၇၆၀၀ ကျော်ကို အရစ်ကျငွေချေစနစ်ဖြင့် ထောက်ပံ့ခဲ့ပြီး ဖြစ်ပါကြောင်း။

ယခုလို ထောက်ပံ့ပေးသည့်အတွက် အချိန်မီစိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်ပျိုးရိတ်သိမ်းစရိတ်သက်သာခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ လုပ်အားခသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့ရရှိသည့် ချေးငွေနှင့် စက်ပစ္စည်းများကို မှန်ကန်စွာရင်းနှီးမြှုပ်နှံပြီး လုံ့လဝီရိယရှိရှိ အသုံးချတတ်ရန်နှင့် အရစ်ကျဆပ်ငွေများကို အချိန်မှန်ပြန်လည်ပေးဆပ်ပြီး အဟောင်းပေး အသစ်ယူစနစ်ဖြင့် တာဝန်ကျေပွန်အောင် လိုက်နာဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

တစ်နိုင်ငံလုံး သမဝါယမအသင်းဝင်များတိုးပွားပြီး ဖွံ့ဖြိုးလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် မှီခိုအားထားစရာမလိုတော့ဘဲ မိမိတို့၏ စုဆောင်းငွေ၊ အရင်းအနှီး၊ ကိုယ်ပိုင်စက်ကိရိယာများနှင့် ရပ်တည်နိုင်ပြီး အများအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အတိတ်က မြန်မာ့သမဝါယမ၏ ကောင်းမွေ၊ ဆိုးမွေများကို သင်ခန်းစာယူပြီး အခြေခံလူတန်းစားများ၏ လူနေမှုဘဝတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုနှုန်း လျှော့ကျစေရေးနှင့် နိုင်ငံတော်၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်အောင် ဆက်လက်ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပြည်သူများလိုအပ်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အိမ်တွင်းလုပ်ငန်းများအတွက် အသေးစားအရင်းအနှီး ချေးငွေထုတ်ပေးခြင်း၊ လယ်ယာနှင့် အခြားလုပ်ငန်းသုံးပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းနှင့် သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းစသည့် လုပ်ငန်း(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

အဆိုပါ လုပ်ငန်းစဉ်များသည် အခြေခံပြည်သူများ၏ ဆင်းရဲမှုကို လျှော့ချနိုင်ရေး၊ အခြေခံပြည်သူများ ငွေချေးစရာမလိုတော့ဘဲ ရပ်တည်နိုင်ရေးနှင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံဖြစ်၍ အောင်မြင်အောင်ဆောင်ရွက်ရန် အထူးအရေးကြီးပါကြောင်း၊ လုပ်ငန်းစဉ်များ၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူး၊ တာဝန်၊ စည်းကမ်းတို့ကို အားလုံးသိရှိနားလည် ယုံကြည်ပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်၊ လားရှိုးခရိုင်၊ ဟိုပန်ခရိုင်၊ မူဆယ်ခရိုင်၊ ကျောက်မဲခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့မှ သမဝါယမအသင်းစုဥက္ကဋ္ဌများထံ ပံ့ပိုးချေးငွေများကို ပေးအပ်သည်။

ယင်းနောက် စီဘီဘဏ်နှင့် သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌက ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့်အရှေ့ပိုင်းတို့ရှိ သမဝါယမအသင်းများအတွက် လယ်ယာသုံးနှင့် လုပ်ငန်းသုံး စက်ကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် သမဝါယမအသင်းသားဖြစ်သူ ဦးစိုင်းဆန်ကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် မြို့မိ မြို့ဖများ၊ သမဝါယမအသင်းသား တောင်သူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီးလယ်ယာသုံးနှင့် အခြားလုပ်ငန်းသုံး စက်ကိရိယာပြခန်းများကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် ၁၀ ခရိုင်၊ မြို့နယ် ၄၀ နှင့် အခြေခံသမဝါယမအသင်း ၁၇၀၈ သင်းသို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် ပံ့ပိုးချေးငွေ စုစုပေါင်းငွေကျပ် ၁၃၂၃၈ ဒသမ ၈၆၁ သန်း ထုတ်ချေးပေးနိုင်ခဲ့ပြီး စုစုပေါင်းငွေကျပ် ၇၂၃၈ ဒသမ ၃၀၀၃ သန်းတန်ဖိုးရှိ လယ်ယာသုံး စက်ကိရိယာနှင့် အခြားလုပ်ငန်းသုံး စက်ကိရိယာ ၃၄၈၇ မျိုးကို အရစ်ကျငွေပေးချေစနစ်ဖြင့် ပံ့ပိုးပေးအပ်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် လားရှိုးမြို့ပေါ်ရှိ ပန်အုပ်ကျောင်းတိုက်၊ အထက်မန်အိုင်ကျောင်းတိုက်၊ အောက်မန်အိုင်ကျောင်းတိုက်၊ ရေကန်တောင်ဆုတောင်းပြည့် ကျောင်းတိုက်နှင့် သာသနာအေး ကျောင်းတိုက်တို့မှ ဆရာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကာ တရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ရေကန်တောင် ဆုတောင်းပြည့်စေတီနှင့် ရန်တိုင်းအောင်ဘုရားတို့ကို သွားရောက်ဖူးမြော် ကြည်ညိုခဲ့ကြသည်။

**(သတင်းစဉ်)**

# အတန်းပညာမသင်ခဲ့ရသည့်စစ်သည်များ အခြေခံပညာအထက်တန်းအောင်သည်အထိ သင်ကြားပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၈

**တပ်မတော်(ကြည်း၊ ရေ၊လေ)၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော စစ်သည်များ၊ တပ်မတော်သား မိသားစုဝင် သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများနှင့် ဘက်စုံပညာထူးချွန်လူငယ်များ၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ပညာသင်ဆုချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။**



အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်နှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန်အတွက် အဓိကကျသည့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်ပညာရေး ကျောင်းများ၊ တပ်မတော် အခြေခံပညာကျောင်းများ၊ တပ်မတော်တပ်တွင်း ကျောင်းများအနေဖြင့် ပိုမိုတိုးတက်အောင်မြင်မှုရရှိစေရေး၊ စံနမူနာပြဖြစ်စေရေး တာဝန်ရှိသူအားလုံးက ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်ပညာရေး ကျောင်းများတွင် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် အပြည့်အဝဖြင့် တပ်မတော်ထဲကို ဝင်ရောက်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာမသင်ခဲ့ရသည့် စစ်သည်များ၊ ပညာရေးဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရသည့် တပ်မတော်သားများကို အခြေခံပညာ အထက်တန်းအောင်သည်အထိ သင်ကြားပေးလျက်ရှိကြောင်း၊ ထိုကဲ့သို့ သူတို့၏ မိဘများကိုယ်စား တပ်မတော်က ဆက်လက်ပညာအမွေပေးခြင်းဖြင့် တပ်မတော်သားများ၏ဘဝ တိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာအဆင့်မီ တပ်မတော်(Standard Army) တည်ဆောက်ရာတွင်လည်း အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက ဆုရရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အခြေခံပညာ အထက်တန်းကျောင်း၊ တပ်မတော် ပညာရေးကျောင်းများမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိကြသည့် ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိများအား လည်းကောင်း၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ကျောင်းအုပ်ကြီးများအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားများ၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲ(ဗဟိုအဆင့်)၊ မြန်မာနိုင်ငံသင်္ချာအသင်း၊ သင်္ချာအိုလံပစ်ကော်မတီက ကြီးမှူးကျင်းပသည့် သင်္ချာထူးချွန်စာမေးပွဲ၊ အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲဗဟိုအဆင့်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ ဗဟိုအဆင့်တို့တွင် ပထမဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဒုတိယဆုရ၊ Singapore & Asian School Math Olympiad 2015 တွင် Bonze Award ရ၊ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် နိုင်ငံတော်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆု နှစ်ဆုရ ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ၚင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်က ခြောက်ဘာသာဂုဏ်ထူးရှင် ၁၆ ဦးတို့အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ငါးဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေနှင့် ဇနီး ဒေါ်ဝေမာမာထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး ဒေါ်အေးအေးသန်းတို့က လေးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများက လေးဘာသာနှင့် သုံးဘာသာဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဂုဏ်ထူးရစစ်သည်၊ ဘက်စုံပညာ ထူးချွန်လူငယ်များ၊ အဆင့်မြင့်ပညာအဆင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ် ပညာသင်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆုများပေးအပ်ချီးမြှင့် အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် စစ်သည်များကိုယ်စား ခြောက်ဘာသာဂုဏ်ထူးနှင့် ဘက်စုံပညာ ထူးချွန်လူငယ်ဆုပူးတွဲရရှိသူ မောင်ခိုင်ခန့်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ဆုရစစ်သည်များ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)** **(မြဝတီ)**

## ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ် မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၈**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ နှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

## မြန်မာ့တပ်မတော်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်တို့ ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၈**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်သည် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အထူးအကြံပေးပုဂ္ဂိုလ် ဗိုလ်ချုပ်ကြီးဟောင်း ရှိဂဲရုအိဝါဆာကီနှင့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၇ ရက် ညနေ ၄ နာရီက ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံပြီး မြန်မာ့တပ်မတော်နှင့် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်တို့ ပူးပေါင်း၍ သင်တန်းများဖွင့်လှစ်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးစီး၍ ဖွင့်ပွဲ ဖြတ်သန်းသွားလာ အသုံးပြုခွင့်ပြုမည်

**မိတ္ထီလာ ဇူလိုင် ၈**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမပေါ်ရှိ မိတ္ထီလာကန်ကူးတံတားသစ်ကို တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ဇူလိုင် ၉ ရက် နံနက်ပိုင်းမှစတင်ပြီး ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

“မိတ္ထီလာကန်ကူး တံတားအသစ်တည်ဆောက်ပြီးစီးသွားလို့ ဇူလိုင် ၉ ရက် နံနက် ၅ နာရီခန့်မှာ သံဃာတော်များပင့်ဖိတ်ပြီး အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်မယ်။ ပြီးတော့ နံနက် ၆ နာရီခွဲက စတင်ပြီး တံတားသစ်ကို ဖွင့်လှစ်ပေးမှာပါ” ဟု ခရိုင်အဆင့် တာဝန်ရှိသူတစ်ဦးက ပြောသည်။

တည်ဆောက်ပြီးစီးသွားသည့် မိတ္ထီလာကန်ကူး တံတားသစ်သည် အလျားပေ ၈၀၀၊ အကျယ် ၂၄ ပေ၊ နှစ်လမ်းသွားဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် Mini Bored Pile ၊ ကိုယ်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PCGirder ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်သည်။ ထူးခြားမှုအနေဖြင့် မိတ္ထီလာကန်ကူးတံတားအသစ်ပေါ်တွင် နိုင်လွန်ကတ္တရာများ ခင်းပေးထားကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## မြန်မာနိုင်ငံစာပို့တိုက်ဥပဒေ(မူကြမ်း)အား လေ့လာအကြံပြုနိုင်

**နေပြည်တော် ဇူလိုင် ၈**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် အများပြည်သူများမှကြိုတင်သိရှိ၍ လေ့လာအကြံပြုနိုင်ရန်အတွက် စာပို့တိုက်ဥပဒေ(မူကြမ်း)ကို ပြုစုထားကြောင်းနှင့်စာပို့တိုက်ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အကြံပြုလိုသည်များကို dg.ptd@mptmail.net.mm နှင့် sansansaw7@gmail.com တို့သို့ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၁/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၆ ၊ ပုဒ်မခွဲ (က)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၇၊ပုဒ်မခွဲ (ဃ)အရလည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယ ရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် တနင်္ဂနွေနေ့၌ ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ပေးပါမည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၈/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပမည့်နေ့ရက် သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က) ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၄(ဂ) နှင့် နည်းဥပဒေ ၁၆ (က) တို့အရ ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်) တနင်္ဂနွေနေ့တွင် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၂၉/၂၀၁၅)**
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည်-

| | | |
|---|---|---|
| (က) | လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း စတင်တင်သွင်းနိုင်သည့်နေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်) |
| (ခ) | လွှတ်တော်အသီးသီး၏မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းနိုင်သည့်နောက်ဆုံးနေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်) |
| (ဂ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုကရုပ်သိမ်းနိုင်သည့်နောက်ဆုံးနေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက် (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်) |
| (ဃ) | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများစိစစ်မည့်နေ့ရက် | ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်မှ ဝါခေါင်လဆန်း ၆ ရက်အထိ (၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ရက်မှ ၂၁ရက်အထိ) |

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ် (၃၀/၂၀၁၅)**
၁၃၇၇ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်)

**အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ မယ်ခေါင်ရပ်၊ (၃) လမ်း ၊အမှတ် (၃/၁၀) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ(၉၃)ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ပညာရေးဆိုင်ရာလုပ်ငန်းကိစ္စများ တွေ့ဆုံမှာကြား

**ဟိုပန် ဇူလိုင် ၈**

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်လူရည်ချွန်များ ထွက်ပေါ်လာစေရေး ရည်ရွယ်၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဦးစီးအဖွဲ့ဝင်များသည် ဇူလိုင် ၆ ရက်က တိုင်း ဦးစီးအဖွဲ့ဥက္ကဋ္ဌရုံးခန်း၌ အထက(ဟိုပန်) မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင် ကော်မတီဝင်များအား တွေ့ဆုံခဲ့သည်။

တွေ့ဆုံရာတွင် တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အထက(ဟိုပန်)၏ အောင်ချက်ပိုမိုတိုးတက်လာခဲ့ပြီး လေးဘာသာဂုဏ်ထူးရှင်တစ်ဦး ပေါ်ထွက်လာ၍ ဂုဏ်ယူကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေး၊ ပညာရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လိုက်နာတတ်စေရေးအတွက် ဆရာ ဆရာမများ ပိုမိုကြပ်မတ်ပေးရန် လိုအပ်ကြောင်း မှာကြားသည်။ ထို့နောက် ကျောင်းပတ်လည်ခြံစည်းရိုးကာရန် ကျန်ရှိသည့်အပိုင်းအတွက် လိုအပ်ငွေကျပ် ၃၅ သိန်းကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းရန်ပုံငွေမှ ပံ့ပိုးကူညီကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

*ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပြင်ဆင်မည့်အချက်များကို ဆန်းစစ်ခြင်း

ဝရဇိန်

ပါတီစုံဒီမိုကရေစီစနစ် စတင်ကျင့်သုံးသည့် ပထမသက်တမ်း ၅ နှစ်သည် မကြာမီ ကုန်ဆုံးတော့မည်ဖြစ်သည်။ ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲကြီးကို လွတ်လပ်မျှတစွာဖြင့် ပြုလုပ်နိုင်ရန် အားကြိုးမာန်တက် ဆောင်ရွက်ကြသည့် အသံများ ပေါ်ထွက်နေသည်။ မဲစာရင်းကိစ္စ၊ ပါတီတွင်း ကိုယ်စားလှယ် လျာထားမှုအတွက် အချင်းချင်း ဝေဖန်ကြသည့်ကိစ္စ၊ ပထမအကြိမ် လွှတ်တော်ကြီး၏ နောက်ဆုံးအစည်းအဝေးမှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းခဲ့သော ဥပဒေ ၇ ခုပြင်ဆင်ရေး စသည်ဖြင့် သံစုံတီးဝိုင်းကြီးသဖွယ် အသံအနိမ့်အမြင့်မျိုးစုံ ထွက်ပေါ်လျက်ရှိသည့် ကာလဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စအတွက် ဥပဒေမူကြမ်း ၂ ခုကို အများပြည်သူတို့ လေ့လာရန် ဖော်ပြမှုအား သတင်းစာတွင်ဖတ်ရပြီးနောက် လွှတ်တော်တွင်း၌ ဗဟုသုတမျိုးစုံကို အခြေပြုလျက် ဆွေးနွေးသံများကိုလည်း စိတ်ဝင်စားဖွယ်ကြားနေရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒိုင်လူကြီးအဖြစ် ဆောင်ရွက်နေသည်ဟု ယူဆရသော တပ်မတော်၏ ဆောင်ရွက်ချက်အပေါ် ဝေဖန်သံများလည်း မျိုးစုံကြားနေရသည်။ ကိစ္စရပ်များကြားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်အောင် ဆောင်ရွက်နိုင်ပါမည်လောဆိုသည့်ဝေဖန်သံလည်းပါသည်။ ရွေးကောက်ပွဲကြီးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ပြဋ္ဌာန်းခဲ့သော ဥပဒေ ၂၂ ခုအနက်မှ ၇ ခုကို လွှတ်တော်တွင် ပြင်ဆင်ရန်ဆောင်ရွက်ကြရာ၊ ယင်းတို့အနက် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရေး ဆွေးနွေးချက်များသည် ပြည်သူများအကြားနှင့် နိုင်ငံရေးပါတီများအကြား စိတ်ဝင်စားမှုခံရသော ကိစ္စတစ်ရပ် ဖြစ်လာသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇(ခ)တွင် “နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလ ရွေးချယ်ခံခဲ့ရသူဖြစ်လျှင် သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရသည့် နိုင်ငံသားတစ်ဦး ဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊** နယ်မြေစည်းရုံးရေး လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။”ဟု ပြဋ္ဌာန်းထားသည်။ ထိုသို့ ပြဋ္ဌာန်းရခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ဆိုလိုရင်း အနှစ်သာရကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိသမျှကို အောက်ပါအတိုင်း စီကာစဉ်ကာ တင်ပြလိုက်ရသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈**

(က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်ရှိသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၀၆။** နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ-

(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်။
(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

**ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၆၁**

(က) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ ရာထူးသက်တမ်းသည် ငါးနှစ်ဖြစ်သည်။
(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်သမ္မတအသစ် ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။
(ဂ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၈ ၌ “နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။”ဟူ၍ ပြဋ္ဌာန်းထားသည်။ ဥပဒေပြုလွှတ်တော်များက ပြဋ္ဌာန်းသော ဥပဒေများ၊ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်၏ အခြေခံမူများကို လိုက်နာရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်သည့် ဥပဒေပြဋ္ဌာန်းချက်များ ပေါ်ပေါက်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာရမည်ဖြစ်ကြောင်း ပုဒ်မ ၄၄၆ နှင့် ပုဒ်မ ၁၉၈(က)တို့တွင် လေ့လာသိရှိနိုင်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ ၂ တွင် “ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇(ခ)နှင့် ပုဒ်မ ၁၇(ဃ) တို့တွင်ပါရှိသော **ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း**ဆိုသည့် စကားရပ်ကို **ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်း**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်”ဟု ပြင်ဆင်ဖော်ပြထားသည်။ “ပါတီ”ဆိုသော စကားရပ်ကို လွှတ်တော်က နုတ်ပယ်လိုခြင်းဖြစ်သည်။

အထက်ပါပြဋ္ဌာန်းချက်များကို လေ့လာလျှင် နိုင်ငံသားများ၏ အခွင့်အရေး၊ နိုင်ငံရေးပါတီများ၏ အခွင့်အရေးကို အခြေခံဥပဒေက အခြေခံမူဖြင့် ပြဋ္ဌာန်းကာ အာမခံချက်ပေးထားကြောင်း ထင်ရှားသည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇(ခ) ကို ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ သိရှိနိုင်သည်။ ဤသို့ဆိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇(ခ) ပါ “ပါတီ” ဆိုသည့်စကားရပ် နုတ်ပယ်လိုခြင်းသည် လက်ရှိ သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများစသည့် နိုင်ငံရေးရာထူးတာဝန်ထမ်းဆောင်ဆဲ ပုဂ္ဂိုလ်များအနေဖြင့် အခြေခံဥပဒေက ပေးအပ်ထားသော ငြင်းပယ်၍မရသည့် အခွင့်အရေးအား အသုံးပြုမည်ကို မည်သည့်အတွက်ကြောင့် ပိတ်ပင်လိုပါသနည်းဟုသာ စဉ်းစားဖွယ်ရှိတော့သည်။ ထိုပုဂ္ဂိုလ်များ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုလျှင် “ပါတီ” ဟူသော စကားရပ်နှင့် ဆိုင်သည့် အကြောင်းကိစ္စများကို မတို့မထိစေလိုသော စေတနာရှိပုံရသည်။ ဤသို့ဆိုလျှင် မူလဥပဒေပါ အကြောင်းအရာကို မည်သူ့အတွက် ပြင်ဆင်လိုသည်ဟု ပြည်သူအား ရှင်းပြသင့်သည်။

ထို့ပြင် အဆိုပါပြင်ဆင်ချက်ဥပဒေကြမ်း ပုဒ်မ ၃ တွင် “ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၅၅ ၏ နောက်တွင် ပုဒ်မ ၅၅-က အဖြစ် လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြနိုင်ရန် နိုင်ငံတော်သမ္မတသို့ ထောက်ခံတင်ပြ ရပါသည်။

ပြည်ထောင်စုအစိုးရမှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလာသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က မည်သို့ဆောင်ရွက်ရမည်ကိုလည်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၅ မှ ၉၃ အထိတွင် အသေးစိတ် ပြဋ္ဌာန်းထားသည်။ နည်းဥပဒေ ၉၃ တွင်လည်း နောက်လာမည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို လက်ရှိဘဏ္ဍာနှစ် မကုန်မီ အချိန်မီ ပြဋ္ဌာန်းခြင်း မပြုနိုင်လျှင် ပြည်ထောင်စုအစိုးရသည် နောက်လာမည့် ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များအနက် သာမန်အသုံးစရိတ်များကို လွှတ်တော်က နောက်ဆုံး ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်သည်။

အခြေခံဥပဒေအရ လွှတ်တော်များ၏ သက်တမ်းသည်လည်းကောင်း၊ သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းသည်လည်းကောင်း ၅ နှစ် သတ်မှတ်ထားရှိသည်။ ယင်းအဖွဲ့အစည်းများသည် မိမိတို့ တာဝန်ယူရသော သက်တမ်းကာလအတွင်း ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို တစ်နှစ်လျှင်တစ်ကြိမ် အုပ်ချုပ်ရေးအဖွဲ့ (Executive) ဖြစ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရပြီး ဥပဒေပြုအဖွဲ့ (Legislature) ဖြစ်သော ပြည်ထောင်စုလွှတ်တော်က ဥပဒေကြမ်းကို ဆွေးနွေးပြဋ္ဌာန်းပေးရသည်။ ယခု ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေတွင် ဖြည့်စွက်ပြဋ္ဌာန်း

> **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအား ပြင်ဆင်လိုသည့်အချက်များသည် ပြည်သူတို့ ရသင့်ရထိုက်သည့် အခွင့်အရေးနှင့်တိုက်ရိုက်သက်ဆိုင်နေ ဥပဒေပြုမှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပြည်သူများ၏ သဘောဆန္ဒများကို အလေးအနက်ထား ထည့်သွင်းစဉ်းစားရန်လည်း မမေ့သင့်**

အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်။”ဟု ဖော်ပြထားသည်။

အခြေခံဥပဒေအရ လွှတ်တော်၏သက်တမ်းနှင့် သမ္မတ၊ ဒုတိယသမ္မတနှင့် အစိုးရအဖွဲ့၏သက်တမ်းသည် ၅ နှစ်ဖြစ်သည်။ အဆိုပါ ၅ နှစ်သက်တမ်းအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)အရ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွက် အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို နှစ်စဉ် ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းကာ အတည်ပြုချက် ရယူရသည်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် စီမံကိန်းများကို အကောင်အထည်ဖော်ခြင်း၊ ဘဏ္ဍာငွေများ ခွဲဝေသုံးစွဲခြင်း၊ သတ်မှတ်သည့် အခွန်အကောက်များကို ကောက်ယူခြင်းတို့ ဆောင်ရွက်ရသည်။ အခြေခံဥပဒေပုဒ်မ ၂၂၁ အရ ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိချက်များကို အခြေပြုပြီး နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းကာ အတည်ပြုချက် ရယူရသည်။ ပြည်ထောင်စု လွှတ်တော်သည် လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည်လည်းကောင်း နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို မိမိတာဝန်ယူရသော ၅ နှစ် ကာလအတွင်း နှစ်စဉ်နှစ်တိုင်း အခြေခံဥပဒေနှင့်အညီ ဤနည်းလမ်းအတိုင်း ဆောင်ရွက်ကြရသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် မိမိတာဝန်ယူရသော ၅ နှစ်ကာလအတွင်း ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ် မကုန်ဆုံးမီ လွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်ပါက လွှတ်တော်မှ နောက်ဆုံးပြဋ္ဌာန်းသည့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိကြောင်း အခြေခံဥပဒေ ပုဒ်မ ၂၂၂ တွင် ပြဋ္ဌာန်းထားပါသည်။

အခြေခံဥပဒေ ပုဒ်မ ၂၂၉ အရ ဖွဲ့စည်းသည့် ဘဏ္ဍာရေးကော်မရှင်သည် ပုဒ်မ ၂၃၀(ဃ) အရ ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်မည့် ချေးငွေများ ထုတ်ပေးခြင်းတို့ ပါဝင်သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လိုသည့် ပုဒ်မ ၅၅-က ပါ အချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ထားသော ပြဋ္ဌာန်းချက်ဘောင်ကို ကျော်လွန်နေသည့်အပြင် လက်တွေ့အားဖြင့်လည်း ဆောင်ရွက်၍မရနိုင်ပါ။ လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် အနေဖြင့်လည်းကောင်း မိမိတို့တာဝန်ရှိသော ၅ နှစ် သက်တမ်းကာလနှင့် အကျုံးဝင် သက်ဆိုင်သော နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများကိုသာ ပြဋ္ဌာန်းဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယခုအခါ လွှတ်တော်နှင့် အစိုးရတို့သည် ၅ နှစ်ပြည့်လျှင် ယင်းတို့၏သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ၊ သက်တမ်းမကုန်မီ အသစ်တက်လာမည့် အစိုးရအဖွဲ့အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်ရှိပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဟုဆိုသည်မှာ အစိုးရအဖွဲ့အနေဖြင့် မိမိအား အခြေခံဥပဒေအရ အပ်နှင်းထားခြင်းမရှိသော အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ရာရောက်သကဲ့သို့၊ ပြည်ထောင်စုလွှတ်တော်အနေဖြင့်လည်း နောက်လာမည့် ပြည်ထောင်စုလွှတ်တော်အသစ်က စဉ်းစားဆောင်ရွက်ရမည့် အခွင့်အာဏာကို ရယူဆောင်ရွက်သည့်သဘောဖြစ်ပေရာ နိုင်ငံတော်တွင် မှားယွင်းသော သမိုင်းတစ်ရပ် ကျန်ရှိနေမည်ဟု နားလည်ရပေသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပါလီမန်ဒီမိုကရေစီကာလတွင် ဖဆပလ နှစ်ခြမ်းကွဲစဉ် ဝန်ကြီးချုပ်ဦးနုသည် ပမညတ၏ ထောက်ခံမှုဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့သည်။ သို့ရာတွင် နိုင်ငံတော်ရသုံးခန့်မှန်းခြေဥပဒေ (ထိုစဉ်က ငွေဥပဒေ ဟုခေါ်သည်) ကို ပါလီမန်သို့ တင်သွင်းပါက အမတ်အများစု၏ ထောက်ခံမှုမရမည်ကို စိုးရိမ်သဖြင့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့သော အာဏာတည်သော အမိန့်ကိုသုံး၍ ပြဋ္ဌာန်းခဲ့သည်။ ထိုစဉ်က ဦးနု အစိုးရအဖွဲ့တွင် တရားရေးဝန်ကြီးအဖြစ် ပမညတမှ ဒေါက်တာအေးမောင်က တာဝန်ယူသည်။ အိမ်စောင့်အစိုးရလက်ထက် ရောက်သောအခါ လက်ထောက်ရှေ့နေချုပ်အဖြစ် တာဝန်ထမ်းဆောင်သော ဒေါက်တာမောင်မောင်(သမ္မတဟောင်း)က ဒေါက်တာအေးမောင်အား “ဘတ်ဂျက်ဥပဒေကို လွှတ်တော်ကျော်ပြီး သမ္မတအမိန့်နဲ့ ဘာလို့ပြဋ္ဌာန်းခဲ့သလဲ”ဟု မေးမြန်းရာ ဒေါက်တာအေးမောင်က “ဤကိစ္စ သူအကြံပေးတာ မဟုတ်ကြောင်း၊ သူသည်

စာမျက်နှာ ၇ သို့

◆ *ကျောဖုံးမှ*

ဇယား (၅)ပါ အပိုဒ်၊ အပိုဒ်ခွဲများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း ကျော်သည့်အတွက် အသစ်ဖြည့်စွက်ချက်များအတိုင်း လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

( ၎င်း အတည်ပြုဆုံးဖြတ်ခဲ့မှု အခြေအနေအား ဇူလိုင် ၁၀ ရက်ထုတ် သတင်းစာများတွင် ဇယားဖြင့် ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။)

အစည်းအဝေးတွင် လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုက အရေးကြီး အဆိုအဖြစ် **နိုင်ငံ့ဝန်ထမ်းများ၏ သက်တမ်းကို ယခုကျင့်သုံးနေသော အသက်(၆၀)နှစ်ပြည့်သည့်နေ့ရက်တွင် အငြိမ်းစားယူသည့် စနစ်ဖြင့်သာ ဆက်လက်ထားရှိရေး ပြည်ထောင်စုလွှတ်တော်နှင့်ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းသည်။

အဆိုရှင်က အဆိုတင်သွင်းစဉ် နိုင်ငံ့ဝန်ထမ်းများအတွက် အသုံးစရိတ်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ တိုက်ရိုက်ကျခံသည့်စနစ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ကြိုးပမ်း ဆောင်ရွက်နေချိန်တွင် ဝန်ထမ်းများ၏ အရေအတွက် တိုးမြှင့်ခြင်း၊ လျှော့ချခြင်းကို နိုင်ငံ၏ စီးပွားရေးအခြေအနေအရ အလေးထားဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း။



ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လျှို့ဝှက်ဆန္ဒမဲများ ရေတွက်နေမှုကို တွေ့ရစဉ်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၀ တွင် “ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်နေ့ရက်သည် ယင်းဝန်ထမ်း အသက်(၆၀)ပြည့်သည့် နေ့ရက်ဖြစ်သည်”ဟုလည်းကောင်း၊ နည်းဥပဒေ ၂၃၃ (က)တွင် “တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှတစ်ပါး အသက်(၆၀)နှစ်ပြည့်သော အခါ သတ်မှတ်ချက်များနှင့်အညီ သက်ပြည့်ပင်စင်ခံစားခွင့် ရှိသည်”ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများ အသက်သတ်မှတ်ချက်ကို (၆၀)နှစ် ပြည့်သည်အထိသာ ပြည်သူများက လိုလားနေသည့်အတွက် ယခုသတ်မှတ်ချက်အတိုင်းသာ ထားရှိသင့်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်သက်ကို တိုးမြှင့်သတ်မှတ်မည် ဆိုပါက နိုင်ငံတော်၏ လူဦးရေ၊ လူဦးရေတိုးနှုန်း၊ နိုင်ငံသားများ၏သက်တမ်း၊ အလုပ်လုပ်နိုင်သည့် လူဦးရေ၊ စာတတ်မြောက်မှုနှုန်း၊ အငြိမ်းစားယူခွင့်ပြုသည့်နှစ်၊ နိုင်ငံ၏အလုပ်လက်မဲ့ အခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးအခြေအနေ၊ ဂျီဒီပီနှင့် ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ စသည်တို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း။

အာဆီယံ(၁၀) နိုင်ငံတွင် မြန်မာနိုင်ငံအပါအဝင် (၈)နိုင်ငံ၌ အသက်(၆၀)နှစ် အသီးသီး သတ်မှတ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏ ပျမ်းမျှသက်တမ်းသည် (၆၆)နှစ်၊ အမျိုးသား (၆၄)နှစ်၊ အမျိုးသမီး (၆၈)နှစ်ဖြစ်သည်ကို တွေ့ရှိရသည့်အတွက် နိုင်ငံ့ဝန်ထမ်းသက်တမ်းသည် (၆၀)နှစ်သာ ဖြစ်သင့်ပါကြောင်း စသည်ဖြင့် တင်သွင်းဆွေးနွေးခဲ့သည်။

ယင်း အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း သိရသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

တရားရေးဝန်ကြီးဖြစ်ပြီး နိုင်ငံရေးနှင့်ပတ်သက်၍သာ တာဝန်ရှိကြောင်း၊ ထိုစဉ်က ရှေ့နေချုပ်တာဝန် ထမ်းဆောင်သူ ဒေါက်တာဘဟန်ထံ အကြံဉာဏ်တောင်းခံရာ ၎င်းက လုပ်နိုင်သည်ဟု ပြောသည့်အတွက် ထုတ်ပြန်ကြေညာခဲ့ကြောင်း” ပြောသည်ဟု သိရှိခဲ့ရသည်။ ဤဖြစ်ရပ်များသည် ယခု ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန် ဆုံးဖြတ်ထားသည့်ကိစ္စနှင့် ထပ်တူထပ်မျှ တူညီမှုမရှိသော်လည်း မြန်မာ့နိုင်ငံရေး သမိုင်းကြောင်းတွင် အခြေခံဥပဒေရေးရာ မှားယွင်းမှု တစ်ရပ်ကို သင်ခန်းစာရယူသင့်သည့်အတွက် ဖော်ထုတ်တင်ပြရခြင်းဖြစ်သည်။ ဤသို့သော အမှားအယွင်းကို သင်ခန်းစာရယူကာ နှစ်စဉ်အရ အသုံးငွေစာရင်း ဥပဒေကို သမ္မတ၏ တစ်ချက်လွှတ်အမိန့်ဖြင့် ပြဋ္ဌာန်းခြင်းမျိုးမှ ရှောင်ရှားနိုင်ရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထောင့်စေ့အောင် ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာသိရှိနိုင်သည်။

ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းရန် ရည်ရွယ်သော ပုဒ်မ ၅၅-က သည် ပေါ်ပေါက်လာမည့် ပြည်ထောင်စုအစိုးရအသစ်အတွက် သက်တမ်းကုန်ဆုံးတော့မည့် ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်သက်တမ်းအသစ်အတွက် တရားဝင် မဖွဲ့စည်းရသေးသော အစိုးရအဖွဲ့နှင့်ညှိနှိုင်း၍ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်ပြစေလိုခြင်းကို ခြုံငုံသုံးသပ်ရလျှင်-

(၁) အခြေခံဥပဒေနှင့် မညီညွတ်ကြောင်း သုံးသပ်ရရှိနိုင်သည်။

(၂) အသစ်တက်လာမည့် အစိုးရအဖွဲ့ လုပ်ဆောင်ရမည့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို သက်တမ်းကုန်ဆုံးတော့မည့် လက်ရှိအစိုးရက ဝင်ရောက်စွက်ဖက်ရာရောက်သည်။

(၃) တက်လာမည့် အစိုးရအဖွဲ့အသစ်အနေဖြင့် ဥပဒေနှင့်အညီ တရားဝင်ဖြစ်နိုင်ရန် သမ္မတ၊ ဒုတိယသမ္မတများအား လွှတ်တော်က ရွေးချယ်ပြီးနောက် လွှတ်တော်ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးမှသာ တရားဝင် ဖြစ်ပါမည်။ ဤကာလတွင် လက်ရှိ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရတို့သည် သက်တမ်းကုန်ဆုံးနေပြီဖြစ်သည်။

(၄) ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေသည် နိုင်ငံတော်နှင့်လည်းကောင်း၊ အများပြည်သူနှင့်လည်းကောင်း သက်ဆိုင်သည့် ဥပဒေဖြစ်သည်။ ယင်းဥပဒေကို သက်တမ်းကုန်ဆုံးတော့မည့် အစိုးရအဖွဲ့က အသစ်ဖွဲ့စည်းမည့် အစိုးရအဖွဲ့၏ သဘောထားရယူပြီး ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းရမည်ဆိုပါက၊ သက်တမ်းကုန်ဆုံးတော့မည့် ပြည်ထောင်စုအစိုးရအဖွဲ့သည် မိမိတွင် တရားဝင် အခွင့်အာဏာမရှိသည်ကို ဆောင်ရွက်ရာ ရောက်ပါမည်။ အလားတူ အသစ်ဖွဲ့စည်းမည့်အစိုးရအဖွဲ့မှာလည်း တရားဝင်သည့် အနေအထား မရောက်ရှိသေးသဖြင့် ယင်းအဖွဲ့အနေဖြင့် တရားဝင် သဘောထားပေးပိုင်ခွင့်ရှိမည်မဟုတ်ပါ။ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စု အစိုးရအဖွဲ့အသစ်မှ ပြည်ထောင်စု လွှတ်တော်အသစ်သို့ တင်သွင်းခြင်းဖြင့်သာ လွှတ်တော်ကိုယ်စားလှယ်အသစ်များက ဆွေးနွေးခွင့်ရရှိစေမည်ဖြစ်သည်။

(၅) ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လည်းကောင်း သက်တမ်းကုန်ဆုံးတော့မည့် လွှတ်တော်နှင့် အစိုးရအဖွဲ့တို့သည် သက်တမ်းအသစ်အတွက် ဖွဲ့စည်းမည့် အစိုးရအဖွဲ့အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ကြိုတင်ပြဋ္ဌာန်းပေးရန် ပြဋ္ဌာန်းချက်များ ထည့်သွင်းထားခြင်း မရှိပါ။ ဤသို့ ထည့်သွင်းမထားခြင်းသည် အသစ်ဖွဲ့စည်းသော အစိုးရအဖွဲ့၏ အခွင့်အာဏာကို သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အစိုးရအဖွဲ့က ရယူသုံးစွဲခြင်း မပြုနိုင်ရန်ဖြစ်သည်။ အခြားနိုင်ငံများတွင်လည်း ဤပြဋ္ဌာန်းချက်မျိုး ထည့်သွင်းထားခြင်း မရှိပါ။

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၁၀၂ ၏ နောက်တွင် ပုဒ်မ ၁၀၂-က၊ ၁၀၂-ခ နှင့် ၁၀၂-ဂ တို့ ဖြည့်စွက်ရန် ဖော်ပြထားရာ ယင်းတို့သည် အမှန်တကယ် လိုအပ်သည့်ကိစ္စများ မဟုတ်သည်ကို ရှင်းပြလိုသည်။ အခြေခံဥပဒေပုဒ်မ ၆၀ အရ သမ္မတ၊ ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူတို့အတွက်လည်းကောင်း၊ အခြေခံဥပဒေ ပုဒ်မ ၂၃၂ (ပြည်ထောင်စုဝန်ကြီး)၊ ၂၃၈ (ပြည်ထောင်စုရှေ့နေချုပ်)၊ ၂၄၂ (ပြည်ထောင်စုစာရင်းစစ်ချုပ်)၊ ၂၉၉ (ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ်တရားသူကြီးများ)၊ ၃၂၇ (နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)၊ ၃၉၈ (ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)များတွင် တာဝန်ပေးခံထားသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအတွက် ကတိသစ္စာ မပြုရသေးမီကာလအတွင်း ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများအတွက် ရုံးခန်းနှင့် ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများနှင့် လုံခြုံရေးကိစ္စများကို ပြည်ထောင်စုအစိုးရက စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်မည်မဟုတ်ပါ။ ထိုပုဂ္ဂိုလ်များသည် ကတိသစ္စာ မပြုရသေးမီ ယင်းတို့နှင့်သက်ဆိုင်သည့် ရာထူးများနှင့် စပ်လျဉ်း၍ တရားဝင် စီစဉ်ဆောင်ရွက်ပိုင်ခွင့်လည်း မရှိသေးပါ။ ထိုပုဂ္ဂိုလ်များအား တာဝန်ပေးသော အချိန်ကာလနှင့် ကတိသစ္စာပြုသော အချိန်ကာလသည် ရက်ပိုင်းမျှသာ ကွာခြားမည်ဖြစ်သည်။ မလိုအပ်သောကိစ္စအတွက် နိုင်ငံ့ဘဏ္ဍာအား သုံးစွဲလျှင်မသင့်လျော်မည်ကို ဆင်ခြင်သင့်ပေသည်။

မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တာဝန်ပေးခံရသော နိုင်ငံတော်အဆင့်ပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ ရာထူးတာဝန်များတွင် စတင်မထမ်းဆောင်မီကာလအတွက် အစိုးရက မည်သည့်အခွင့်အရေးကိုမျှ ခံစားခွင့် ပြဋ္ဌာန်းပေးခြင်း မရှိခဲ့ပါ။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျင့်သုံးရာတွင် လွှတ်တော်က ရွေးချယ်တာဝန်ပေးသော ဗဟိုအာဏာပိုင် အဖွဲ့အစည်းဝင်များသည် ယင်းတို့အား လွှတ်တော်က ရွေးချယ်တာဝန်ပေးပြီးနောက် သက်ဆိုင်ရာ ရာထူးများတွင် တာဝန်ထမ်းဆောင်ကြသော အချိန်ရောက်မှ ယင်းတို့အတွက် ရရှိရန်သတ်မှတ်ထားသော ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များကို ခံစားခွင့်ရကြသည်။ ယခုကိစ္စသည် တရားဝင် ရာထူးတာဝန် မထမ်းဆောင်ရသေးသော (ရက်ပိုင်း) ကာလအတွက် အစိုးရက ဆောင်ရွက်ပေးရန်ဟုဆိုရာ လိုအပ်သော ကိစ္စမဟုတ်သည့်အပြင် ဆောင်ရွက်ပေးခွင့်လည်း မရှိကြောင်း သိသာပါသည်။

ပုဒ်မ ၁၀၂(ဂ)ပါ ပြဋ္ဌာန်းမည့်ကိစ္စ (Handing Over Records) ကိစ္စနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့သည် (Collective Body) ဖြစ်သည်။ အသစ်ဝင်ရောက်လာမည့် အစိုးရအဖွဲ့သည်လည်း (Collective Body) ဖြစ်ပါသည်။ သမ္မတ၊ ဒုတိယသမ္မတများနှင့် ဝန်ကြီးများ အားလုံးပေါင်းထားသော အဖွဲ့အစည်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ဖြစ်သည်။ လက်တွေ့ တာဝန်ထမ်းဆောင်ရာတွင် ပြည်ထောင်စုဝန်ကြီးများသည် မိမိတာဝန်ယူရသော ဝန်ကြီးဌာနအလိုက်ဌာန၏ လုပ်ငန်းတာဝန်များကို သမ္မတ၊ ဒုတိယသမ္မတများ၏ လမ်းညွှန်ကြီးကြပ်မှု၊ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်တို့ဖြင့် ဆောင်ရွက်သည့် သဘောဖြစ်သည်။ ဤအခြေအနေတွင် အစိုးရအဖွဲ့ဟောင်းနှင့် အစိုးရအဖွဲ့အသစ်တို့ တာဝန်လွှဲပြောင်းရန်ကိစ္စသည် လက်တွေ့ကျ-မကျ ဆင်ခြင်သုံးသပ်သင့်သည်။

အချုပ်အားဖြင့် ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ လက်ကိုင်ထားရသည့် အချက်များ The Legislation Consistent with Principles of Natural Justice ကို တင်ပြလိုသည်။ ယင်းတို့မှာ (၁) Right to be Heard- ပြည်သူများ၏အခွင့်အရေးကို ထည့်သွင်းစဉ်းစားရပါမည်။ (၂) Absence of Bias-ဘက်လိုက်မှု ကင်းဝေးရပါမည်။ (၃) Procedural Fairness -ဆောင်ရွက်သော လုပ်ငန်းစဉ်များသည် တရားမျှတမှု ရှိရမည်ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအား ပြင်ဆင်လိုသည့်အချက်များသည် ပြည်သူတို့ ရသင့်ရထိုက်သည့် အခွင့်အရေးနှင့်တိုက်ရိုက် သက်ဆိုင်နေသည်။ ယင်းဥပဒေကြမ်းကို ပြည်သူအများ သိရှိနိုင်ရန် မည်သို့သော နည်းလမ်းအသုံးပြု၍ ဆောင်ရွက်ခဲ့သည်ကိုလည်း စဉ်းစားသင့်ပါသည်။ အများပြည်သူတို့ထံမှ အကြံပြုချက်များ တောင်းခံခြင်း ရှိ-မရှိနှင့် ရရှိပါက မည်ကဲ့သို့ ထည့်သွင်းစဉ်းစားသည်ကိုလည်း သိသင့်သိအပ်ပေသည်။

ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့နှင့် စပ်လျဉ်း၍ နိုင်ငံသားတိုင်း ညီတူညီမျှ အခွင့်အရေးရရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက အညီအမျှ ပေးအပ်ပြီးဖြစ်သည်။ “ပြည်သူတို့မျှော်လင့်ချက်-လွှတ်တော်က ဖော်ဆောင်ရွက်”ဟူ၍ ခံယူထားသော ဥပဒေပြုလွှတ်တော်အနေဖြင့် ပြည်သူများ၏ အကျိုးကို ဖော်ဆောင်နိုင်မည့် ဥပဒေများ ပြဋ္ဌာန်းပေးရန် အထူးလိုအပ်သကဲ့သို့ အခြေခံဥပဒေက ပေးထားသည့် အခွင့်အရေးကို ပိတ်ပင်သည့် ဥပဒေပြဋ္ဌာန်းမှုကိုလည်း ရှောင်ရှားသင့်ပေသည်။ ဥပဒေပြုမှုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပြည်သူများ၏ သဘောဆန္ဒများကို အလေးအနက်ထား ထည့်သွင်းစဉ်းစားရန်လည်း မမေ့သင့်ပေ။

ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် ဥပဒေပြဋ္ဌာန်းနေကြသူများဖြစ်၍ အများပြည်သူအကျိုးရှိစေခြင်းငှာ ဘက်ပေါင်းစုံ၊ ရှုထောင့်စုံမှ ရှုမြင်အကောင်အထည်ဖော်သင့်ပေသည်။ လက်ရှိ ရောက်ရှိနေသော ပစ္စက္ခအချိန်ကာလတိုတိုကလေးကိုသာ မကြည့်ဘဲ နောင်သားစဉ်မြေးဆက် တရားမျှတခြင်းနှင့် ညီမျှခြင်းတို့ကို အရှည်မျှော်တွေး၍ ရှိပြီးဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းနှင့် ခေတ်စနစ်နှင့် မလျော်ညီသော ဥပဒေများကို ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်သင့်ပါသည်။ သို့မှသာ ပြည်သူ့အတွက် လွှတ်တော်ဖြစ်ပေမည်။

အထူးသဖြင့် နိုင်ငံသားတစ်ဦး တစ်ယောက်ကိုဖြစ်စေ၊ နိုင်ငံသားအချို့ကိုဖြစ်စေ အခြေခံဥပဒေက ပေးအပ်ထားသော အခွင့်အရေးများကို ပိတ်ပင်တားဆီးရာ ရောက်ရှိစေမည့် ပြင်ဆင်ချက်များ၊ ပြဋ္ဌာန်းချက်များဖြစ်နေလျှင် ယင်းသည် ပြည်သူ့အတွက် ဥပဒေပြုခြင်း ဟုတ်-မဟုတ် ဆင်ခြင်သင့်လှပေသည်။ ဥပဒေပြုရာတွင် လက်ကိုင်ထားရမည့် အချက် ၃ ချက်နှင့် ညီညွတ်စွာ ပြဋ္ဌာန်းထားသော ဥပဒေများသည်သာ သားစဉ်မြေးဆက် တည်တံ့ခိုင်မြဲမည်ဟူသော ယုံကြည်ချက်နှင့်အတူ အကြံပြုလိုက်ရပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းအတည်ပြုနိုင်ရန် လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှုအခြေအနေ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၁ | **ပုဒ်မ ၆၂**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် မည်သည့်လွှတ်တော်ကိုယ်စားလှယ်မျှ မဖြစ်စေရ။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၄<br>ရာခိုင်နှုန်း - ၆၀ ဒသမ ၆၆<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၆၃**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် နိုင်ငံ့ဝန်ထမ်းအဖြစ်မှလည်းကောင်း နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ နုတ်ထွက်ပြီး သို့မဟုတ် အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>**ထောက်ခံမဲ - ၃၈၆**<br>**ရာခိုင်နှုန်း - ၆၀ ဒသမ ၉၈**<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၆၄**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်နေ့မှစ၍ မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂ | **ပုဒ်မ ၁၁၅ (င)**<br>**(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင် မပါ)** | **ပုဒ်မ ၁၁၅ (င)**<br>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(င) **ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၂၆<br>ရာခိုင်နှုန်း - ၆၇ ဒသမ ၃၀<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၃ | **ပုဒ်မ ၁၄၇ (င)**<br>**(တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင် မပါ)** | **ပုဒ်မ ၁၄၇ (င)**<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇၊ ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-<br>(င) **အမျိုးသားလွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီများကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၂၆<br>ရာခိုင်နှုန်း - ၆၇ ဒသမ ၃၀<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၄ | **ပုဒ်မ ၂၃၂ ( ခ) (၁)**<br>**လွှတ်တော်ကိုယ်စားလှယ်များထဲက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ** ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | **ပုဒ်မ၂၃၂ (ခ) (၁)**<br>**ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များထဲမှ** ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၃<br>ရာခိုင်နှုန်း - ၆၅ ဒသမ ၂၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၃၂ (ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် **ပုဂ္ဂိုလ်များ**၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှရရှိသည့် **တပ်မတော်သားများ**၏ အမည်စာရင်းတို့ကို စုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**လျက်** သဘောတူညီချက် ရယူရမည်။ | **ပုဒ်မ ၂၃၂ (ဂ)**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် **လွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံမှ ရရှိသည့် **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းတို့ကိုစုစည်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း**၍** သဘောတူညီချက် ရယူရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၉<br>ရာခိုင်နှုန်း - ၆၄ ဒသမ ၆၁<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၃၂ (ဈ)**<br>ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေး ခြင်းခံရသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၆<br>ရာခိုင်နှုန်း - ၆၀ ဒသမ ၉၈<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၃၂ (ည) (၁)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စု ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။<br>**ပုဒ်မ ၂၃၂ (ည) (၂)**<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ | **ပုဒ်မ ၂၃၂ (ည)**<br>**ပုဒ်မခွဲ(ည)၏ ပုဒ်မခွဲငယ်(၁)ကို ပယ်ဖျက်၍ပုဒ်မခွဲငယ်(၂)ကို ပုဒ်မခွဲ(ည) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။**<br>ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများအတွက် ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်ထားခြင်းခံရသော တပ်မတော်သားများသည် တပ်မတော်မှ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန်မလို။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၅<br>ရာခိုင်နှုန်း - ၆၀ ဒသမ ၈၂<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၃၂ ( ဋ)**<br>ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၆<br>ရာခိုင်နှုန်း - ၆၀ ဒသမ ၉၈<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၅ | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် **လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ တပ်မတော်သားသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဈ)၊ (ည) နှင့် (ဋ) ပါ ပြဋ္ဌာန်းချက်များနှင့်လည်း သက်ဆိုင်စေရမည်။** | **ပုဒ်မ ၂၃၄ (စ)**<br>ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသူသည် **နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ တပ်မတော်သားဖြစ်ပါက ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (ည) ပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင် စေရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၀<br>ရာခိုင်နှုန်း - ၆၃ ဒသမ ၁၉<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၆ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်**များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့်ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။ | **ပုဒ်မ ၂၄၉**<br>ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဥပဒေပြုနိုင်သော အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်**များသို့ သက်ရောက်ပျံ့နှံ့သည်။ ထို့ပြင် ပြည်ထောင်စု ဥပဒေတစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပျံ့နှံ့သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၄<br>ရာခိုင်နှုန်း - ၆၅ ဒသမ ၄၀<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၇ | **ပုဒ်မ ၂၆၁ (ခ)**<br>**နိုင်ငံတော်သမ္မတသည်** သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် **ခန့်အပ်တာဝန်ပေးရန်-**<br>(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသောသင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်ရမည်။<br>(၂) **ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ ပေးပို့လျက် သဘောတူညီချက် ရယူရမည်။** | **ပုဒ်မ ၂၆၁ (ခ)**<br>**သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည်** သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် **ရွေးချယ် တာဝန်ပေးအပ်နိုင်ရန်-**<br>(၁) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များထဲမှ သတ်မှတ်ထားသည့် အရည်အချင်း များနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား **ဆန္ဒမဲဖြင့်** ရွေးချယ်ရမည်။<br>(၂) **ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို နိုင်ငံတော် သမ္မတထံပေးပို့ရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၁ (ဂ)**<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်**၏ သဘောတူညီချက်ရရှိပြီးသည့်** လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ | **ပုဒ်မ ၂၆၁ (ဂ)**<br>နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် **က ဆန္ဒမဲဖြင့် ရွေးချယ်ထားသည့်** လွှတ်တော်ကိုယ်စားလှယ်အား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၁ (ဃ)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတက အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ်အား** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် **မရှိစေရ၊** | **ပုဒ်မ ၂၆၁ (ဃ)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ အရည်အချင်းများနှင့် ပြည့်စုံမှုမရှိကြောင်း ခိုင်လုံသည့်အချက် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ထားသော ပုဂ္ဂိုလ်အား** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် **ရှိစေရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၁ (င)**<br>**နိုင်ငံတော်သမ္မတသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့် ရှိသည်။** | **ပုဒ်မ ၂၆၁ (င)**<br>**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် အမည်စာရင်းသစ်ကို နိုင်ငံတော်သမ္မတထံ ထပ်မံတင်သွင်းခွင့်ရှိသည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| ၈ | **ပုဒ်မ ၂၆၂ (က) (၁)**<br>သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ**ထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ** ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | **ပုဒ် ၂၆၂ (က) (၁)**<br>သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ**ထဲမှ** ပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်**များ**တွင် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသော သင့်လျော်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်ရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၂ (က) (၂)**<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် **တပ်မတော်သားများ**၏ အမည်စာရင်းကို တောင်းခံရမည်။ | **ပုဒ် ၂၆၂ (က) (၂)**<br>လုံခြုံရေးရာနှင့် နယ်စပ်ရေးရာ တာဝန်ပေးအပ်နိုင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းကို တောင်းခံရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၉ | **ပုဒ်မ ၂၆၂ (ခ)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် **တပ်မတော်သားများ**၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၂၆၂ (ခ)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် မိမိရွေးချယ်ထားသည့် ပုဂ္ဂိုလ်များနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ထံမှ ရရှိသည့် **တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ**၏ အမည်စာရင်းကို စုစည်းပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၂ (ည)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာတာဝန်များမှအပ အခြားတာဝန်များအတွက် **တပ်မတော်သားများ** အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်း တောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | **ပုဒ်မ ၂၆၂ (ည)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာ တာဝန်များမှအပ အခြားတာဝန်များအတွက် **တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ**အား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုလျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ အမည်စာရင်းတောင်းခံ၍ ယင်းအမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူလျက် နိုင်ငံတော်သမ္မတထံ တင်ပြရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၀ | **ပုဒ်မ ၂၆၄ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက် လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။ | **ပုဒ်မ ၂၆၄ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးတစ်ဦးဦးသည် ရာထူးသက်တမ်း မကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့ နုတ်ထွက်လိုကြောင်း **သက်ဆိုင်ရာလွှတ်တော်မှတစ်ဆင့်** နိုင်ငံတော်သမ္မတထံ စာဖြင့် တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၆၄ (ခ) (၁)**<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအားရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။ | **ပုဒ်မ ၂၆၄ (ခ) (၁)**<br>လုပ်ငန်းတာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးအား ရာထူးမှ နုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှ ရပ်စဲရမည်။ **ခိုင်လုံသော အထောက်အထား အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ ညွှန်ကြားချက်ကို ငြင်းပယ်ခွင့် မရှိစေရ။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၈<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၀၃<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၁ | ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း။ | ပြည်ထောင်စု တရားသူကြီးချုပ် **သို့မဟုတ် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်များ**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ခြင်း | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၂ | **ပုဒ်မ ၂၉၉ (ခ)**<br>ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ် အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။ | **ပုဒ်မ ၂၉၉ (ခ)**<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ **ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် နှစ်ဦး**အပါအဝင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများဦးရေ အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၂၉၉ (ဂ)**<br>(၁) နိုင်ငံတော်သမ္မတ**သည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်၏ အမည်စာရင်းကို** ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း **သဘောတူညီချက်ရယူရမည်။** | **ပုဒ်မ ၂၉၉ (ဂ)**<br>(၁) နိုင်ငံတော်သမ္မတ၊ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ကဒုတိယ ပြည်ထောင်စု တရားသူကြီးတစ်ဦးစီရွေးချယ်ထားသည့် အမည်စာရင်းကို** ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း **ရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **(၂) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စု လွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်း တင်သွင်းသူကို ငြင်းပယ်ခွင့် မရှိစေရ။** | **(၂) ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များသည် ပြည်ထောင်စု တရားသူကြီးချုပ် အတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံခြင်း ရှိမရှိကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စု လွှတ်တော်တွင် ပါဝင်သော လွှတ်တော်နှစ်ရပ်၏ ဒုတိယ အကြီးအမှူးများ ပါဝင်သည့် အဖွဲ့က စိစစ်ရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **(၃) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘော တူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။** | **(၃) ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး ပါဝင်သော ပြည်ထောင်စု တရားသူကြီးချုပ် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ပြည်ထောင်စု တရားသူကြီးချုပ်လောင်းများဖြစ်သည့် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သုံးဦးအနက် မိမိတို့ ကြိုက်နှစ်သက်သည့် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် တစ်ဦးကို ပြည်ထောင်စု တရားသူကြီးချုပ်အဖြစ်ဆန္ဒမဲပေးရွေးချယ် တင်မြှောက်ရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **(၄) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်အား ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်ရမည်။** | **(၄) ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ် နှစ်ဦးတို့ ညှိနှိုင်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အမည်စာရင်းကို ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | **(၅) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများနှင့် ပြည့်စုံမှု မရှိကြောင်း ခိုင်လုံသည့်အချက် အထင်အရှား ပေါ်ပေါက်ပါကပြည်ထောင်စု လွှတ်တော်သည် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်ရန် အမည်စာရင်း တင်သွင်းခံရသူများကို ငြင်းပယ်နိုင်ခွင့် ရှိစေရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | **(၆) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စု တရားသူကြီးချုပ်များသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စု လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့် ရှိသည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | **(၇) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ရွေးချယ် တင်မြှောက်ခဲ့သည့် ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ်များနှင့် ပြည်ထောင်စု လွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်များကို ပြည်ထောင်စု တရား လွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |

စာမျက်နှာ ၁၀ သို့

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | **ပုဒ်မ ၂၉၉ (ဃ)**<br>(၁) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု တရားသူကြီးချုပ်နှင့်ညှိနှိုင်း၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်သင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း သဘောတူညီချက် ရယူရမည်။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (၂) ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၏ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းသူများကို ငြင်းပယ်ခွင့် မရှိစေရ၊ | | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (၃) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံ တင်သွင်းခွင့်ရှိသည်။ | | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (၄) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိသည့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်ရမည်။ | | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၃ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်၊ | **ပုဒ်မ ၃၀၀ (က)**<br>ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | **ပုဒ်မ ၃၀၀ (ခ)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများသည် နိုင်ငံ့ဝန်ထမ်း ဖြစ်လျှင် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၄ | **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ** | **ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းများ** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၅ | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်- | **ပုဒ်မ ၃၀၁**<br>ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်- | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၃၀၁ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။ | **ပုဒ်မ ၃၀၁ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယူဆသူ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၆ | **ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း** | **ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်း** | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၇ | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်- | **ပုဒ်မ ၃၀၂ (က)**<br>နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်- | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၃၀၂ (က) (၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း၊ | **ပုဒ်မ ၃၀၂ (က) (၄)**<br>ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်း ပျက်ယွင်းခြင်း၊ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၈ | **ပုဒ်မ ၃၀၂ (ခ) (၈)**<br>ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။ | **ပုဒ်မ ၃၀၂ (ခ) (၈)**<br>ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံနှစ်ပုံက စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း ဆုံးဖြတ်လျှင် ပြည်ထောင်စုလွှတ်တော်နာယကသည် ထိုဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြအစီရင်ခံရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၃၀၂ (ခ) (၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ခ) (၉)**<br>ယင်းသို့ တင်ပြအစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်း ခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စုတရား လွှတ်တော်ချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးကို ရာထူးမှ ရပ်စဲရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ရာထူးတွင် ဆက်လက်ထမ်းရွက်စေရန် မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။ | **ပုဒ်မ ၃၀၂ (ဂ) (၂)**<br>ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရား လွှတ်တော်ချုပ်တရားသူကြီး တစ်ဦးဦး အပေါ် စွပ်စွဲပြစ်တင်မှုသည် မှန်ကန်၍ စွပ်စွဲခံရသူသည် ပြည်ထောင်စုတရား သူကြီးချုပ် သို့မဟုတ် ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးရာထူးတွင် ဆက်လက်ထမ်းရွက်စေရန်မသင့်ကြောင်း စုံစမ်းစစ်ဆေးသည့် လွှတ်တော်က ဆုံးဖြတ်တင်ပြလျှင် နိုင်ငံတော်သမ္မတသည် စွပ်စွဲပြစ်တင်ခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးအား ရာထူးမှ ရပ်စဲရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၁၉ | **ပုဒ်မ ၃၀၃**<br>ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါအကြောင်း တစ်ရပ်ရပ်မပေါ်ပေါက်လျှင် အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၀၃ (က)**<br>ပြည်ထောင်စု တရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-<br>(၁) မိမိသဘောဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |

စာမျက်နှာ ၁၁ သို့

*စာမျက်နှာ ၁၀ မှ*

| စဉ် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ချက် |
|---|---|---|---|
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၃၀၃ (ခ)**<br>အပိုဒ်ခွဲ(က) အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသည့်အခါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်များ ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆက်လက်ထမ်းဆောင်ရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၃၀၃ (ဂ)**<br>ပုဒ်မ ၃၀၃၊ ပုဒ်မခွဲ(က)ပါအကြောင်း တစ်ရပ်ရပ်အရ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့်ရာထူးနေရာတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးအသစ်အား ဖြည့်စွက်ခန့်အပ် တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ် တာဝန်ပေးခြင်းခံရသည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအသစ်၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည်အထိ ဖြစ်စေရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၈၇<br>ရာခိုင်နှုန်း - ၆၁ ဒသမ ၁၄<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၀ | **ပုဒ်မ ၃၁၂**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် အောက်ပါအကြောင်း တစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၆၅ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်-<br>(က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊<br>( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>( ဂ ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့်တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(ဃ) ကွယ်လွန်ခြင်း။ | **ပုဒ်မ ၃၁၂ (က)**<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၏ ရာထူးသက်တမ်းသည် အောက်ဖော်ပြပါ အကြောင်း တစ်ရပ်ရပ် မပေါ်ပေါက်လျှင် ငါးနှစ်ဖြစ်သည်-<br>(၁) မိမိသဘောအလျောက် ရာထူးမှ နုတ်ထွက်ခြင်း၊<br>(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှ ရပ်စဲခံရခြင်း၊<br>(၃) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ် ချို့ယွင်းသွားခြင်းကြောင့်တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊<br>(၄) ကွယ်လွန်ခြင်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၃<br>ရာခိုင်နှုန်း - ၆၃ ဒသမ ၆၇<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | **ပုဒ်မ ၃၁၂ (ခ)**<br>ပုဒ်မခွဲ (က)အရ ရာထူးသက်တမ်း ငါးနှစ်ကုန်ဆုံးသွားသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးအသစ်များကို ခန့်အပ်တာဝန်ပေးပြီးသည့် အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၃<br>ရာခိုင်နှုန်း - ၆၃ ဒသမ ၆၇<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | | **ပုဒ်မ ၃၁၂ (ဂ)**<br>ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)ပါ အကြောင်း တစ်ရပ်ရပ်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ရာထူးလစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ လစ်လပ်သည့် ရာထူးနေရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီး အသစ်များအား ဖြည့်စွက်ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ဖြည့်စွက်ခန့်အပ်တာဝန်ပေးခြင်းခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီး အသစ်များ၏ ရာထူးသက်တမ်းသည် လစ်လပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်တရားသူကြီးများ၏ ကျန်ရှိသည့် ရာထူးသက်တမ်း ကုန်ဆုံးသည် အထိသာ ဖြစ်စေရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၃<br>ရာခိုင်နှုန်း - ၆၃ ဒသမ ၆၇<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၁ | **ပုဒ်မ ၃၂၁**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး စုစုပေါင်းကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက်ရယူရမည်။ | **ပုဒ်မ ၃၂၁**<br>နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်သုံးဦး၊ စုစုပေါင်းရွေးချယ်ထားသည့် အဖွဲ့ဝင်ကိုးဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ညှိနှိုင်းရွေးချယ်ထားသည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက်ရယူရမည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၉<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၁၉<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၂ | **ပုဒ်မ ၃၂၄**<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။ | **ပုဒ်မ ၃၂၄**<br>(က) ပုဒ်မ ၃၂၃ အရ ချမှတ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၉<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၁၉<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| | (တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင်မပါ) | (ခ) အများပြည်သူနှင့် သက်ဆိုင်သော အရေးကြီးသည့် အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်သဖြင့် ပုဒ်မ ၃၂၄ (က) အရ ချမှတ်သော ဆုံးဖြတ်ချက်မှအပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ပြန်လည်စိစစ်ဆုံးဖြတ်ပေးရန် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တင်ပြလာလျှင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသည် ပြန်လည်စိစစ် ဆုံးဖြတ်ပေးနိုင်သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၁၉<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၁၉<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၃ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူ။ | **ပုဒ်မ ၃၃၃ (ဃ) (၄)**<br>ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယူဆသူ။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၉<br>ရာခိုင်နှုန်း - ၆၄ ဒသမ ၆၁<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၄ | **ပုဒ်မ ၃၉၆ (ခ)**<br>သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၃၄၆<br>ရာခိုင်နှုန်း - ၅၄ ဒသမ ၆၆<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၅ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်ထောင်စုဝန်ကြီးခန့်ထားခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။ | **ပုဒ်မ ၃၉၈ (က)**<br>နိုင်ငံတော်သမ္မတသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းရမည်။ ယင်းသို့ဖွဲ့စည်းရာတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်အနည်းဆုံး ခြောက်ဦးကို ခန့်အပ်တာဝန်ပေးနိုင်သည်။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၂၀<br>ရာခိုင်နှုန်း - ၆၆ ဒသမ ၃၅<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၆ | **ပုဒ်မ ၃၉၉**<br>(က) လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း။ | **ပုဒ်မ ၃၉၉**<br>(က) ဥပဒေနှင့်အညီ လွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခြင်း။ | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၉<br>ရာခိုင်နှုန်း - ၆၄ ဒသမ ၆၁<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |
| ၂၇ | **ပုဒ်မ ၄၀၂ (ဂ)**<br>နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သောကိစ္စရပ်များ။ | (ပယ်ဖျက်) | ရှိရင်း - ၆၃၃<br>ပျက်ကွက် - ၂၈<br>တက်ရောက် - ၆၀၅<br>ထောက်ခံမဲ - ၄၀၉<br>ရာခိုင်နှုန်း - ၆၄ ဒသမ ၆၁<br>(မူလအတိုင်းထားရှိရန် အတည်ပြု) |

# ကျောင်းဆောင်ပျက်စီးနေမှုကြောင့် ပေါက်တောမြို့နယ် အထက(ခွဲ) မြင့်ဂါ၌ စာသင်ကြားရေးအခက်အခဲကြုံ

**ပေါက်တော ဇူလိုင် ၈**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်းရှိ အထက(ခွဲ) မြင့်ဂါ၌ ကျောင်းဆောင်အခက်အခဲကြောင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားရေးအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အထက(ခွဲ) မြင့်ဂါ၌ နှစ်ထပ်ကျောင်းဆောင်ဟောင်း တစ်ခုနှင့် တစ်ထပ်ကျောင်းဆောင်သစ်တစ်ခုရှိသည်။ ကျောင်းဆောင်ဟောင်းသည် ၁၉၈၄ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး အလျား ပေ ၁၅၀၊ အနံ ၂၂ ပေရှိသည်။ အောက်ထပ်ကို သစ်သားနှင့် အုတ်ညှပ်ဆောက်လုပ်ထားပြီး အပေါ်ထပ်ကို ပျဉ်ခင်းပျဉ်ကာဆောက်လုပ်ထားသည်။ သက်တမ်း ၃၁ နှစ်ကျော်ပြီဖြစ်၍ အခင်းပျဉ်များနှင့် အကာပျဉ်များဆွေးမြည့်ကာ အန္တရာယ်ရှိကြောင်း သိရသည်။ ၂၀၁၄ ခုနှစ်က ရခိုင်ပြည်နယ် ပညာရေးစစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ် မှတ်ချက်ပြု မှတ်တမ်းတင်သွားကြောင်း သိရသည်။

ကျောင်းဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ရှိပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ အမိုး၊ အကာ၊ အခင်းများပျက်စီးနေသဖြင့် စာသင်ကြားရေးအခက်အခဲဖြစ်နေကြောင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများက ပြောကြားသည်။

"ကျွန်တော်တို့ကျောင်းက မိုးယိုပါတယ်။ အကာတွေ၊ ပြတင်းပေါက်တွေ ပျက်စီးနေလို့ မိုးတွေလေတွေဝင်ပါတယ်။ မိုးလုံတဲ့နေရာတွေကို ရွေးပြီး အခန်းဖွဲ့ထားလို့ အခန်းတွေကကျဉ်းပါတယ်။ စာသင်ရတာ တစ်ဦးနဲ့တစ်ဦး ကပ်ပြီးထိုင်ရပါတယ်။ ကျပ်ကျပ်တည်းတည်းဖြစ်နေပါတယ်"ဟု ဒသမတန်း ကျောင်းသားတစ်ဦးက ပြောပြသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ကျေးရွာမှ မိဘများ၏ လှူဒါန်းငွေများဖြင့် အတတ်နိုင်ဆုံး လုံခြုံမှုရှိအောင် ပြုပြင်ထားရကြောင်း သိရသည်။

မြင့်ဂါသစ်ကျေးရွာမှ ကျောင်းသားမိဘ ဦးဝေတင်အောင်က "စာသင်ကြားရေးလုံခြုံဖို့အတွက် ကျွန်တော်တို့မိဘတွေက စုပေါင်းအလှူငွေတွေ လှူပြီးတော့ ပလတ်စတစ်တွေဝယ်ပြီး ကာထားပါတယ်။ ဒါပေမယ့် မိုးလေပြင်းထန်လာရင်တော့ အခက်အခဲရှိပါတယ်" ဟုပြောသည်။

"အပေါ်ထပ်က စာသင်လို့မရပါဘူး။ အခြေအနေတော်တော်ဆိုးပါတယ်။ မိုးယိုပါတယ်။ လေပြင်းတိုက်ရင် လှုပ်ပါတယ်။ ဒါကြောင့် ကျောင်းဆောင်ဟောင်းက အောက်ထပ်နဲ့ ကျောင်းဆောင်သစ်မှာပဲ ကျပ်ကျပ်တည်းတည်းနဲ့ အခန်းဖွဲ့ပြီးသင်နေရပါတယ်။ ဒီနှစ်အောင်ချက်တက်လာတော့ ကျောင်းသားကျောင်းသူတွေ ပိုများလာပါတယ်"ဟု အထက်တန်းပြဆရာ ဦးမောင်ထွန်းအေးက ပြောပြသည်။



မြင့်ဂါကျေးရွာသည် ဖရုံကာကျွန်းသုံးကျွန်းအနက် အလယ်ဖရုံကာကျွန်း၏ ကျွန်းဦး၌တည်ရှိပြီး ပေါက်တောမြို့နှင့် စစ်တွေမြို့ကြားတွင် ရှိသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ယခင်လမ်းဟောင်းကို ပြန်လည်ပြုပြင် တည်ဆောက်နေသော မြင့်ဂါ-ဖဒူကားလမ်း၏ လမ်းဦးအစဖြစ်သည်။ ၎င်းလမ်းပြီးစီးသွားပါက ၎င်းဒေသသည် များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

မြင့်ဂါအထက(ခွဲ)ကျောင်းသည် ၁၉၇၈-၁၉၇၉ ပညာသင်နှစ်တွင် တွဲဖက်အလကအဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၁-၁၉၈၂ ပညာသင်နှစ်တွင် အလကအဖြစ်လည်းကောင်း၊ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အထက(ခွဲ) အဖြစ် တိုးမြှင့်ရန် နှစ်စဉ်လျှောက်ထားသော်လည်း ၂၀၁၅ တွင် အထကအဖြစ် တိုးမြှင့်ခွင့်ပြုသောစာရင်းတွင် မပါလာသေးကြောင်း သိရသည်။

နှစ်စဉ်အောင်ချက်မြင့်မားလာပြီး ၂၀၁၅ တက္ကသိုလ်ဝင်စာမေးပွဲတွင် ၉၄ ဦး ဝင်ရောက်ဖြေဆိုကာ ၂၇ ဦး အောင်မြင်၍ အောင်ချက် ၂၈ ဒသမ ၇၂ ရာခိုင်နှုန်းရှိသည်။ ပေါက်တောမြို့နယ်သည် အောင်ချက်တတိယရသော ကျောင်းတစ်ကျောင်းဖြစ်သည်။ အောင်ချက်မြင့်မားလာ၍ ပတ်ဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများ ယခုနှစ်တွင် များစွာ သင်ကြားလျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၀၀ခန့်ရှိပြီး အထက်တန်းအဆင့် ၂၂၈ ဦးရှိကာ တန်းခွဲများခွဲ၍ သင်ကြားပေးနေရသည်။

မြင့်ဂါကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနလည်း ရှိသည်။ ဝန်ထမ်းများခန့်ထားပေးသော်လည်း ယနေ့အထိ ကျန်းမာရေးဌာန၏ ပင်မဆောင်နှင့် ဝန်ထမ်းများ အဆောင်များမရှိကြောင်း သိရသည်။ ယင်းကျန်းမာရေးဌာနကိုလည်း အဆောင်ဆောက်လုပ်ပေးပါက ဒေသခံများအတွက် များစွာအကျိုးရှိမည်ဖြစ်သည်။ သို့ဖြစ်၍ ကျန်းမာရေးနှင့် ပညာရေးအတွက် အဆင့်တိုးမြှင့်ပေးပါက ဒေသတစ်ခုလုံးအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-လေးဝတီထွန်းစောခိုင်၊ ဓာတ်ပုံ-ဖရုံကာသား**

နိုင်ငံတကာသတင်း

# အာဖဂန်အစိုးရအဖွဲ့နှင့် တာလီဘန်တို့ ပါကစ္စတန်၌တွေ့ဆုံ



**ကဘူးလ် ဇူလိုင် ၈**

အာဖဂန်သမ္မတကိုယ်စားလှယ်အဖွဲ့နှင့် တာလီဘန်ကိုယ်စားလှယ်များ ပါကစ္စတန်မြို့တော်၌ တွေ့ဆုံခဲ့ကြရာ အစိုးရနှင့်သူပုန်များကြား ပထမဆုံးအကြိမ် တရားဝင်တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။ ၁၃ နှစ်ကျော်ကြာ ဖြစ်ပွားခဲ့သောစစ်ပွဲကို အဆုံးသတ်ရန်ရည်ရွယ်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆီသို့ အစမ်းသဘော ခြေလှမ်းစလိုက်ခြင်းပင်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အာဖဂန်မြို့တော်၌ ခရီးသွားယာဉ်တန်းနှင့်ထောက်လှမ်းရေးအဖွဲ့တို့ကို တာလီဘန်အသေခံဗုံးခွဲသမားတို့ တိုက်ခိုက်ခဲ့သည်ဟု သံသယရှိခဲ့ပြီးနောက် အင်္ဂါနေ့က ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။ အာဖဂန်သမ္မတမှ အင်္ဂါနေ့အစောပိုင်းတွင် ဆွေးနွေးပွဲပြုလုပ်ရန် စတင်ကမ်းလှမ်းခဲ့သည်။

ပါကစ္စတန်နိုင်ငံမှ အစည်းအဝေးကို လက်ခံကျင်းပခဲ့ပြီး အာဖဂန်ဦးဆောင်သော ငြိမ်းချမ်းရေးနှင့်ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်ကို ကူညီဖြည့်ဆည်းပေးရန် ကတိထားရှိကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ခါလီလူလာက ပြောသည်။

ဆွေးနွေးပွဲမှာ အရေးပေါ်ကျင်းပရခြင်းဖြစ်ပြီး အောင်မြင်မှုရလဒ်ကို မျှော်လင့်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်(ဖ်)က ပြောသည်။

ဝန်ကြီးချုပ်အနေနှင့် နော်ဝေနိုင်ငံကို အလည်အပတ်ခရီးရောက်ခဲ့စဉ်က အဆိုပါအားထုတ်မှုသည် ခက်ခဲနိုင်ကြောင်း၊ အာဖဂန်၏ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းစဉ်ကို လွဲချော်မှုမရှိစေရန် သေချာစေချင်ကြောင်း သတိပေးပြောကြားခဲ့သည်။

အိမ်ဖြူတော် ပြောခွင့်ရပုဂ္ဂိုလ် ဂျိုး(စ်)အားနက်ကမူ အမေရိကန်အနေဖြင့် ဆွေးနွေးပွဲကို လက်ခံကြိုဆိုကြောင်း၊ ယုံကြည်နိုင်လောက်သော ငြိမ်းချမ်းရေးအလားအလာများဆီသို့ အရေးကြီးခြေတစ်လှမ်းအဖြစ် သတ်မှတ်ကြောင်း ပြောခဲ့သည်။ **(ရိုက်တာ)**

# ယီမင်အကြမ်းဖက်စစ်ပွဲများအတွင်း အရပ်သားသေဆုံးမှု ၁၅၀၀ ကျော်ရှိလာ

**ဂျီနီဗာ ဇူလိုင် ၈**

အရပ်သား ၁၅၀၀ ကျော် သေဆုံးခဲ့ရသည့် ယီမင်နိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေမှာ ဆိုးရွားနေကြောင်း၊ လွန်ခဲ့သည့်သုံးလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၃၆၀၀ ဒဏ်ရာရခဲ့ပြီး တစ်သန်းခန့်မှာလည်း စစ်ဘေးမှထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း၊ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကုလသမဂ္ဂ၌ အင်္ဂါနေ့တွင် ပြောကြားသည်။

လွန်ခဲ့သောသီတင်းပတ်များက အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးမှုမှာ ဆက်လက်မြင့်တက်နေကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခံနေကြရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သောရက်များအတွင်း ဗလီများနှင့် ဆုတောင်းပွဲအခမ်းအနားများကို ပစ်မှတ်ထားကာ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုများ ပြုလုပ်လာသည်ဟု ဆိုသည်။

မကြာသေးမီက အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်တက်လာ၍ ကုန်းကြောင်း၊ လေကြောင်းနှင့် ရေကြောင်းတို့မှ အစားအစာများ တင်သွင်းမှုအပေါ် ကန့်သတ်ချက်များ လျှော့ချပေးလိုက်ကြောင်း လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ လွယ်ကူစွာဝင်ရောက်နိုင်ရန် လျှော့ချပေးလိုက်ကြောင်း တာဝန်ရှိသူများက ပြောသည်။ **(ဆင်ဟွာ)**

# လာမည့်နှစ်နှစ်အတွင်း ကန်တပ်ဖွဲ့ဝင် ၄၀၀၀၀ လျှော့ချမည်ဟုဆို

**ဝါရှင်တန် ဇူလိုင် ၈**

အမေရိကန်တပ်ဖွဲ့က လာမည့် နှစ်နှစ်ကျော်အတွင်း ပြည်တွင်းနှင့် ပြည်ပစစ်အခြေစိုက်စခန်းနှစ်ခုစလုံးမှ တပ်ဖွဲ့ဝင် ၄၀၀၀၀ လျှော့ချသွား ရန် စီစဉ်နေကြောင်း အမေရိကန် နေ့စဉ်သတင်းစာ ယူအက်စ်အေတူဒေးက ဖော်ပြသည်။

အဆိုပါအစီအစဉ်အရ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် လက်ရှိတာဝန်ထမ်းဆောင်နေသော အရေအတွက် ၄၉၀၀၀၀ မှ ၄၅၀၀၀၀ သို့ လျှော့ချသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် အရပ်ဘက်ဝန်ထမ်း ၁၇၀၀၀ ကိုလည်း လျှော့ချဖွယ်ရှိကြောင်း၊ အသေးစိတ်အစီအစဉ်ကို ယခုသီတင်းပတ်အတွင်း ကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါသတင်းစာက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်သည် ၂၀၁၈ ခုနှစ် စက်တင် ဘာ ၃၀ ရက်တွင် ၄၅၀၀၀၀ အထိသာရှိနိုင်ကြောင်း ပင်တဂွန်က ၂၀၁၆ ခုနှစ် ဘတ်ဂျက်ထုတ်ပြန်ရာတွင် ပြောကြားပြီး အထက်ပါလျှော့ချမည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင် အင်အားလျှော့ချခြင်းမှာ စစ်အသုံးစရိတ်ကိုပါ လျှော့ချရန်အတွက် ဆောင်ရွက်ခြင်းဖြစ်သည်ဟုဆိုသည်။ အောက်တိုဘာလ ဘတ်ဂျက်စတင်ချိန်တွင် တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံ လျှော့ချနိုင်ကြောင်း အဆိုပါသတင်းစာက ရေးသားသည်။

သို့ရာတွင် လွှတ်တော်အမတ်များ၏ တိုက်တွန်းမှုကြောင့် မြေပြင်တပ်များလျှော့ချကာ ဝေဟင်မှ လေကြောင်း တိုက်ခိုက်မှုများတိုးမြှင့် ပြုလုပ်ခဲ့သည်။

**(ဆင်ဟွာ)**

# လှိုင်သာယာအမှတ်(၁၅/၁၉)ရပ်ကွက်နှင့် ရွှေလင်ပန်း မြေတိုင်း(၂၈)ရှိ ကျူးကျော်ခြံဝင်းများကို ရှင်းလင်းဖယ်ရှား



**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းချောင်းနံဘေး အမှတ်(၁၅)ရပ်ကွက်၊ (၁၉)ရပ်ကွက်နှင့် မြေတိုင်း(၂၈)တို့တွင်ရှိသည့် ကျူးကျော်ခြံဝင်းများ၊ အိမ်၊ တဲနှင့် ဂိုဒေါင်တို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။

အမှတ်(၁၉)ရပ်ကွက်၏ ရွှေလင်ပန်းချောင်းနံဘေးမှ ကျူးကျော်အိမ်နှင့် တဲ၊ ဂိုဒေါင်တို့မှာ ယခင်က ရှင်းလင်းဖယ်ရှားထားပြီးဖြစ်၍ ထပ်မံဆောက်လုပ်ခြင်း၊ ကျောက်တိုင်နှင့် သံဆန်ခါများ စိုက်ထူထားခြင်းတို့ကြောင့် ဒုတိယအကြိမ် ရှင်းလင်းဖယ်ရှားရခြင်းဖြစ်ကြောင်း၊ အမှတ်(၁၅)ရပ်ကွက်၊ ရွှေလင်ပန်းချောင်းနံဘေးရှိ စည်ပင်သာယာက တရားစွဲထားသော လူနေတဲ ၄၈ လုံး မပါရှိဘဲ အနီးရှိ မြေတိုင်း(၂၈)အတွင်း ကျောက်တိုင်များ စိုက်ထူထားကာ သံဆန်ခါခတ်ထားသော နေရာတို့ကို ရှင်းလင်းဖယ်ရှားခြင်းဖြစ်ကြောင်း၊ ကျောက်တိုင်(၇၁၀) (အချို့အကွက်များ သံဆန်ခါပါရှိ)၊ အိမ်နှစ်လုံး၊ ဂိုဒေါင်တစ်လုံး၊ တဲငါးလုံးကို ဖယ်ရှားခဲ့ကြောင်း၊ ယင်းသို့ မဖယ်ရှားမီ လုံခြုံရေး ဆောင်ရွက်နေသော ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးနှစ်ဦးတို့ တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

(၁၅)ရပ်ကွက်နှင့် (၁၉)ရပ်ကွက်ကို ကျန်စစ်သားလမ်းမကြီးက ပိုင်းခြားထားရာ ပူးပေါင်းလမ်းနှင့် ဝန်ထမ်းကြီးရပ်ကွက်လမ်းဆုံ၌ နံနက် ၅ နာရီ ၁၀ မိနစ်တွင် လုံခြုံရေးယူရန် ရောက်ရှိလာသော ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးရုံးမှ တာဝန်ရှိသူများ ရောက်ရှိလာစဉ် အသင့်စောင့်နေသော လူတစ်စုက လေးခွဖြင့်ပစ်ခတ်ရာ ယာဉ်အချို့ထိမှန်ပြီး အပြင်ပဒုံကျေးရွာအုပ်စု ကျွန်းကြီးကျေးရွာနေ ဆယ်အိမ်မှူး ဦးကံအေး(၅၅နှစ်)၏ခေါင်းတွင် ဒဏ်ရာရရှိခဲ့၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောဌာနတွင် တက်ရောက်ကုသနေရပြီး အမှတ် (၁၁)ရပ်ကွက်နေ ရာအိမ်မှူး ဦးတင်စိုး (၅၆ နှစ်)၏ ညာခါးနှင့် ကျောပြင်တွင် ဖူးရောင်ဒဏ်ရာရရှိကာ မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသနေရကြောင်း သိရသည်။

ကျူးကျော်တဲနှင့် ခြံဝင်းများ ရှင်းလင်းဖယ်ရှားမှုကို နံနက် ၅ နာရီ ၄၅ မိနစ်တွင် စတင်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးထက်လွင်၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်လွင်နှင့် တပ်ဖွဲ့ဝင် ၁၈၀၊ အမှတ်(၉)ရဲတပ်ဖွဲ့ခွဲမှ ဒုတိယ ရဲမှူးကြီး မျိုးမင်းလတ်နှင့် တပ်ဖွဲ့ဝင် ၁၇၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးမှ ရဲမှူးအောင်ဗစိန်နှင့် တပ်ဖွဲ့ဝင် ၅၀၊ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းမြင့်ဦးနှင့် တပ်ဖွဲ့ဝင် ၅၀၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးညီညီနှင့် စည်ပင်ဝန်ထမ်း ၄၆၀၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ကိုကိုနှင့် ဝန်ထမ်း၁၂၀၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်နှင့် ဝန်ထမ်း ၁၀ ဦး၊ မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦး၊ လှိုင်သာယာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းနှင့် ဝန်ထမ်း ၃၀၀၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင် ၁၀၀ တို့ ပူးပေါင်း၍ ရှင်းလင်းခဲ့ရာ ထိုသို့ ရှင်းလင်းဆောင်ရွက်နေချိန်၌ ကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သော်လည်း အခြေ အနေအားလုံးကို တည်ငြိမ်အေးချမ်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ရှင်းလင်းဖယ်ရှားပြီးသော နေရာများတွင် သစ်သားတိုင်၊ သံစူးကြိုးများဖြင့် ခြံစည်းရိုးခတ်၍ နံနက် ၁၀ နာရီတွင် ရှင်းလင်းဆောင်ရွက်မှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

ရွှေလင်ပန်းချောင်း နံဘေးရှိ အမှတ်(၁၉)ရပ်ကွက် နေရာမှ ၁၂ ဒသမ ၁၄ ဧက မြေနေရာသည် စည်ပင်ပိုင်ဖြစ်ပြီး အလုပ်သမားဆေးရုံ ဆောက်လုပ်ရန် လူမှုဖူလုံရေးသို့ လွှဲပြောင်းထားပြီး ဖြစ်သောကြောင့် ကျူးကျော်ဝန်းခတ်ထားသော ကျောက်တိုင်နှင့် သံဆန်ခါများ၊ ဆောက်လုပ်ထားသော အိမ်နှစ်လုံး၊ တဲ၊ ဂိုဒေါင်တို့ကို ရှင်းလင်းခဲ့ခြင်းဖြစ်ပါကြောင်း။

အမှတ်(၁၅)ရပ်ကွက် မြေတိုင်း (၂၈)နေရာသည် ဝန်ထမ်းကြီး မြေကွက်နေရာဖြစ်ပြီး မြေကွက်အချို့သည် ချပေးထားပြီးဖြစ်၍ ကျန်သော မြေလွတ်နေရာများတွင် စီးပွားရေးသမားအချို့က မြေကွက်ရိုက်ကာ ကျောက်တိုင်နှင့် သံဆန်ခါဝန်းခတ်ထားမှုကြောင့် ရှင်းလင်းဖယ်ရှားခြင်းဖြစ်ကြောင်း လှိုင်သာယာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းက ပြောကြားသည်။

**သန်းထိုက်(လှိုင်သာယာ)**

**7Stars(ရာထူးဝင်သင်တန်းကြီး)**
**လ/ထ ဆရာဝန်**
ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအတွက်
လစ်လပ်ရာထူးနေရာ – ( ၄၉၈ )နေရာ
တိုက်(18 / 3B)၊ သပြေညိုကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းခွဲ (လှိုင်) မရှိပါ။
09.421052736, 09.49282366, 09.799860155

## အသက်(၁၀၀)ပြည့်မွေးနေ့ဆုတောင်း
## ဒေါ်စံသာ(စစ်တွေမြို့)

စစ်တွေမြို့၊ ကျောင်းတက်လမ်း၊ ဦးချင်းရှီ-ဒေါ်နှင်းဖြူတို့၏ သမီးထွေး၊ (ဦးဘအောင်၊ ထောင်ပိုင်-ငြိမ်း)၏ဇနီးစ မိခင်ကြီး/အဘောင်ရှင်၏ အသက်(၁၀၀)ပြည့်မွေးနေ့မှစ၍ ယခုကဲ့သို့ ကျန်းမာပြီး အသိမြဲကာ နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဆက်လက်ကျင့်ကြံနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းခြွေအပ်ပါသည်။

**ချစ်သားသမီးများ-**
- **သား - ဦးခင်မောင်မိသားစု**
- **သား - ဦးကျော်ဝင်းမိသားစု**
- **သား - (ဦးကျော်မြင့်)-ဒေါ်နီနီခိုင်မိသားစု**
- **သမီး- ဦးမြင့်အောင်-ဒေါ်သန်းသန်းအောင်(မချော)မိသားစု**

**ချစ်မြေးများ**
- **ဦးအာကာကျော်ဝင်း-ဒေါ်သဲအေးအောင်**
- **ဦးနေဇာကျော်ဝင်း-ဒေါက်တာဒေါ်အိအိသစ်**
- **ဦးခင်မောင်သန်း-ဒေါ်မူယာကျော်ဝင်း**
- **ဦးအောင်ပြည့်ဖြိုးဝင်း-ဒေါ်မဋ္ဌူကျော်**
- **ဦးဟိန်းနိုင်ဦး-ဒေါ်ဝင့်ဖြူကျော်**
- **မမေသင်းသင်းအောင်**
- **အေးမြမြအောင်**

**ချစ်မြစ်များ-**
- **ထက်အာကာခင်**
- **ဟိန်းသစ်နေ၊ စန္ဒီသစ်နေ**
- **kippy**
- **ပြည့်ဘုန်းထက်ကျော်**

## စာအုပ်စာပေ လူ့မိတ်ဆွေ

### ပျောက်ဆုံးကြောင်း

Norwegian People's Aid ၏ ID 180354/28-1-2014 နှင့် သက်ဆိုင်သော မော်တော်ယာဉ်(၂)စီး၏ ကညနရုံးတွင် မှတ်ပုံတင်ရန်လိုအပ်သည့် စာရွက်စာတမ်းများနှင့် ဓာတ်ပုံများပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၄၀၆၉၄၊ ၀၁-၅၄၅၉၁၂**

**အမှားပြင်ဆင် ဖတ်ရှုပါရန်**

၇-၇-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၄၏ အများသိစေရန်ကြေညာခြင်း ကြော်ငြာစာပါ ဒေါ်နှင်းနှင်းသိန်း၏ မှတ်ပုံတင် ၁၂/တမန(နိုင်)၀၄၁၀၇၄အစား ၁၂/ဗဟန(နိုင်)၀၄၁၀၇၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## လူရည်ချွန်များသို့ ဖိတ်ကြားလွှာ

လူရည်ချွန် ၁၉၆၄-၈၈ အဖွဲ့နှင့် မျိုးဆက်သစ်လူရည်ချွန်အဖွဲ့ တွေ့ဆုံပွဲနှင့် လူရည်ချွန် စကားဝိုင်းအမှတ်(၅)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၁၉၆၄-၈၈ ခုနှစ်အတွင်း လူရည်ချွန်နှင့် သချ်ာလူရည်ချွန်ဆုရရှိခဲ့ကြသူများအားလုံးနှင့် ၂၀၁၃-၁၄-၁၅ ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ထားကြသူ မျိုးဆက်သစ်လူရည်ချွန် (ဘက်စုံပညာထူးချွန်လူငယ်)များ အားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**လူရည်ချွန်(၁၉၆၄-၈၈)အဖွဲ့**

**ကျင်းပမည့်ရက်** - ၁၁-၇-၂၀၁၅ ရက် (စနေနေ့)
**ကျင်းပမည့်နေရာ** - M3 Food Centre ရွှေဂုံတိုင်လမ်း၊ ဗဟန်းအားကစားကွင်းအတွင်း တော်လှန်ရေးပန်းခြံရှေ့၊ ရန်ကုန်မြို့။
**ဟောပြောမည့်အကြောင်းအရာနှင့် ခေါင်းစဉ်** - အသိဉာဏ်ပစ္စည်းမှုပိုင်ခွင့် လူတိုင်းအလေးထားရမည့်အရေးကိစ္စ Intellectual Property Rights Everybody's Concern
**ဟောပြောမည့်သူများ** - (၁) ဒေါ်တင်ရီဝင်း ညွှန်မှူး ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့်
(၂) ဦးသန်းမောင် Baker and MC Kenzie Firm

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၃၂၁၀၆၁၁၊ ၀၉-၂၅၄၁၉၇၄၃၉ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။






## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်၊ (ကျိုင်းတုံ)အတွက် ဖော်ပြပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Laptop (Acer/Dell) (Memory 4GB, HDD 500GB,Processor Intel Core i7) | ၉ လုံး |
| (ခ) | UPS (Power Tree, 650VA) | ၉ လုံး |

၂။ တင်ဒါပုံစံများကို ၁၀-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၅၂၅၁၅၅၁ နှင့် ၀၉-၃၆၁၆၉၁၆၉ တို့တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(ကျိုင်းတုံ)**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၉-၇-၂၀၁၅ ရက်မှ ၁၄-၇-၂၀၁၅ ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၇-၂၀၁၅ ရက် ၁၃း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေ အနေအားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၅၄၄၃၁၄၊၀၁-၅၄၄၃၁၅၊ ၀၁-၅၄၄၃၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)**
**အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

# နိုင်ငံ့သားကောင်းများပေါ်ထွန်းလာရေး ခေတ်စနစ်နှင့်အညီ ပြည်သူ့နီတိသင်ကြားပေး

ပြည်ထောင်စုမြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် အချိန်နှင့်တစ်ပြိုင်နက်တည်း အောက်ဖော်ပြပါ ဆောင်ပုဒ်သုံးပုဒ်ပေါ်ထွန်းလာသည်ကို အထူးသတိပြုမှတ်သားမိပါသည်။

(၁) အမှောင်ခွင်း၍ အလင်းဆောင်အံ့
(၂) လူသစ်တည်၍ ပြည်သစ်ဆောက်အံ့
(၃) ပညာရေးဖြင့် ဘဝသစ်ဖန်တီးအံ့

"အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဟူသော ဆောင်ပုဒ်နှင့်အညီ ၁၉၄၈ ခုနှစ် ဧပြီလမှစ၍ မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းနှင့် စာပေဗိမာန်တို့သည် လူထုပညာပေးစာအုပ်စာစဉ် ဂျာနယ်များကိုသာမက ကျောင်းများအတွက်လိုအပ်နေသော ကျောင်းသုံးစာအုပ်များ၊ ပြည်သူ့နီတိကျောင်းသုံးစာအုပ်တို့ကို ပုံနှိပ်ဖြန့်ချိဆောင်ရွက်ကြောင်း တွေ့ရသည်။

"လူသစ်တည်၍ ပြည်သစ်ဆောက်အံ့"ဟူသော ဆောင်ပုဒ်နှင့်အညီ ၁၉၄၈ ခုနှစ် လူထုပညာရေးအက်ဥပဒေအရ၊ ၁၉၄၉ ခုနှစ် မတ်လမှစ၍ "လူထုအတွင်း"(နယ်စပ်ဒေသများအပါအဝင်)လူထုပညာပေး၊ လူထုပညာရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူ့နီတိသဘောပါရှိသော လူထုပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း တွေ့ရသည်။

"ပညာရေးဖြင့် ဘဝသစ်ဖန်တီးအံ့"ဟူသောဆောင်ပုဒ်နှင့်အညီ ၁၉၅၂ ခုနှစ် ဩဂုတ်လ ပြည်တော်သာညီလာခံမှပြဋ္ဌာန်းလိုက်သည့် ဘဝသစ်ဖန်တီးမှုပညာရေးစီမံကိန်းပါ အဓိကပညာရေးရည်မှန်းချက်ကြီးများဖြစ်သည့် ဗလငါးတန်နှင့်ပြည့်စုံသော ပြည်ထောင်စုသားများ ပေါ်များလာစေရန်နှင့် ပြည်ထောင်စုအတွင်း ဒီမိုကရေစီဝါဒကြီးတည်တံ့ခိုင်မြဲစေရန် ရည်သန်၍ အထွေထွေပညာရေးသင်ရိုးသစ်နှင့် ကျောင်းစာအုပ်များ ပြုစုပုံနှိပ်ဖြန့်ချိအသုံးပြုမှုတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း တွေ့ရသည်။ ပြည်သူ့နီတိဟူ၍ သတ်သတ်မှတ်မှတ် သင်ကြားလေ့ကျင့်ပျိုးထောင်မှုလည်းရှိခဲ့သည်။

အထက်ဖော်ပြပါ အပုဒ်(၂)(၃)(၄)တို့အရ ဆောင်ရွက်ရာ၌ အထူးသဖြင့်ကျောင်းသားလူငယ်များ လူရွယ်လူကြီးများအတွင်း "ပြည်သူ့သားကောင်း (ဝါ)နိုင်ငံ့သားကောင်းဖြစ်မြောက်ရေးအတွက် ပြည်သူပြည်သားကောင်းနိုင်ငံ့သားကောင်းတို့၏ ကျင့်စဉ်ကျင့်ဝတ်များကို ဖော်ပြပါရှိသည့် "ပြည်သူ့နီတိ"ကိုလည်း ပညာပေးပညာရေးလုပ်ငန်းအလိုက် ပြည်သူ့နီတိကျောင်းသုံးစာအုပ်များကို ပြုစုခြင်း၊ပုံနှိပ်ခြင်း၊ ပြဋ္ဌာန်းအသုံးပြုလေ့ကျင့်ပျိုးထောင်ပေးခြင်းတို့ကို သတ်သတ်မှတ်မှတ်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိမှတ်သားရပါသည်။

၁၉၆၂ ခုနှစ် နောက်ပိုင်းကာလ၌ အကြောင်းအားလျော်စွာ ထိုသို့သော ပြည်သူ့နီတိဘာသာရပ်နှင့် ပြည်သူ့နီတိသတ်သတ်မှတ်မှတ် သင်ကြားလေ့ကျင့်မှုများသည် လျော့နည်း မှေးမှိန်ပျောက်ကွယ်လုမတတ်ဖြစ်သွားကြောင်းကိုလည်း တွေ့ရှိမှတ်သားမိပါသည်။

ယခုအခါ ပြည်သူ့နီတိဘာသာရပ်ကို သတ်သတ်မှတ်မှတ်သင်ကြားလေ့ကျင့်ပေးရေးမှာ ပြန်လည်နိုးထလာပါသည်။ ထိုသို့သော အခြေအနေတွင်၊ ပြည်သူ့နီတိသင်ကြားလေ့ကျင့်ရေး၌ ဆရာဆရာမများကို ကျောင်းသားကျောင်းသူများ၊ လူငယ်လူရွယ်များ၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူပြည်သားများ လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍တစ်ခေတ်တစ်ခါက မြန်မာ့ပညာရေးတွင် အားထားဂုဏ်ယူဖွယ်ရာကောင်းသော ပြည်သူ့နီတိစာပေများကို ယခုခေတ်စနစ်နှင့်အညီ ညှိနှိုင်းပြီး နိုင်ငံတကာအဆင့်မီသော ပြည်သူ့နီတိစာပေများ ပြန်လည်ပေါ်ထွန်းထွက်ပေါ်စေရေးအတွက် လည်းကောင်း၊ ပညာသင်ကြားသင်ယူမှုတို့တွင် တစ်ဖက်တစ်လမ်းမှ သင်ထောက်ကူပြုရေးအတွက်လည်းကောင်း အောက်ပါစာအုပ်များကို ပြန်လည်ပုံနှိပ်ဖြန့်ချိလျက်ရှိကြောင်း တွေ့ရှိမှတ်သားသတိပြုမိပါသည်။

(၁) အခြေခံလူ့တာဝန်(ပြုစုသူ-အောင်မြင်ကြီး-ရွှေလရောင်)မူလတန်းပြည်သူ့နီတိ(ကျောင်းသုံး)(၁၉၄၈ ခုနှစ်)၊
(၂) လူမှုရေးရာသင်ကြားမှု(ပြုစုသူ-ဦးခင်သန်း-ရန်ကုန်ခရိုင်ပညာဝန်)မူလတန်းဆရာ-ဆရာမလက်စွဲ(၁၉၅၆ ခုနှစ်)၊
(၃) ပြည်သူ့တာဝန်(ပြုစုသူ-ဦးကျော်မင်း-ဘီအေ-ဘီအီးဒီ)အလယ်တန်းသင်ထောက်ကူ(၁၉၄၈ ခုနှစ်)၊
(၄) အထက်တန်းကျောင်းသုံးပြည်သူ့နီတိ(ပထမပိုင်း)(၁၉၅၄ ခုနှစ်)အဋ္ဌမတန်း(ပြုစုသူ-ဦးဘဖေ-ဘီအေ-ဘီအက်ဒ်)၊
(၅) အထက်တန်းကျောင်းသုံးပြည်သူ့နီတိ(ဒုတိယပိုင်း)( ၁၉၅၄ ခုနှစ်)နဝမတန်း(ပြုစုသူ-ဦးဘဖေ)ဘီအေ-ဘီအက်ဒ်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအမျိုးသားပညာရေးဥပဒေအရ အမျိုးသားပညာရေးမူဝါဒ၊ ရည်မှန်းချက်များနှင့်အညီ ပြုစုပေါ်ထွက်လာသော အခြေခံသင်ရိုးသစ်နှင့် ကျောင်းသုံးစာအုပ်များ အထူးသဖြင့် ပြည်သူ့နီတိကျောင်းသုံးစာအုပ်များ နောက်ထွက်ပေါ်လာသည့်အခါတွင်ဖြစ်စေ၊ ထိုအချိန်အခါမတိုင်မီ အထက်တွင်ပြဆိုထားသည့် စာအုပ်ငါးမျိုးသည် ပြည်သူ့နီတိ သင်ကြားရေးလေ့ကျင့်ပျိုးထောင်ရေးတို့၌ တစ်ဖက်တစ်လမ်းမှမုချဆက်စပ်အကျိုးပြုနေမည်သာ ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ထိုစာအုပ်ငါးမျိုးကို လေ့လာမှတ်သားပြီး ခေတ်စနစ်နှင့်အညီ ညီညွတ်သည်များကို ညီညွတ်သည့်အတိုင်း လိုက်နာကျင့်သုံးသွားရန်သာဖြစ်ပါကြောင်း။ ။

ဒေါက်တာသန်းဦး

> "၁၉၆၂ ခုနှစ် နောက်ပိုင်းကာလ၌ အကြောင်းအားလျော်စွာ ထိုသို့သော ပြည်သူ့နီတိဘာသာရပ်နှင့် ပြည်သူ့နီတိ သတ်သတ်မှတ်မှတ် သင်ကြားလေ့ကျင့်မှုများသည် လျော့နည်း မှေးမှိန်ပျောက်ကွယ်လုမတတ်ဖြစ်သွားကြောင်းကိုလည်း တွေ့ရှိမှတ်သားမိပါသည်။"

# မန္တလေး၌ ရွှေမန်းမောင်မယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှု ဆပ်ကော်မတီကကြီးမှူး၍ ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်နှင့် ကာယကြံ့ခိုင်မှု ရွှေမန်းမယ်ပြိုင်ပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ကာယဗလ ရွှေမန်းမောင်အငယ်တန်းတွင် ပြိုင်ပွဲဝင် ၁၉ ဦးနှင့် အလွတ်တန်းမောင်ပြိုင်ပွဲတွင်ပြိုင်ပွဲဝင် ရှစ်ဦး၊ ရွှေမန်းမယ် ကာယကြံ့ခိုင်မှု အငယ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၄ ဦး၊ အကြီးတန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ကိုးဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

ရှေးဦးစွာ ရွှေမန်းမောင်အငယ်တန်းပြိုင်ပွဲ၊ ရွှေမန်းမယ် ကာယကြံ့ခိုင်မှု အငယ်တန်းပြိုင်ပွဲ၊ ရွှေမန်းမောင် အလွတ်တန်းပြိုင်ပွဲ၊ ရွှေမန်းမယ်အကြီးတန်း ကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့်ဗိုလ်လုပွဲ ပွဲစဉ်များကို သတ်မှတ်ကိုယ်ဟန်တို့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ရွှေမန်းမောင်အငယ်တန်းပြိုင်ပွဲတွင် အာကာဟိန်း (ပုလဲနက် GYM) က အငယ်တန်း မောင်ပထမဆု၊ ခင်မောင်ထွန်း(ဗထူး)က ဒုတိယ၊ ကိုကိုမောင်(ခ)မဲကြီး (Hercules) က တတိယ၊ အကြီးတန်း ရွှေမန်းမောင်ဆုကို စိုင်းချစ်ငွေ(မိုးကုတ်) က ပထမ၊ ညီညီဖြူ(ပုလဲနက် GYM) က ဒုတိယ၊ အာကာဟိန်း (ပုလဲနက် GYM ) က တတိယနှင့် ဆုရရှိသူများကို ဥက္ကဋ္ဌဦးဟန်မြိုင်နှင့် တာဝန်ရှိသူများက စလွယ်ဆု၊ ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ချီးမြှင့်ကြသည်။

ထို့နောက် ရွှေမန်းမယ်ကာယကြံ့ခိုင်မှု အငယ်တန်းဆုကို မဆုမြင့်ဝင်း (Hercules) က ပထမ၊ မစိမ့်သဉ္ဇာမိုး (အောင်မြေသာစံ) က ဒုတိယ၊ မသီရိအောင် (ဗထူးကလပ်) က တတိယနှင့် ဆုရရှိသူတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ရီရီနွဲ့၊ တရားလွှတ်တော်တရားသူကြီးချုပ်၏ဇနီး ဒေါ်ခင်သောင်းစိုးနှင့် တာဝန်ရှိသူများက စလွယ်ဆု ဆုတံဆိပ်နှင့်ငွေသားစု၊ အလှူရှင်များက ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ရွှေမန်းမယ်အကြီးတန်း ကာယကြံ့ခိုင်မှုမယ်ဆုကို မနေခြည်တင့်ဝေ(ဗထူးကလပ်) က ပထမဆု၊ ဒေါက်တာမြတ်မိုးသွယ် (Flora)က ဒုတိယနှင့်တတိယဆုရ မစံထိပ်ထားခင် (Mylife) တို့နှင့် ဆုရရှိသူများကို တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီလှိုင်၊ အတွင်းရေးမှူးနှင့်တာဝန်ရှိသူ များက စလွယ်ဆု ဆုတံဆိပ်၊ ငွေသားဆုများကိုချီးမြှင့်ကာ အလှူရှင်များက ငွေသားဆု၊ ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**






# အမြန်ရေယာဉ်ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းရေး စစ်ဆေး

**တနင်္သာရီ ဇူလိုင် ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနေမှုနှင့် မြစ်ရေစီးသန်နေမှုအနေအထားအရ တနင်္သာရီမြို့မှ မြိတ်မြို့၊ မြိတ်မြို့မှ တနင်္သာရီမြို့သို့ နေ့စဉ် အစုန်/အဆန် ပြေးဆွဲလျက်ရှိသော အမြန်ရေယာဉ်များ၌ လိုက်ပါသွားလာကြသည့် ခရီးသွားပြည်သူများနှင့် နိုင်ငံခြားသားခရီးသည်များ ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြို့နယ်အမြန်ရေယာဉ်စစ်ဆေးရေး ပူးပေါင်းအဖွဲ့က အပတ်စဉ် သို့မဟုတ် အရေးပေါ်ကာလများ၌ စစ်ဆေးလျက်ရှိသည်။

ယင်းမြို့နယ် အမြန်ရေယာဉ်စစ်ဆေးရေး ပူးပေါင်းအဖွဲ့တွင်ပါဝင်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နယ်ထိန်းတာဝန်ခံတပ်ကြပ်ကြီးစောဘမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်(လဝက) ဒုလဝကမှူး ဦးတိုးဝင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ချောင်းကြီးရပ်-ချောင်းငယ်ရပ်ကွက်တို့မှ အုပ်ချုပ်ရေးမှူးများအဖွဲ့က ဇူလိုင် ၅ ရက် နံနက် ၉ နာရီခွဲ၌ နေ့စဉ်မြိတ်မြို့သို့ ထွက်ခွာမည့် ကြံတိုင်းအောင် အမြန်ရေယာဉ်အတွင်း ခရီးသည်ဦးရေနှင့် အရေးပေါ်အသက်ကယ်အင်္ကျီလုံလောက်မှု ရှိ/မရှိ၊ အရေးပေါ် မီးသတ်ဆေးဘူးခိုင်မာမှု ရှိ/မရှိ၊ အရေးပေါ်သက်ကယ် ဖောအနေအထား၊ ဥပဒေနှင့်မကင်းလွတ်သည့် ပစ္စည်းများ တင်ဆောင်မှု ရှိ/မရှိနှင့် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေး၍ အသိပညာပေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နန်းသာရီ-ထိန်ဝင်း**

# မုံရွာမြို့တန်ဖိုးမျှတ နန္ဒဝန်အိမ်ရာတွင် မြေညီထပ်အား စူပါမားကက်ဖွင့်နိုင်ရန် တည်ဆောက်မည်

**မုံရွာ ဇူလိုင် ၈**

မုံရွာမြို့ နန္ဒဝန်ရပ်ကွက်တွင် တည်ဆောက်လျှက်ရှိသော တန်ဖိုးမျှတ နန္ဒဝန်အိမ်ရာလေးလုံးရှိ မြေညီထပ်များအား စူပါမားကက်ဖွင့်နိုင်ရန်ရည်ရွယ်ကာ တည်ဆောက်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးရုံးမှ သိရသည်။



သတင်း-ဓာတ်ပုံ
မြတ်မွန်ထွေး(မြန်မာ့အလင်း)

အဆိုပါ တန်ဖိုးမျှတ နန္ဒဝန်အိမ်ရာများကို တိုင်းဒေသကြီး၊ ပြည်ထောင်စုဘတ်ဂျက် နှစ်ရပ်ပေါင်း ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါ ၁၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပြီး ဆောက်လုပ်မှု ၅၀ ရာခိုင်နှုန်းပြီးစီးပါက တိုက်ခန်းဝယ်ယူခွင့်လျှောက်လွှာများ စတင်ရောင်းချပေးမည်ဖြစ်ကြောင်းလည်း အဆိုပါရုံးမှ သိရသည်။

"လောလောဆယ် တည်ဆောက်မှုကတော့ ၁၅ ရာခိုင်နှုန်းပြီးနေပါပြီ။ ၅၀ ရာခိုင်နှုန်းပြီးရင်တော့ ဝယ်ယူခွင့်လျှောက်လွှာတွေ စရောင်းပေးပါတော့မယ်။ ဆောက်လုပ်နေတဲ့ ကုမ္ပဏီတွေက ၃၀ ရာခိုင်နှုန်းယူပြီး တိုင်းဒေသကြီးက ၇၀ ရာခိုင်နှုန်းအနေနဲ့ ခွဲဝေမှာဖြစ်ပါတယ်။ ဦးစားပေးရောင်းချပေးမှာကတော့ အငြိမ်းစားဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းဝန်ထမ်းများ၊ မသန်စွမ်းဝန်ထမ်းများနဲ့ ကျဆုံးစစ်သည် မိသားစုဝင်များကို အဓိကထားရောင်းချပေးဖို့ လျာထားပါတယ်"ဟု အဆိုပါရုံးမှ ညွှန်ကြားရေးမှူး ဦးရွှေဝင်းက တိုက်ခန်းရောင်းချပေးမည့်အစီအစဉ်ကို ရှင်းပြသည်။

မုံရွာမြို့ရှိ အဆိုပါ တန်ဖိုးမျှတ နန္ဒဝန်အိမ်ရာများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုအောက်တွင် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

တည်ဆောက်မှုမှာ ရှစ်ခန်းတွဲ ငါးထပ် ၁၁ လုံး တည်ဆောက်မည်ဖြစ်သဖြင့် မိသားစု ၄၄၀ အတွက် နေရာချထားပေးနိုင်မည် ဖြစ်သည်။ အလားတူကဲ့သို့ ရှစ်ခန်းတွဲ ငါးထပ်၊ အဆောက်အအုံ ၁၁ လုံးကိုလည်း တန်ဖိုးမျှတ နန္ဒဝန်အိမ်ရာအနီး မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်လျှက်ရှိသဖြင့် အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ အားလုံးပြီးစီးသွားပါက မိသားစု ၈၈၀ တို့အတွက် နေရာထိုင်ခင်းရရှိနိုင်မည် ဖြစ်သည်။ သို့သော် ၎င်းအိမ်ခန်း ၈၈၀ ခန်းမှ ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ လေးလုံး၏ မြေညီထပ်များဖြစ်သည့် အခန်း ၃၂ ခန်းစာ နှစ်ခုဖြစ်သည်။ အိမ်ခန်း ၆၄ ခန်းစာကို အခန်းမဖွဲ့ဘဲ စူပါမားကက်ဖွင့်လှစ်နိုင်ရန် လျာထားကြောင်း သိရသည်။

အိမ်ခန်းရောင်းဈေးမှာ အပေါ်ဆုံးထပ် ၁၂၅ သိန်း၊ တတိယထပ် ၁၄၅ သိန်း၊ ဒုတိယထပ် ၁၆၅ သိန်း၊ ပထမထပ် ၁၈၅ သိန်းနှင့် မြေညီထပ် ၂၀၅ သိန်းတို့ဖြစ်ကြောင်း သိရသည်။

# တောင်သူပညာပေးစံပြစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၈**

စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုသည် ဇူလိုင် ၂ ရက်က သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာနေ တောင်သူ ဒေါ်ဇင်မာကျော်၏ လယ်မြေရှိ ခရိုင်အဆင့် တောင်သူပညာပေးစံပြကွက်၊ သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာ ပုလဲသွယ်စပ်မျိုးစပါး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေသည့် တောင်သူပညာပေးစံပြကွက်၊ ခရမ်းမြို့နယ် အပျိုကြီးတဲစုကျေးရွာရှိ ပုလဲသွယ် GAP ပေါင်ပျိုးခင်း၊ လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာရှိ ပုလဲသွယ် GAP ပေါင်ပျိုးခင်းနှင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် တောင်သူပညာပေး ပုလဲသွယ် GAP ပေါင်ပျိုးခင်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပညာပေးစံပြကွက်များတွင် ကွင်းဝန်ထမ်းများနှင့် တောင်သူများအားတွေ့ဆုံ၍ အထွက်နှုန်းကောင်းမွန်သေချာသည့် ပုလဲသွယ်စပ်မျိုးစပါးကို GAPစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရန်နှင့် ပုလဲသွယ်စပါး ဈေးကွက်အလားအလာ အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးရာသီ၌ ပုလဲသွယ်စပ်မျိုးစပါးဧက ၁၀၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# မိုးဦးနှမ်းပွင့်များကြောင့် ပျားမွေးမြူသူများ အဆင်ပြေ

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ်ကုန်ပိုင်းတွင် မိုးဦးနောက်ကျသော်လည်း နောက်ပိုင်းတွင် မိုးပြိုက်ပြိုက် ရွာသွန်းမှုရှိသောကြောင့် နှမ်းခင်းအများစုမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ မကွေးမြို့ရှောင်လမ်း၊ မကွေး-တောင်တွင်းလမ်းနှင့် မကွေး- နတ်မောက်- ရေနံချောင်း လမ်းဘေးဝဲယာ တစ်လျှောက်ရှိ မိုးနှမ်းခင်းများတစ်ဝိုက် ပျားမွေးမြူသူများ နှစ်စဉ်လာရောက်မွေးမြူလေ့ရှိကြောင်း သိရသည်။

"မိုးက အစကနဦးမှာ ခေါင်တယ်။ မိုးကြိုနှမ်းတွေ ဖြစ်ထွန်းပေမယ့် မိုးရေသိပ်မသောက်ရတော့ အထွက်နှုန်းလျော့မှာကို နှမ်းစိုက်တောင်သူတွေ စိုးရိမ်ကြတယ်။ ဒါပေမယ့် အခုနောက်ပိုင်းတော့ မိုးကျလာတယ်။ ထပ်ပြီးကျရင်တော့ အဖျားအနားက အပွင့်အသီးတွေပါ အောင်သွားမှာပါ။ နှမ်းခင်းတချို့ကတော့ တော်တော်ပွင့်နေပြီ။ ပျားတွေအတွက် အစာရေစာပေါလာလို့ ပျားမွေးမြူသူတွေလည်း ပျားအိမ်ပုံးတွေ လာချထားကြတယ်"ဟု ထုံးပေါက်တောကျေးရွာသားတစ်ဦးက ပြောပြသည်။



ပျားအိမ်ပုံးများသည် နှမ်းခင်းကြီးများ၏ ဘေးဝဲယာ၊ လမ်းမကြီးဘေးတစ်လျှောက် ရာနှင့်ချီ၍ရှိနေပြီး ပျားမွေးမြူရေးသမားများမှာ ယာယီတဲထိုး၍ ပျားပုံးစောင့်နေထိုင်ကြကြောင်း၊ ပျားမွေးရာသီကုန်ကာမှ နေရပ်ပြန်လေ့ရှိကြောင်း၊ မကွေးမြို့နယ်တွင် သီးနှံမျိုးစုံစိုက်ပျိုးသဖြင့် ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများမှာ အဆင်ပြေ တွက်ခြေကိုက်ကြောင်း သိရသည်။ **ဖူးပွင့်နေခြည်(မကွေး)**

## သတင်းတိုများ

### ဂန့်ဂေါခရိုင်တွင် ပညာရေးကဏ္ဍမြှင့်တင်ရေးဆွေးနွေး

ဂန့်ဂေါခရိုင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး (အခြေခံပညာရေးကဏ္ဍ)ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က ဂန့်ဂေါမြို့ အခြေခံပညာအထက်တန်းကျောင်း ပုံညာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး၊ အမျိုးသားပညာရေးဥပဒေနှင့်ဆက်စပ်ဥပဒေများ၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေး ဥပဒေ(မူကြမ်း)တို့နှင့်ပတ်သက်၍ ဆွေးနွေးပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်က ပညာရေးစာတမ်းများအပေါ် သုံးသပ်အကြံပြုချက်များအား ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(၁၀၁)**

### လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် လက်တွန်းထွန်စက်နှင့် စက်ပြင်ဆင်မှုသင်တန်းဖွင့်ပွဲကို ရွှေဘိုမြို့ ရွှေနိုင်ငံခန်းမ၌ ဇူလိုင် ၆ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရွှေဘိုခရိုင်အတွင်း စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လယ်ယာသုံးစက်ကိရိယာများကို အသုံးပြုပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကို တလင်းပျောက်စနစ် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း၊ ယခုအခါ ထွန်စက်ကြီး ၅၅၆ စီး၊ လက်တွန်းထွန်စက် ၁၈၂၉၉ စီး၊ ကောက်ရိတ်စက် ၂၁ စီး၊ စပါးရိတ်စက် ၂၈ စီး၊ စပါးခြွေလှေ့စက် ၅၀၆၁ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၆၆ စီးကို တောင်သူများ ပိုင်ဆိုင်နေပြီဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ဆီစက်လုပ်ငန်းများတိုးတက်ရေး အလုပ်ရုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ဆီစက်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများ ရှင်သန်တိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၂၆ လမ်းပေါ်ရှိ အောင်မြင်ခြင်းဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆီစက်လုပ်ငန်းများ ရှင်သန်တိုးတက်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး စသည့်တိုင်းဒေသကြီးများမှ ဆီစက်ပိုင်ရှင်များက ဆွေးနွေးတင်ပြကြပြီး အသေးစား၊ အလတ်စား SME စာရင်းဝင် ပြည်တွင်းဆီစက်လုပ်ငန်းရှင်များ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် ငွေသဇင်ဆီစက်ပိုင်ရှင် ဦးအောင်ရွှေက ဆွေးနွေးတင်ပြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### နတ်တလင်းမြို့နယ်၌ အမှိုက်သိမ်းယာဉ်လိုအပ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်၌ အမှိုက်သိမ်းယာဉ်လိုအပ်လျက်ရှိကြောင်း သိရသည်။

တာပွန်တွင် စည်ပင်သာယာရေးဈေးရှိပြီး အိမ်ခြေ စုစုပေါင်း ၉၁၀၊ အိမ်ထောင်စု ၁၁၈၅ စုရှိသည်။ မြို့နယ်စည်ပင်သာယာရေးမှ ရေခွန်၊ မီးခွန်၊ ဥပစာခွန်များကို ခြောက်လတစ်ကြိမ် ပေးဆောင်နေရသော်လည်း အမှိုက်သိမ်းယာဉ်မှာလွန်ခဲ့သော ၁၅ နှစ်ခန့်က ချထားပေးသော ထော်လာဂျီဖြစ်ပြီး ယခုအခါဟောင်းနွမ်းပျက်စီးနေပြီး ယာဉ်မောင်းသူမှာလည်း ကျန်းမာရေးအခြေအနေအရ မောင်းနိုင်ခြင်းမရှိဖြစ်နေသည်။ မိုးရာသီဖြစ်နေ၍ အမှိုက်များ သယ်ယူရှင်းလင်းပေးနိုင်မှုမရှိသဖြင့် သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပေါ်စေနိုင်သည့် ခြင်၊ ယင်များပေါများလာသည်။

သို့ပါ၍ ဒေသနေပြည်သူများက အမှိုက်သိမ်းယာဉ်နှင့် ယာဉ်မောင်းတစ်ဦးလိုအပ်နေသည်ကို သက်ဆိုင်ရာက တတ်နိုင်သမျှ အမြန်ဆုံးစီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### သရက်မြို့တွင် ထရန်စဖော်မာများ တိုးချဲ့တပ်ဆင်

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မြစိန်၊ မြို့နယ်အင်ဂျင်နီယာ ဦးမြင့်လွင်ဦးတို့ကကြီးကြပ်၍ ထရန်စဖော်မာများ အသစ်တိုးချဲ့တည်ဆောက်ခဲ့ရာ ဓာတ်အားအပြည့်အဝပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ထရန်စဖော်မာများ အသစ်တိုးချဲ့တည်ဆောက်ရာ မြောက်မင်းတည်ရပ်ကွက်တွင် (6.6/0.4) KV (300) KVA တစ်လုံး၊ အနောက်အရပ် တောင်ပိုင်းရပ်ကွက်တွင် (6.6/0.4) KV (300) KVA တစ်လုံး၊ ရွှေဘုံသာရပ်ကွက်တွင် (6.6/11/0.4) KV (200) KVA တစ်လုံးတပ်ဆင်ပြီးစီး၍ ရပ်ကွက်အတွင်းရှိ နေအိမ် ၂၀၀ ကျော်ကို လျှပ်စစ်ဓာတ်အားအပြည့်အဝဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# အာဇာနည်နေ့၌ အများပြည်သူများကြည့်ရှုနိုင်ကြစေရန် ပြတိုက်အား ဖွင့်လှစ်ပေးထားမည်

**၁၉၄၅ ခုနှစ်မေလမှ ၁၉၄၇ ခုနှစ်ဇူလိုင်လအထိနေထိုင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်အား ပြတိုက်အနေဖြင့် ထားရှိရာလာမည့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့၌ နံနက် ၈ နာရီမှညနေ ၄ နာရီခွဲထိ အများပြည်သူများမည်သူမဆိုကြည့်ရှုနိုင်ရန်အတွက် ဖွင့်ပေးထားမည်ဖြစ်ပြီး ဝင်ကြေးကို အခမဲ့သတ်မှတ်ထားကာ နိုင်ငံခြားသားခရီးသွား ဧည့်သည်များကိုပါ အခမဲ့ဝင်ရောက်ကြည့်ရှုခွင့်ပေးမည်ဖြစ်သည်။**



အိမ်အနောက်ဘက်တွင် ပေါက်တူးကိုင်ကာ စိုက်ပျိုးရေးပြုလုပ်နေဟန် ဗိုလ်ချုပ် ရုပ်တုအားတွေ့ရစဉ်။

**သတင်းဆောင်းပါး-စိုးဝင်း (SP)**
**ဓာတ်ပုံ-တင်လှမောင်**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်၁၀ နာရီခွဲတွင် ကျဆုံးခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်း၏နေအိမ်ပြတိုက်ကို ပြကွက်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ဘဝပြကွက်များအား ပြသသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းမိသားစုဝင်များ၏ ထမင်းစားခန်းပြကွက်များ၊ မိသားစုဘဝပြကွက်ဓာတ်ပုံများ၊ ဗိုလ်ချုပ်၏နိုင်ငံ့ခေါင်းဆောင်ဘဝ ပြကွက်များအား ဧည့်ခန်းအောက်ထပ်၌ ပြသထားမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း နားထောင်ခဲ့သည့် Philips အမျိုးအစား ရေဒီယိုကို ပြသထားမည် ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့် အိမ်မကြီး၏ အိမ်ခန်းအောက်ထပ် ဝင်ဝင်ချင်း၌ ဗိုလ်ချုပ်၏ငယ်ဘဝ၊ ကျောင်းသားဘဝ၊ ထမင်းစားခန်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံများ၊ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေထိုင်ခဲ့သော အိမ်ပုံစံငယ်နှင့် မြန်မာဝတ်စုံဝတ်ဆင်ထားသော ဗိုလ်ချုပ်၏ ဓာတ်ပုံများအား ချိတ်ဆွဲပြသထားရှိမည်ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့် အိမ်မကြီး၏ အိမ်ခန်းအပေါ်ထပ် ဝင်ဝင်ချင်း၌ ဗိုလ်ချုပ်နှင့်ဇနီးဒေါ်ခင်ကြည်တို့ အိပ်စက်သည့် အိပ်ခန်းရှိနေမည်ဖြစ်ပြီး ယင်းအရှေ့တောင်ဘက်ထောင့်၌ဘုရားခန်းသို့တက်သည့် ကြောင်လိမ်လှေကားရှိနေမည်ဖြစ်ကာ အထက်အပေါ်တာဝါ၌ ဗိုလ်ချုပ်ရှိခိုးဦးချခဲ့သည့် ဘုရားစင်ရှိနေကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်မှတာဝန်ရှိသူက "ဘုရားစင်ကိုတော့ အများပြည်သူကြည့်ရှုခွင့်မပြုထားပါဘူး၊ လှေကားလည်းကျဉ်းတယ်၊ နောက်ပြီး နှစ်ကာလကြာမြင့်ပြီဖြစ်တဲ့အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပိတ်ထားပါတယ်" ဟုရှင်းပြသည်။

ဗိုလ်ချုပ်အောင်ဆန်းအိပ်စက်သော အိပ်ခန်းအတွင်း၌ ဗိုလ်ချုပ်ဖတ်သည့် စာကြည့်ခန်းရှိနေမည်ဖြစ်ကာစာကြည့်ခန်းအတွင်း ဗိုလ်ချုပ်ဖတ်ရှုလေ့လာသည့် စာအုပ်အမျိုးအစား ၂၄၂ အုပ်ကိုပြသထားသည်။ ထိုမှ တစ်ဆင့် အနောက်ဘက်အိပ်ခန်းသို့ ဝင်ရောက်လေ့လာမည်ဆိုလျှင် အထူးအစည်းအဝေးခန်းရှိနေမည်ဖြစ်ပြီးဗိုလ်ချုပ်အတွက် အရေးကြီးသော နိုင်ငံရေးကိစ္စများအား ဆုံးဖြတ်တော့မည်ဆိုပါက ထိပ်တန်းခေါင်းဆောင်များကိုခေါ်ယူကာ အထူးလျှို့ဝှက်အစည်းအဝေးများပြုလုပ်တတ်ကြောင်းသိရသည်။ အဆိုပါ အထူးအစည်းအဝေးခန်းအနောက်ဘက်၌ဗိုလ်ချုပ်၏သားသမီးများဖြစ်ကြသော ဦးအောင်ဆန်းဦး၊ ဦးအောင်ဆန်းလင်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ အိပ်ခန်းများ၊ ၎င်းတို့အိပ်စက်သည့် ခုတင် သုံးလုံးနှင့် မွေ့ရာ၊ ခေါင်းအုံးများက ပကတိအတိုင်း တွေ့မြင်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်၏မိသားစု အိပ်ခန်းများအတွင်း သက်ဆိုင်ရာဓာတ်ပုံများကို အများပြည်သူများကြည့်ရှုနိုင်ရန် ချိတ်ဆွဲပြသထားပြီး အိပ်ခန်းများနှင့် တွဲဖက်အနောက်ဘက်၌ ရေချိုးခန်း၊ သန့်စင်ခန်းများကို တွေ့ရမည်ဖြစ်သည်။ ဗိုလ်ချုပ်နေထိုင်ခဲ့သော အိမ်မကြီး၏အောက်ထပ် အနောက်ဘက်၌ မိသားစု ချက်ပြုတ်စားသောက်သော မီးဖိုးဆောင်သီးသန့် ထုတ်ထားပြီး ပြတိုက်ခြံဝင်းအတွင်း အိမ်ရှေ့တောင်ဘက်ထောင့်၌ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ဗိုလ်ချုပ်၏ သားရတနာ ဦးအောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့ရသော ရေကန်၊ အိမ်အနောက်ဘက်၌ ပေါက်တူးဖြင့် စိုက်ပျိုးရေးလုပ်နေသည့် ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုရှိနေမည်ဖြစ်သည်။ ပြတိုက် အိမ်အဝင်ပေါက်ညာဘက်၌ ဗိုလ်ချုပ် စီးနင်းခဲ့သော အင်္ဂလန်နိုင်ငံထုတ် **Wolseley** အမျိုးအစားယာဉ်ကို ဂိုဒေါင်ငယ်အတွင်းထည့်သွင်းပြသထားရှိမည်ဖြစ်သည်။



**ဗိုလ်ချုပ်စီးနင်းခဲ့သော အင်္ဂလန်နိုင်ငံထုတ် Wolseley အမျိုးအစား မော်တော်ယာဉ်အား ဂိုဒေါင်ငယ်အတွင်း ထည့်သွင်းပြသထားသည်ကို တွေ့ရစဉ်။**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သည် ၁၉၂၁ခုနှစ် ဗြိတိသျှခေတ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံလည်းဖြစ်ပြီး ခြံအကျယ်အဝန်း ဧရိယာမှာ ၂ ဒသမ ၄၂၃ ဧကရှိသည်။

"ပြီးခဲ့တဲ့ နှစ်အာဇာနည်နေ့ကတော့ တစ်ရက်တည်း နိုင်ငံခြားသားများအပါအဝင် ပြည်သူ ၁၄၅၀၀ ကျော် ကြည့်ရှုလေ့လာခဲ့ပါတယ်။ နိုင်ငံခြားသားခရီးသွား ဦးရေ ၃၀၀ ကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြတာပါ"ဟု တာဝန်ရှိသူက ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား လက်ရှိပုံမှန်အနေအထားအရ အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ဗဟုသုတတိုးပွား သိရှိကြစေရေးအတွက်ပြသထားပြီး ပြတိုက်ဝင်ကြေးကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၊ သံဃာတော်၊ သီလရှင်၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၁၀၀ နှင့် ကျောင်းသား၊ ကျောင်းသူများကို အခမဲ့ဝင်ရောက် ကြည့်ရှုခွင့်ပြုလျက်ရှိသည်။ တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိကို ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

လာမည့် ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌ နတ်မောက်မြို့ရှိ ဗိုလ်ချုပ်နေထိုင်ခဲ့သော နေအိမ်ပြတိုက်၊ အတွင်းဝန်များရုံး၊ အာဇာနည်ကုန်းနှင့် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ပြတိုက်တို့အား အထိမ်းအမှတ်အနေဖြင့် အများပြည်သူများ ကြည့်ရှုနိုင်စေရေးပြသ၍ စီစဉ်ထားကြောင်း သိရသည်။ အများပြည်သူများအနေဖြင့် မိမိတို့၏ သားသမီးရတနာများအား ကျဆုံးလေသော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ပြတိုက်သို့ လက်ဆွဲခေါ်ယူကာ ဗိုလ်ချုပ်၏ အမှတ်တရနေ့အတွက် ပြသစေချင်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

## အင်းတော်တွင် အချို့လယ်ယာမြေကွက်များ မိုးစပါးစိုက်ကြပြီ

**အင်းတော် ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် ဇူလိုင်လဆန်းပိုင်းအတွင်း၌ တောင်သူလယ်သမားများသည် မိုးရာသီစပါးများကို စိုက်ပျိုးကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အင်းတော်မြို့နယ်မှာ မိုးရာသီစပါးစိုက်ပျိုးဖို့ရာ လျာထားတာကတော့ ၄၈၄၃၃ ဧကဖြစ်ပါတယ်။ ဒါကတော့ လျာထားတဲ့ ဧကကိုပြောတာပါ" ဟု အင်းတော်မြို့နယ် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးစိုးလွင်က ပြောကြားခဲ့သည်။

အင်းတော်မြို့နယ်သည် ကျေးရွာအုပ်စုပေါင်း၃၉ အုပ်စုရှိပြီး မြို့ပေါ်လေးရပ် ကွက်ရှိကာ ကျေးရွာပေါင်း ၁၅၀ ကျော်ရှိသော မြို့နယ်ဖြစ်သည်။ မြို့နယ်အတွင်းရှိ ဒေသခံများတောင်သူလယ်သမား အများဆုံးဖြစ်သည်။ လယ်သမားအများစုသည် မိုးစပါးစိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဇွန်လဆန်းပိုင်းက စတင်ခဲ့ပြီး ပျိုးထောင်ထားသူတို့မှာ ဇူလိုင်လဆန်းရက်များတွင် မိုးစပါးများ စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့လယ်ကတော့ အခုစိုက်နေကြပြီဖြစ်ပါတယ်။ ပျိုးသက်ကတော့ ရက် ၃၀ ရှိနေပြီဖြစ်ပါတယ်။ အခုစိုက်နေတဲ့ မိုးစပါးကတော့ ဆင်းသုံးပါ" ဟု အင်းတော်မြို့နယ်ရှိ တောင်သူတစ်ဦးက ပြောသည်။

အလားတူပင် ဗန်းမောက်မြို့နယ် ကျွဲကောကြီး ကျေးရွာအုပ်စု ဆင်ကန်ကျေးရွာရှိ တောင်သူလယ်သမားများသည်လည်း မိုးစပါးများ စိုက်ပျိုးခြင်းကို ဇူလိုင်လဆန်းပိုင်းများတွင် စတင်ဆောင်ရွက် လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



## နမ့်ခမ်း၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအချက်ပြမီးတပ်ဆင်

**နမ့်ခမ်း ဇူလိုင် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက အများပြည်သူသွားလာရာ၌ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖြင့် သွားလာမှု အဆင်ပြေစေရန် ပြည်ထောင်စုလမ်းမ လမ်းဆုံ၊ လမ်းခွများ၊ စာသင်ကျောင်းအဝင်အထွက်လမ်းများတွင် အချက်ပြမီးများတပ်ဆင်ထားကြောင်း သိရသည်။

ထို့နောက် မြို့မဈေးကြီးအနီး လမ်းဆုံရှိ စိမ်း၊ ဝါ၊ နီ အချက်ပြမီးများရှိ ပျက်စီးနေသော မီးလုံးများကို မီးလုံးအသစ်များလဲ၍ ဇူလိုင် ၆ ရက်က ပြန်လည်တပ်ဆင်ရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီအဖွဲ့က စနစ်တကျ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## သွေးလွန်တုပ်ကွေး မဖြစ်ပွားစေရေး သန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၈**

သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးအနေဖြင့် ရွှေလရောင်ပရဟိတအသင်း(နေပြည်တော်)မှ နေပြည်တော်ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ အေးမြသာယာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း အပင်များ ရှင်းလင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

# ဧရာဝတီတိုင်းဒေသကြီးမှ ဇလွန်ဘုရားဖူးကားလမ်း ဂျိုက်ကာချေးငွေဖြင့် ဆောင်ရွက်နေ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်



မြစ်ချောင်းအင်းအိုင်ပေါများပြီး လူဦးရေထူထပ်သော ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က ဒေသအတွင်း ပြည်သူများအနေဖြင့် သွားလာရေးတွင် ရေလမ်းခရီးကိုသာ အားကိုးနေခဲ့ကြရာမှ နာဂစ်အလွန်ကာလဖြစ်သည့် ၂၀၁၁-၂၀၁၂ ခုနှစ်နောက်ပိုင်းမှစ၍ ယခုအချိန်အထိ အတွင်း လမ်းကွန်ရက်များနှင့် တံတားကြီးငယ် အသွယ်သွယ်တို့ကို နိုင်ငံတော်အစိုးရက တည်ဆောက်ဖောက်လုပ်ပေးမှုကြောင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်၊ မြို့ ၃၄ မြို့ကို မော်တော်ကားဖြင့် တစ်ဆက်တည်းသွားလာနိုင်ကြပြီဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်က ကျွန်တော်သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်း ဧရာဝတီမြစ်ကမ်းဘေးရှိ ဇလွန်မြို့သို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဖူးမြော်ချင်၍ ပုသိမ်-ရန်ကုန်ကားလမ်းအတိုင်း ကားတစ်စီးဖြင့် ထွက်လာခဲ့သည်။ ဧရာဝတီတံတား(ညောင်တုန်း)ကို ဖြတ်သန်းကာ တံတား၏ ညာဘက်သို့ကွေ့၍ ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန် ကားလမ်းအတိုင်း မောင်းခဲ့ရာ စက္ကော့ရွာအနီးအရောက်တွင် ခင်းလက်စနှင့်ခင်းပြီး ကွန်ကရစ်ကားလမ်းများနှင့် နိုင်လွန်ကတ္တရာကားလမ်းမကြီးများကို ဖြတ်သန်းမောင်းနှင်ခဲ့ရသည်။ မရောက်တာကြာပြီဖြစ်သော ဇလွန်ပြည်တော်ပြန်ဘုရား ကားလမ်းသည် ဖြောင့်တန်းညီညာနေပါပကောလား။

ထို့ကြောင့် ဇလွန်ပြည်တော်ပြန်ဘုရားဖူးမှ အပြန်တွင် ခနုဖြူ- ဇလွန်ကားလမ်းမိုင်တိုင်အမှတ် (၁၀/၅)မှ ဇလွန်မြို့ မိုင်တိုင်အမှတ် (၃၇/၇) အထိကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်နေသည်ဆိုသော မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းမန်နေဂျာ ဦးတင်မျိုးအား ဝင်ရောက်တွေ့ဆုံ၍ လမ်းလုပ်ငန်းများ ဆောင်ရွက်နေပုံကို မေးမြန်းကြည့်မိသည်။

အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး၏ ကြီးကြပ်မှုဖြင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီချေးငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ယခုလမ်းဦးစီးဌာန)မှ မြန်မာရွှေသရဖူဆောက်လုပ်ရေးကုမ္ပဏီက ၂၀၁၄ ဒီဇင်ဘာလက တင်ဒါအောင်မြင်ခဲ့ပြီး ၂၀၁၅ မတ်လတွင် လုပ်ငန်းများစတင်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ် မတ်လကုန်တွင်ပြီးမည်ဖြစ်ကြောင်း၊ လမ်းကိုအဆင့်မြှင့်တင်ရာတွင် ၁၈ ပေ အကျယ် ကျောက်လမ်းမကြီးကို ၂၄ ပေ အကျယ် နိုင်လွန်တကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မူလလမ်းမှ အကျယ် ၂၈ပေ ရရှိရန်အတွက် တစ်ဖက်ကို ကျောက်လမ်း ငါးပေအကျယ်နှင့် မြေသားတာပေါင် တစ်ဖက်သုံးပေစီတိုးချဲ့ခြင်း၊ ဆောင်ရွက်ပြီး ၂၈ ပေအကျယ် အောက်ခံပေါ်တွင် သတ်မှတ်ထုအတိုင်း အခြေခံလွှာခင်းခြင်း၊ ကြိတ်ခြင်း၊ ခင်းကြိတ်ပြီးအပိုင်းကို တစ်ဖက်ငါးပေအကျယ် ဂဝံအမာခံ လမ်းပခုံးခင်းကြိတ်ခြင်းဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ လမ်းကို အဆင့်မြှင့်နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရာတွင် ကုမ္ပဏီအနေဖြင့် အမြတ်အစွန်းရရှိရေးကို အလေးမထားဘဲ ဇလွန်တွင်တည်ရှိသော ပြည်တော်ပြန်ဘုရားကြီးအား ဗုဒ္ဓဘာသာဝင်တိုင်းဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ယခင်သွားလာရန် ခက်ခဲသော လမ်းကြမ်းလမ်းဆိုးဘဝမှ ယခုကဲ့သို့ ချောမွေ့ဖြောင့်ဖြူးသော နိုင်လွန်ကတ္တရာလမ်းဖြစ်အောင် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကြိုးစားဖောက်လုပ်ခဲ့ကြောင်း ကုမ္ပဏီစီမံကိန်းမန်နေဂျာ ဦးတင်မျိုးက ပြောသည်။

အဆိုပါ ခနုဖြူ-ဇလွန်ကားလမ်းအား မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသလို လမ်း၏အစပိုင်းဖြစ်သော ကြိမ်ပင်ဆည်-စက္ကော့ဘက်မှ ၁၀ မိုင် ၅ ဖာလုံ ကို လမ်းအထူးအဖွဲ့(၁၄)က ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၂၁၆၇ ဒသမ ၇၄၇ သန်းဖြင့် ကွန်ကရစ်လမ်းများခင်းလျက်ရှိကြောင်းသိရသဖြင့် လမ်းအထူးအမှတ်(၁၄) ရှိရာ စက္ကော့ကျေးရွာစခန်းမှ ဦးစီးအရာရှိ (မြို့ပြ) ဒေါ်လင်းလင်းအုန်းကို တွေ့ဆုံမေးမြန်းရာ ယင်းလမ်းပိုင်း မူလကတ္တရာလမ်းကျဉ်းများအား ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နေကြောင်း လုပ်ငန်းအားလုံး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် အားလုံးအပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခုအခါ လမ်းပေါင်း ၆၇ လမ်းရှိကာ လမ်းအရှည် မိုင်ပေါင်း ၁၆၁၂ မိုင် ၆ ဖာလုံရှိသည်။ နိုင်ငံတော်အစိုးရဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းပေါင်း ၃၁ လမ်း၊ မိုင်ပေါင်း ၁၁၂၂ မိုင် ၅ ဖာလုံကို စီမံခန့်ခွဲလျက်ရှိပြီး လမ်းပေါင်း ၃၆ လမ်းမှ မိုင်ပေါင်း ၄၈၀ မိုင် ၄ ဖာလုံကို တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲလျက်ရှိသည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဆက်သွယ်သွားလာနိုင်သော ပြည်ထောင်စုလမ်းမကြီးစာရင်းဝင် အလျားအလိုက် လေးလမ်း၊ ကန့်လန့်ဖြတ်လမ်းမကြီးကိုးလမ်း စုစုပေါင်း ပြည်ထောင်စုလမ်းမကြီး စာရင်းဝင် ၁၃ လမ်း၊ မိုင်ပေါင်း ၂၅၂၁ မိုင် ရှိသည်။

သို့ဖြစ်ရာ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရားများထဲမှ ဇလွန်ပြည်တော်ပြန်ဘုရားကြီးကို ကြိမ်ပင်ဆည်-စက္ကော့-ခနုဖြူ-ဇလွန် ကားလမ်းမှသွား၍ ဘုရားဖူးကြပါစို့ဟု ရေးသားတင်ပြလိုက်ပါသည်။

# သောက်သုံးရေလုံလောက်စွာရရှိရေး မိုးရေလှောင်ကန်သစ်တူးဖော်

**ကျောက်ပန်းတောင်း ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု ဆယ့်နှစ်ရာသီပင်ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မိုးရေလှောင်ကန်သစ်တစ်ခုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင် ၅ ရက်မှ စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

"ဒီကန်သစ်တူးဖော်တဲ့လုပ်ငန်းကို ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအစီအစဉ်နဲ့ဆောင်ရွက်တာပါ။ ကန်အကျယ်အဝန်းကတော့ ပေ ၁၀၀ ပတ်လည်နဲ့ အနက် ၆ ပေ တူးပေးမယ်လို့ သိရပါတယ်။ အခုတူးမယ့် မိုးရေလှောင်ကန်က သောက်ရေအတွက် သီးသန့်ပါ။ ကန်တူးပြီးသွားရင် ကန်ပတ်လည်ကို ကွန်ကရစ်တိုင်တွေစိုက်ပြီး သံဆန်ခါကွက်တွေနဲ့ တိရစ္ဆာန်တွေမဝင်နိုင်အောင် ကာရံပြီး ရေခပ်ယူဖို့အတွက်တော့ ခြံပြင်မှာ လက်နှိပ်တုံကင်လေးခု တပ်ဆင်ပေးသွားမယ်လို့ သိရပါတယ်။ လူမှုရေးအရ ဧည့်ခံပေးရတာကလွဲပြီး ကျွန်တော်တို့ရွာအနေနဲ့ တခြားဘာကုန်ကျစရိတ်မှ မရှိပါဘူးဟု"ဆယ့်နှစ်ရာသီပင်ကျေးရွာမှ ရာအိမ်မှူး ဦးမောင်မောင်က ပြောသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရေရရှိရေးလုပ်ငန်းပေါင်း ၃၄ ခုကို ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေ ကျပ် ၁၅၁ ဒသမ ၀၁၂ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တင်ဒါခေါ်ယူ လုပ်ကိုင်ခွင့်ပြုခဲ့ရာ စိန်သဟာကုမ္ပဏီက လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိခဲ့ကြောင်း ရေရရှိရေးလုပ်ငန်းများအနက် မိုးရေလှောင်ကန်သစ် တူးဖော်ခွင့်ကို ကျေးရွာ ၁၂ ရွာက ရရှိခဲ့ပြီး ဆယ့်နှစ်ရာသီပင်ကျေးရွာလည်း ပါဝင်ကြောင်း သိရသည်။


စက်ယန္တရားကြီးများဖြင့် သောက်သုံးရေ ရေကန်တူးဖော်နေစဉ်။

အဆိုပါ သောက်သုံးရေကန်သစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တူးဖော်ပေးသည့်အပြင် ကျေးရွာတွင် သောက်သုံးရေဖူလုံလောက်ငစေရေးအတွက် ကျေးရွာအနီးရှိ မိုးရေလှောင်ကန်ဟောင်းကိုလည်း ကျေးရွာအနေဖြင့် ကိုယ့်အားကိုယ်ကိုး ပြန်လည်တူးဖော်ပြုပြင်သွားကြရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ၏ သန့်ရှင်းသော သောက်သုံးရေလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စက်ရေတွင်းများတူးဖော်ခြင်း၊ မိုးရေလှောင်ကန်များပြန်လည်ပြုပြင်ခြင်းနှင့် ကန်အသစ်များတိုးချဲ့ တူးဖော်ခြင်းတို့ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

**နေအောင်(iprd)**

## သတင်းတိုများ

### ကျေးရွာချင်းဆက်မြေသားလမ်း ဖောက်လုပ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တည်ပင်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာနှင့် ကွန်းလှမြို့နယ်တောင်ရွှဆိပ်ကျေးရွာချင်းဆက်သွယ်သည့် မြေသားလမ်းကို အရှည် ၃ မိုင်၊ အကျယ်ပေ ၆၀ ရှိ မြေသားလမ်းအဖြစ် ဖောက်လုပ်လျက်ရှိပြီး လမ်းပေါင်တင်ခြင်း၊ လမ်းအချောသတ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လမ်းဖောက်လုပ်ခြင်းကို ဆရာတော်ဦးသောဘိတက ဦးဆောင်ကာ ကွန်းလှမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က လိုအပ်သည်များကို ကူညီပံ့ပိုးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### အရိုးအကြောဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေး

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင် လူမှုကူညီရေးအသင်း၏ ဦးဆောင်မှုဖြင့် အရိုးအကြောနှင့် အဆစ်ဝေဒနာရှင်များအား အခမဲ့ဆေးကုသမှုများကို နတ်မောက်မြို့ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက် ဓမ္မာရုံ၌ ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး စိတ်ဓာတ်ဖြူစင်ကရုဏာရှင်လူမှုကူညီရေးအသင်းနှင့် အရိုးအကြောနှင့် အဆစ်အထူးကုပါရဂူ ပါမောက္ခဒေါက်တာခင်မောင်ထူးတို့ဦးဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကာ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ ဆရာဆရာမများ၊ စေတနာရှင်များ၊ ဝေယျာဝစ္စ ကုသိုလ်ရှင်လူငယ်မောင်မယ်များက ကူညီဆောင်ရွက်ပေးခဲ့ကြပြီး ရပ်ဝေးရပ်နီးမှ ဝေဒနာရှင်များ လာရောက်ကုသမှုခံယူခဲ့ကြောင်း သိရသည်။

**လှဝင်း**

### စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာနိုင်ငံအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲနှင့် ပျိုးပင်များဖြန့်ဝေပေးအပ်ပွဲကို မင်းစားကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၃ ရက်က ကျင်းပသည်။ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၂၅၀ နှင့် မျောက်ငိုပင် ၂၅၀ ကို မြို့နယ်အတွင်းရှိ ကော်မတီသုံးခုမှ ဥက္ကဋ္ဌများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ပြီး ကျွန်းပျိုးပင် ၇၅၀နှင့် မျောက်ငိုပျိုးပင် ၂၅၀ ကို မင်းစားကျေးရွာနှင့် ဒိုင်ကြီးကျေးရွာများမှ ပြည်သူများစိုက်ပျိုးနိုင်ရန် ဝေငှပေးခဲ့သည်။

**ချင်းတွင်းသား (iprd)**

# ဘိန်းအစားထိုး ဂျပန်လိမ္မော်စိုက်ပျိုးရေး အောင်မြင်လျက်ရှိ

**ဖယ်ခုံ ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှုအဖြစ် ဂျပန်လိမ္မော်များကို စိုက်ပျိုးလျက်ရှိရာ သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဖယ်ခုံမြို့နယ်အတွင်း ရေလုံရေကန်ကျေးရွာအုပ်စု လကျီနွဲ့ကျေးရွာတွင် ဂျပန်လိမ္မော်ပျိုးပင် ၂၅၀၀ ကို စိုက်ပျိုးမြေ ၁၀ ဧကတွင် ဒေသခံတောင်သူ ၁၅ ဦး ဇွန် ၂၈ ရက်က စိုက်ပျိုးခဲ့သည်။ ဇွန်၂၉ ရက်တွင်လည်း လွယ်ရင်းကျေးရွာမှ တောင်သူ ဦးမောင်လု၏ စိုက်ပျိုးမြေ ၂ ဧကတွင် ဂျပန်လိမ္မော်ပျိုးပင် ၅၀၀ကို စိုက်ပျိုးခဲ့သည်။

ဂျပန်လိမ္မော် ပျိုးပင်များကို ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် လွိုင်နန်ဖကျေးရွာ၌ ပုဂ္ဂလိကကိုယ်ပိုင်စိုက်ပျိုးရေးခြံပိုင်ရှင် ဦးလွင်ဇော်က ပျိုးထောင်ထားပြီး ပျိုးပင်တစ်ပင်လျှင် ကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ချိပေးလျက်ရှိသည်။ ဒေသခံတောင်သူများက ဂျပန်လိမ္မော်ကို ဘိန်းအစားထိုးသီးနှံအဖြစ် တောင်စောင်း၊ တောင်ကမ်းပါးများတွင် စိုက်ပျိုးလာကြသဖြင့် စိုက်ပျိုးမှုတိုးတက်လျက်ရှိကာ ယခုအခါ ဂျပန်လိမ္မော်ပျိုးပင်နှစ်သောင်းကျော်ကို ဖြန့်ချိထားပြီးဖြစ်ကြောင်း သိရသည်။ ဖယ်ခုံမြို့နယ်အတွင်း ဂျပန်လိမ္မော်အပြင် အာလူး၊ နေကြာ၊ ဂျပန်လိမ္မော်၊ သစ်မွှေး၊ တည်းပင်များကိုလည်း ဘိန်းအစားထိုးသီးနှံများအဖြစ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးချိုစိန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ကြီးကြပ်မှုဖြင့် ယခု၂၀၁၅-၂၀၁၆ စိုက်ပျိုးရာသီတွင် စတင်စိုက်ပျိုးလျက်ရှိရာ ဧက ၃၀၀၀ ကျော်တွင် စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**ရွှေလင်းပြည့်စုံ**

# အမေရိကန်တို့ နိုင်ငံပွဲရမယ့် ရွှေဖလားအုပ်စုပွဲစဉ်



၂၀၁၅ ကွန်ကာကာ့ဖ်ရွှေဖလား အုပ်စုပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားနေတာမို့ ဇူလိုင် ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ အုပ်စု(A)က ဟွန်ဒူးရပ်စ်နဲ့ ပနားမား၊ အမေရိကန်နဲ့ ဟေတီ၊ အုပ်စု(B)မှာ ဂျမေကာနဲ့ ကနေဒါ၊ ကော်စတာရီကာနဲ့ အယ်လ်ဆာဗေဒိုတို့ ဆင်နွှဲကြပါလိမ့်မယ်။ အုပ်စုက နောက်တစ်ဆင့်တက်ရေး အပြိုင်ကြိုးစားကြမှာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရပါလိမ့်မယ်။

**ဟွန်ဒူးရပ်စ်နဲ့ ပနားမား**

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ရွှေဖလားပြိုင်ပွဲမှာ အမေရိကန်တို့ကို ရှုံးပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရတဲ့ ပနားမားဟာ အခုပြိုင်ပွဲမှာ ပွဲတိုင်းရလဒ်ကောင်းဖို့ ကြိုးစားနေပြီဖြစ်ပါတယ်။ တစ်ဦးချင်းစွမ်းရည်မြင့်မားတဲ့ ကစားသမားတွေနဲ့ စုစည်းထားပေမယ့် အီကွေဒေါကို လေးဂိုးပြတ်နဲ့ရှုံးပြီး ရလဒ်ဆိုးရွားနေတာမို့ ဟွန်ဒူးရပ်စ်တို့ အခွင့်အရေးကောင်းတွေရသွားနိုင်ပါတယ်။ ပနားမားတိုက်စစ်မှာ တောရက်စ်က ဂိုးသွင်းစွမ်းရည်ကောင်းမွန်နေပြီး ရိုလန်ဒိုကလည်း တိုက်စစ်မှာ အားထားရသူဖြစ်ပါတယ်။ အသက် ၃၄ နှစ်ရှိပြီဖြစ်ပေမယ့် ဂိုးသွင်းစွမ်းရည်မြင့်မားနေဆဲဖြစ်တဲ့ ဘလက်ပီရက်ဇ်ကလည်း လူငယ်တွေနဲ့တွဲကစားနိုင်နေတာမို့ ဟွန်ဒူးရပ်စ်တို့ ခက်ခဲနိုင်ပါတယ်။ ဟွန်ဒူးရပ်စ်တို့ကလည်း ၁၉၈၁ ခုနှစ်က ချန်ပီယံဖြစ်ခဲ့တဲ့ မှတ်တမ်းကို အသစ် ပြန်လည်ရေးထိုးဖို့ ကြိုးစားမှာမို့ နောက်ဆုံးကစားခဲ့တဲ့ မက္ကဆီကိုနဲ့ပွဲကို ဂိုးမရှိသရေပွဲကစားထားတာကြောင့် အခုပွဲမှာ တစ်မှတ်ရယူသွားနိုင်ပါတယ်။

**အမေရိကန်နဲ့ ဟေတီ**

လက်ရှိ ချန်ပီယံအမေရိကန်တို့ကတော့ ပွဲတိုင်းနိုင်ပွဲရယူပြီး ချန်ပီယံဆုကို ကာကွယ်မှာဖြစ်ပါတယ်။ အမေရိကန်အသင်းမှာ ကွင်းလယ်ကစားသမား မိုက်ကယ်ဘရက်လေ၊ ဒက်ရုဒ်တို့ရှိနေပြီး တိုက်စစ်မှာ ဝါရင့်သမ္ဘာရင့် ဒမ့်ဆေး၊အယ်တီဒိုး၊ ဂျိုဟန်ဆင်တို့ကလည်း ခြေစွာသူတွေဖြစ်တာမို့ ဟေတီတို့ မျှော်လင့်ချက်မဲ့သွားနိုင်တဲ့ ပွဲဖြစ်ပါတယ်။

**ဂျမေကာနဲ့ ကနေဒါ**

၁၉၈၅ နဲ့ ၂၀၀၀ ပြည့်နှစ်တွေမှာ ချန်ပီယံဖြစ်ထားတဲ့ ကနေဒါအသင်းဟာ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် ရှုံးပွဲမရှိတဲ့အပြင် ဂိုးပြတ်သွင်းနိုင်တဲ့ပွဲတွေ ရထားပါတယ်။ ငါးပွဲမှာ ၁၁ ဂိုးသွင်းယူထားတဲ့ ကနေဒါတိုက်စစ်ကို ဂျမေကာတို့ ဟန့်တားဖို့ မလွယ်ပါဘူး။ ကနေဒါတိုက်စစ်မှူး ရစ်ကတ်နဲ့ ဂျက်ဆင်တို့က တွဲဖက်ညီတဲ့ တိုက်စစ်မှူးတွေဖြစ်ပြီး လာရင်နဲ့ ဟာဘာတို့ကလည်း ဂိုးသွင်းကောင်းသူတွေဖြစ်ပါတယ်။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဂျမေကာတို့ကတော့ အခုပွဲမှာ တစ်မှတ်ရဖို့တောင် ခြေကုန်ထုတ်ရမယ့် အနေအထားရှိပါတယ်။

**ကော်စတာရီကာနဲ့ အယ်လ်ဆာဗေဒို**

၁၉၆၃၊ ၁၉၆၉၊ ၁၉၈၉ ခုနှစ် ပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ခဲ့တဲ့ ကော်စတာရီကာတို့ အခုပွဲမှာတော့ မှတ်တမ်းသစ်ရေးထိုးတော့မှာ ဖြစ်ပါတယ်။ ကော်စတာရီကာတို့က နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင်တော့ နိုင်ပွဲတစ်ပွဲမှ မရရှိခဲ့ပါဘူး။ ခြေစွမ်းကျဆင်းနေပေမယ့် တိုက်စစ်မှာ ဆာဘိုရီရို၊ ဘရိုင်ရုဒ်တို့က တွန်းတွန်းတိုက်တိုက်နဲ့ ကစားနိုင်သူတွေဖြစ်တာမို့ အယ်လ်ဆာဗေဒိုတို့ သေချာချာပြင်ဆင်ကစားမှ ရပါလိမ့်မယ်။ အယ်လ်ဆာဗေဒိုတို့က လောလောဆယ် နိုင်ပွဲတွေဆက်တိုက်ရနေပြီး တိုက်စစ်မှူး ရာဖေးလ်ဘာဂတ်စ်ကလည်း ဂိုးသွင်းစွမ်းရည်မြင့်မားတာမို့ ဒီပွဲမှာ အယ်လ်ဆာဗေဒိုတို့ နိုင်ပွဲရသွားနိုင်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

# အက်သလက်တီကိုကွင်းလယ်လူ ဘာစီလိုနာသို့ရောက်



ဥရောပချန်ပီယံ ဘာစီလိုနာက လာမယ့်လာလီဂါမှာ အကောင်းဆုံး ကွင်းလယ်ကစားကွက်ကို တည်ဆောက်နိုင်ဖို့ အက်သလက်တီကိုကွင်းလယ် ဖန်တီးရှင် အာဒါတူရန်ကို ပေါင် ၂၉ သန်းပေးပြီး ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တူရန်ဟာ အက်သလက်တီကိုအသင်းရဲ့ အဓိကအားထားရတဲ့ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ သို့ပေမယ့် တူရန်ဟာ ဖီဖာက ကစားသမားသစ်ခေါ်ယူမှု ပိတ်ပင်ထားတဲ့ကာလ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတိုင်အောင် ဘာစီလိုနာနဲ့ ကစားနိုင်မှာမဟုတ်ဘူးလို့ ဆိုပါတယ်။

ဘာစီလိုနာအသင်းဟာ အသက် ၁၈ နှစ် မပြည့်တဲ့ ကစားသမားခေါ်ယူမှုနဲ့ ကစားသမားသစ်ခေါ်ယူမှုကို ဖီဖာက ပိတ်ပင်ထားတာ ဖြစ်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ်က ဂါလာတာစာရေးမှ အက်သလက်တီကိုသို့ ပြောင်းလာပြီး လေးနှစ်အတွင်း ၂၂ ဂိုးသွင်းယူပေးနိုင်ခဲ့ကာ ၃၂ ကြိမ် ဂိုးပေါက်ဖန်တီးပေးနိုင်ခဲ့ပါတယ်။ စာချုပ်လိုက်တဲ့ ကွင်းလယ်ကစားသမားတူရန်ဟာ တူရကီအသင်းမှာလည်း ၈၁ ကြိမ် ပါဝင်ကစားခဲ့တယ်လို့ ဆိုပါတယ်။

# မန်စီးတီးက ပွဲထုတ်အရောင်တင်ပေးမယ့် တူရကီလူငယ်တိုက်စစ်မှူး

ဘာဆာစပေါ်မှ တူရကီလူငယ်တိုက်စစ်မှူး အန်းနက်စ်အူနေးလ်ကို မန်စီးတီးက စာချုပ်လိုက်ပါပြီ။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ အူနေးလ်ကို စာချုပ်ရာမှာ မန်စီးတီးက ပြောင်းရွှေ့ကြေးကိုတော့ ထုတ်ဖော်ကြေညာခြင်း မရှိခဲ့ပါဘူး။ အူနေးလ်ဟာ တူရကီအသင်းမှာ တစ်ကြိမ်သာပါဝင်ကစားရပါသေးတယ်။ သို့ပေမယ့် ဘာဆာစပေါ်အသင်းအတွက် ၃၇ ပွဲမှာ လေးဂိုးသွင်းယူထားပါတယ်။ သူဟာ နိုင်ငံတကာပွဲအဖြစ် မတ်လက လူဇင်ဘတ်နဲ့ပွဲမှာ စတင်ကစားခဲ့ပါတယ်။ သို့ပေမယ့် အသက် ၁၆ နှစ်အောက် တူရကီအသင်းမှာတော့ ၂၅ ပွဲမှာ ၂၄ ဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သူဟာ ၂၀၁၃ ခုနှစ်က အသက် ၁၆ နှစ်အရွယ်မှာ တူရကီနိုင်ငံမှာ အသက်အငယ်ဆုံးဂိုးအများဆုံးသွင်းယူနိုင်တဲ့ ကစားသမားဖြစ်ခဲ့ပါတယ်။ အလားအလာကောင်းတဲ့ လူငယ်တိုက်စစ်မှူး ဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ အနာဂတ်မှာ အလားအလာကောင်းတဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးကို ပွဲထုတ်အရောင်တင်ပေးဖို့ ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။



# ဒီပေး မန်ယူနဲ့ စတင်လေ့ကျင့်ပြီ



မကြာသေးမီက ပေါင် ၂၅သန်းနဲ့ ပီအက်စ်ဗွီအိုင့်ဟိုဗင်မှ ခေါ်ယူလိုက်တဲ့ တိုက်စစ်မှူး မမ်ဖစ်ဒီပေးဟာ အိုးထရက်ဖို့ဒ် ကစားသမားတွေနဲ့ စတင်လေ့ကျင့်နေပါပြီ။ ရာသီအကြိုပြိုင်ပွဲတွေမှာ ပါဝင်ကစားဖို့ ဒီပေးဟာ မန်ယူရဲ့ ဝါရင့်ကစားသမား ရွန်းနေ၊ ဖီးဂျုန်း၊ မိုက်ကယ်ကာရစ် စတဲ့ကစားသမားတွေနဲ့အတူ လေ့ကျင့်နေပြီဖြစ်ပါတယ်။ မန်ယူကစားသမားတွေဟာ ရာသီကြိုပွဲတွေအဖြစ် အမေရိကန်ကို သွားရောက်မကစားမီမှာ တနင်္လာနေ့က စပြီးလေ့ကျင့်မှုတွေ ပြန်လည်ပြုလုပ်နေပါတယ်။ ဒီပေးဟာ ယခင်တိုက်စစ်မှူး ကာကာဝါဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် ၂၆ အင်္ကျီကို ဝတ်ဆင်ကစားနေတာဖြစ်ပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်က ရာသီကြိုပြိုင်ပွဲတွေမှာ ပွဲစဉ်တိုင်းအနည်းဆုံး ၄၅ မိနစ် ထည့်သွင်းကစားလိမ့်မယ်လို့ ဆိုပါတယ်။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး ဒီပေးဟာ နည်းပြဗန်ဟားလ်ရဲ့ စမ်းသပ်မှုနဲ့ စတင်ရင်ဆိုင်ရတော့မှာဖြစ်ပါတယ်။ လာမယ့် ပရီမီယာလိဂ်မှာ ပုံမှန်ပွဲထုတ်ကစားဖို့ နည်းပြဗန်ဟားလ်က ဒီပေးကို ရာသီအကြိုပဲခြေစွမ်းကို စောင့်ကြည့်မယ့် အနေအထားရှိပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# အမျိုးသားပညာရည်မြင့်မားရေးဆွေးနွေးပွဲ (အခြေခံပညာကဏ္ဍ) သံတွဲခရိုင်၌ကျင်းပ

**သံတွဲ ဇူလိုင် ၈**

၂၀၁၅ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး(အခြေခံပညာကဏ္ဍ) သံတွဲခရိုင်ဆွေးနွေးပွဲကို ဇူလိုင် ၅ ရက် နံနက် ၉နာရီက သံတွဲမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဒွါရာရွှေပြည်ခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက အမှာစကားပြောကြားပြီး CRSR အဆင့် (၃)အရ ရေးဆွဲထားသော အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (မူကြမ်း) ကို သံတွဲခရိုင်ပညာရေးမှူး ဦးအောင်သန်းမြင့်က အပိုင်းလိုက်ရှင်းလင်းတင်ပြပြီး မြို့နယ်ဖွံ့/ထောက်အဖွဲ့ဝင် အငြိမ်းစားအလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်သိန်း၊ အငြိမ်းစား အထက်တန်းကျောင်းအုပ်ကြီး ဦးမောင်မောင်သိမ်း၊ အငြိမ်းစား ညွှန်မှူး ဦးသုခတို့က အကြံပြု ဆွေးနွေးကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် အခြေခံပညာရေးဥပဒေ (မူကြမ်း) ကို ဂွမြို့နယ် ပညာရေးမှူး ဦးမြင့်ရွှေ၊ ပုဂ္ဂလိကဥပဒေ (မူကြမ်း) ကို တောင်ကုတ်မြို့နယ်ပညာရေးမှူး (တာဝန်ခံ) မြို့နယ်ပညာရေးမှူးဦးမောင်လှထွန်းနှင့် နည်းပညာနှင့် အသက်မွေးပညာရေးဥပဒေ (မူကြမ်း)ကို သံတွဲမြို့နယ်ပညာရေးမှူး ဦးစန်းမြင့်တို့က ရှင်းလင်းတင်ပြကြရာ ရခိုင်လူမှုကွန်ရက်မှ ဦးသိန်းဝင်း၊ ရခိုင်အမျိုးသားပါတီမှ ဦးထွန်းရွှေ၊ ဂျိတ္တော ထ(ခွဲ) ကျောင်းအုပ် ဦးခင်မောင်ဝင်း၊ သံတွဲမြို့နယ် ဖွံ့/ထောက်ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ မြို့နယ်ဖွံ့/ထောက်အဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဝင်းနိုင်၊ ဂျိတီအိုင် ကျောင်းအုပ်ဆရာကြီး ဦးမျိုးမြင့်ခိုင်နှင့် အငြိမ်းစား မြို့နယ်ပညာရေးမှူး ဦးကျန်အောင်တို့က ဆွေးနွေးကြရာ သံတွဲခရိုင်ပညာရေးမှူးက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ဆားလင်းကြီးမြို့ ဓမ္မဗိမာန်တော်ကြီးဖွင့်

**ဆားလင်းကြီး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် မြို့ကျက်သရေဆောင် ဓမ္မဗိမာန်တော်ကြီး ရေစက်ချလှူဒါန်းဖွင့်လှစ်ပွဲကို ဇူလိုင် ၅ ရက်က ကျင်းပသည်။

ဗိမာန်တော်ကြီး ဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းတို့က ဓမ္မဗိမာန်တော်ကြီးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။ ဖွင့်ပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် မြို့ခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဓမ္မဗိမာန်တော်ကြီးကို ၁၃၇၆ ခုနှစ် တန်ခူးလပြည့်နေ့တွင် ပန္နက်တင်ခဲ့ပြီး အလျား ပေ ၈၀ ၊ အနံ ၃၄ ပေ၊ အမြင့်ပေ ၄၆ ပေရှိကာ စုစုပေါင်းကုန်ကျငွေ ၇၀၄၈၈၉၂၄ ကျပ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၈**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပြည်နယ်အတွင်း ထူးချွန်ထက်မြက်သည့် ကျောင်းသူများနှင့် အမျိုးသမီးငယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက်ပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြနုက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို မွန်မြတ်မြင့်မားသော ရည်ရွယ်ချက် ၇ ရပ်ဖြင့် ဖွဲ့စည်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ ရပ်ကွက်၊ ကျေးရွာအုပ်စုအထိ အဆင့်ဆင့်ဖွဲ့စည်းပြီး နိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ညီလက်ညီ ပါဝင်လှုပ်ရှားလျက်ရှိကြပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ အခမ်းအနားအပြီးတွင် ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များသည် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပြသထားသည့်ပြခန်းငယ်နှင့် အိမ်တွင်းမှု သင်တန်းကျောင်းသူလေးများ၏ အစားအစာရောင်းချနေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

# ကျောက်ချောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ကျွန်းလှ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက် အမှတ်(၅) လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

အဆိုပါကတ္တရာလမ်းခင်းခြင်းကို ရန်ပုံငွေကျပ် ၁၃၅ ဒသမ ၈၅ သိန်းဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကာ အရှည်ပေ ၁၆၀၀၊ အကျယ် ၁၂ ပေနှင့် လမ်းပခုံးဝဲယာ ၅ ပေစီအထိ အဆင့်မြှင့်တင်၍ ခင်းကျင်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါလမ်းသည် မြို့မစည်ပင်သာယာဈေး၊ ကားကြီးဝင်း၊ ရပ်ကွက်စာသင်ကျောင်းများနှင့်ဆက်သွယ်ထားသော လမ်းဖြစ်ကာ ယခင်က ကျောက်ချောလမ်းဖြစ်သဖြင့် မိုးရာသီတွင် သွားလာရေးခက်ခဲကြောင်း၊ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပြီးပါက ဒေသခံပြည်သူများ၏ သွားလာရေးပိုမိုလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေး အသိပညာပေးဟောပြော

**မိုးကုတ် ဇူလိုင် ၈**

မိုးကုတ်မြို့ ညောင်သုံးပင်ရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက်က ကျင်းပခဲ့ပြီး ခြင်နှိမ်နင်းရေးနှင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲကို ညောင်သုံးပင် မူလတန်းကျောင်း၌ ကျင်းပခဲ့ပြီး မိုးကုတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉက္ကာက အမှာစကားပြောကြားကာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဝင်းမင်းဦးနှင့် ဦးဝင်းလှိုင်တို့က သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ၊ ရောဂါဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ကြိုတင်တားဆီးကာကွယ်နိုင်သည့် နည်းလမ်းများကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲအပြီးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းများက အဖွဲ့ငယ်နှစ်ဖွဲ့ခွဲ၍ ရပ်ကွက်အတွင်း ကွင်းဆင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများဖြစ်သော (ဖုံး၊သွန်၊ လဲ၊ စစ်) လုပ်ငန်းများ၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး မိုးရာသီတွင် ဖြစ်ပွားမှုနှုန်းမြင့်တက်လေ့ရှိသဖြင့် နိုင်ငံနှင့်အဝန်းတွင် သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်နှိမ်နင်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ အသိပညာပေးဟောပြောပွဲများ၊ ကြိုတင်ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာနများက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **နေဝါ(မိုးကုတ်)**

**မြင်းမူမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ကြီး ဦးဆောင်ပြီး မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာနနှင့် မြတ်သုခကျန်းမာရေးနှင့် လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ အမက(၅)ကျောင်း၊ မူလတန်းလွန် နှစ်ကျောင်းနှင့် အထကကျောင်းနှစ်ကျောင်းတွင် ဇူလိုင် ၄ ရက်က ခြင်ဆေးဖျန်းစဉ်။**
(၀၇၉)





# လှိုင်းဘွဲ့မြို့နယ်၌ ရေဘေးသရုပ်ပြလေ့ကျင့်

**လှိုင်းဘွဲ့ ဇူလိုင် ၈**

ကရင်ပြည်နယ်အတွင်း မိုးရာသီကာလ၌ ရေဘေးကြုံတွေ့နိုင်သော နေရာဒေသများတွင် ရေဘေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြလေ့ကျင့်ခြင်းများကို ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ လှိုင်းဘွဲ့မြို့နယ် လှိုင်းနွဲ့ကျေးရွာ၌ ရေဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုကို CDA အဖွဲ့နှင့် ပူးပေါင်း၍ ဇူလိုင် ၄ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်မှုတွင် လှိုင်းဘွဲ့မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် ကျေးရွာမှ ပြည်သူ ၁၃၀ တို့ပူးပေါင်းပါဝင်ခဲ့ပြီး ရေဘေးဖြစ်ပွားပါက ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခြင်း၊ ရေစီးတွင်မျောပါသူများအား ရှာဖွေကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ ရှေးဦးပြုစုနည်းများဖြင့် ပြုစုမှုသရုပ်ပြလေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့ကြပြီး သဘာဝဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပါက ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နိုင်ပြီး ပျက်စီးဆုံးရှုံးမှုနည်းပါးစေရေးအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုပေါင်း၍ ကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်မှုများကို မြို့နယ်များတွင် ဆောက်ရွက်လျက်ရှိသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လမ်းမကြီးအချို့တွင် ကုန်တင်ယာဉ်ရပ်နားခွင့်ရရှိလာ



**ရန်ကုန် ဇူလိုင် ၈**

အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းသဘာဝအရ မိုးရာသီအတွင်း လုပ်ငန်းကျဆင်းမှုနှင့်အတူ ကုန်တင်ယာဉ်အများအပြား ရပ်နားမှုရှိတတ်သည်။ ကုန်တင်ယာဉ်အများစုရှိသော ရန်ကုန်မြို့တွင် ယာဉ်မရပ်ရသတ်မှတ်ထားသော လမ်းမများအရေအတွက်မှာ ၁၀၀ ဝန်းကျင်ရှိသည့်အတွက် အခက်အခဲများရှိနေသည်။

ဇူလိုင် ၄ ရက်တွင် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ “ကုန်တင်ကားဂိတ်များသို့ ဝေငှသော ဇူလိုင် ၁ ရက်နေ့စွဲပါ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ အသိပေးနှိုးဆော်စာပါ ဖော်ပြချက်များကြောင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ လမ်းမကြီးအချို့တွင် ကုန်တင်ယာဉ်ရပ်နားခွင့် ရရှိလာကြောင်း မြစ်ဝကျွန်းပေါ် ဒေသသွားကုန်ကားဂိတ်ပိုင်ရှင် ကိုအောင်ဇော်က ပြောသည်။

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းကွပ်ကဲမှုရုံးတွင် ၂၀၁၅ ဇွန် ၁၉ ရက်ကပြုလုပ်သော ကုန်တင် ယာဉ်ရပ်နားရေး ကိစ္စအစည်းအဝေး ဆုံးဖြတ်ချက်အရ ပွဲရုံဝင်းအတွင်းရှိ ကျွန်းရွှေဝါလမ်း (အရှေ့ဘက်ခြမ်း)၊ ကားကြီးဝင်းပတ်လမ်း (ကုန်စည်ဒိုင်) နောက်ကြော၊ ရိုးကြီးချောင်းပတ်လမ်း (မြောက်ဘက်ခြမ်း)၊ အင်းကြင်း လမ်း(တောင်ဘက်ခြမ်း)တို့တွင် ကုန်တင်ယာဉ်စုစုပေါင်း ၁၁၅ စီးရပ်နားလာနိုင်မည်။ ယင်းလမ်းများတွင် ယာဉ်ရပ်နားရန်နေရာ မရှိပါက ယင်းမာလမ်းတစ်လျှောက် စည်းကမ်းတကျ ရပ်နားနိုင်မည်ဟု အသိပေးနှိုးဆော်စာတွင် ပါရှိသည်။

ရပ်နားမည့်ယာဉ်များသည် အသင်းရုံးသို့ မိမိတို့ကုန်တင်ဆောင်သည့် ကုန်ကားဂိတ်အမည်၊ ရပ်နားမည့် ခန့်မှန်းအချိန်၊ ယာဉ်အမှတ်၊ ဆက်သွယ်ရန် ဖုန်းနံပါတ်များအား လာရောက်သတင်းပေးပို့ ထောက်ခံချက်ရယူရမည်။ ထို့နောက် စည်ပင်ကွပ်ကဲမှုရုံးတွင် သတင်းပို့ ခွင့်ပြုချက်ရယူပြီး အဆိုပါ လမ်းမကြီးများတွင် စနစ်တကျ ရပ်နားခွင့်ရှိသည်။

ခွင့်ပြုချက်မရှိခြင်း၊ ခွင့်ပြုချက်ရှိသော်လည်း ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ခွင့်ပြုခြင်းမရှိသော ကုန်ချိန်းခြင်းများကို တွေ့ရှိပါက လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ဒဏ်ငွေအဖြစ် ငွေကျပ်တစ်သောင်းစီဒဏ်ရိုက်မည်။ စည်းကမ်းလိုက်နာမှုမရှိသော ယာဉ်များကို နံပါတ်မှတ်၍ သုံးကြိမ်ပြည့်လျှင် ယာဉ်ရပ်နားခွင့်(လုံးဝ)လုံးဝခွင့်ပြုမည် မဟုတ်ပါဟု ဖော်ပြထားသည်။

ကုန်တင်ယာဉ်ဝင်ရောက်မှုများသော ဇူလိုင်လမှ အောက်တိုဘာလကုန်အထိ အထက်ဖော်ပြပါ လမ်းမကြီးငါးလမ်းတွင် ယာဉ်ရပ်နားခွင့်ပြုသော်လည်း အောက်တိုဘာလကုန်နောက်ပိုင်းတွင် ယင်းမာပင်လမ်း၌ ယာဉ်ရပ်နားခြင်းအား လုံးဝခွင့်ပြုမည် မဟုတ်ပါဟု ထပ်မံဖော်ပြထားသည်။

**ခင်ဆိုင်**

# မျိုးဆက်သစ်ဘောလုံးသမားများပေါ်ထွန်းရေး ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇူလိုင် ၈**




မျိုးဆက်သစ် ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းရေးအတွက် ၂၀၁၅-၂၀၁၆ ပညာသင်နှစ် မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးမှူး ဖလားအသက် ၁၅ နှစ်အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ကွင်းဖွင့်ပွဲကို ဇူလိုင် ၅ ရက်မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့နယ်အခြေပြု သင်တန်းဆရာမများနှင့် မူလတန်းကျောင်းသုံးကျောင်းမှ မူလတန်းကျောင်းသူ ၆၀ တို့က ပန်းပွားအကများ၊ ကဗျာလွတ်အကများနှင့်ကာယလေ့ကျင့်ခန်းများဖြင့် တင်ဆက်ကြသည်။

ထို့နောက် ကွင်းဖွင့်ဘောလုံးပြိုင်ပွဲအဖြစ် မော်လမြိုင်ကျွန်းမြို့နယ် အထက(၁) ဘောလုံးအသင်းနှင့် အထက(၂)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၁) ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## အထက်တန်းကျောင်းတိုးမြှင့်ဖွင့်

**သရက် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့တွင် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအဆင့် တိုးမြှင့်ဖွင့်ပွဲကို အဆိုပါ ကျောင်း၌ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျောင်းအဆင့်တိုးမြှင့်ပွဲအထိမ်းအမှတ် အလံများပေးအပ်ခြင်း၊ အလှူရှင်များက အလှူငွေများပေးအပ်ခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ပေါက်ကလေး(သရက်)**

## ဂန့်ဂေါခရိုင်အတွင်းရှိကျေးရွာ ၂၆ ရွာတို့တွင် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**ဂန့်ဂေါ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာပေါင်း ၂၆ ရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုငွေကျပ်သန်း ၂၂၅ ဒသမ ၆၅၀ အကုန်အကျခံလျက် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ရေပေးရေးလုပ်ငန်း ဆောင်ရွက်သွားမည့် ကျေးရွာများမှာ ဂန့်ဂေါ မြို့နယ်တွင် ကန့်သက်နှင့်ကဲ့ကျေးရွာနှစ်ရွာ၊ ထီးလင်းမြို့နယ်တွင် ဆင်တိုး၊ ကြူသာ၊ ကံသာ၊ သာလာ၊ ညှစ်ရှောက်၊ လှော်ဖြူပင်၊ ရေပုတ်နှင့် အကြည်ဝါးဘင်း စုစုပေါင်းကျေးရွာရှစ်ရွာ၊ ဆောမြို့နယ်တွင် ကျောက်ကျစ်၊ လယ်ဖြူ၊ လယ်ဦး၊ ကျောက်အသစ်၊ ဝက်ကု၊ တောင်ငကွတ်၊ သစ်တပ်၊ ပေါက်ချောင်း၊ လင်းတကျင်း၊ ငထောင်၊ ငှက်ပြာကျင်းနှင့် နတ်ကောင်းကျင်း စုစုပေါင်း ၁၂ ရွာ၊ ကျောက်ထုမြို့နယ်တွင် နသိုး၊ အကြည်ပန်းပလွန်း၊ နှော်နှင့်ကြီး စုစုပေါင်းကျေးရွာလေးရွာတို့ဖြစ်ကြသည်။

အဆိုပါကျေးရွာ ၂၆ ရွာတို့တွင် စုစုပေါင်းအိမ်ခြေ ၁၈၇၀၊ လူဦးရေ ၉၄၂၃ ဦးရှိပြီး လက်တူးတွင်း၊ ရေကန်၊ စိမ့်စမ်းရေသွယ်ခြင်းနှင့် အခြားနည်းလမ်းများဖြင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

## ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ ရေဘေးရှာဖွေကယ်ဆယ်ရေးသရုပ်ပြ

**ခင်ဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များမှ ရေဘေးရှာဖွေကယ်ဆယ်ရေး သရုပ်ပြပွဲကို ဇူလိုင် ၄ ရက် နံနက် ၁၀ နာရီက ရွှေသိမ်တော်အနီး OMC တူးမြောင်း၌ ကျင်းပသည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် သန္တေခြောက်ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က ဘောကွင်းပစ်၍ ကယ်ဆယ်ခြင်း၊ ကြိုးပစ်၍ ကယ်ဆယ်ခြင်း၊ ရေကူး၍ ချုပ်နည်းဖြင့်ကယ်ဆယ်ခြင်းတို့ကို သရုပ်ပြသခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေး၊



မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ပြည်သူများ စုစုပေါင်း ၃၀ ခန့် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်ဦး-စိုးဝေ**

## သတင်းတို

### ဝမ်မိုင်ဆုံစံပြကျေးရွာမီးလင်းပြီ

ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့နယ်ပုံနေကျေးရွာအုပ်စုထိုဝမ်မိုင်ဆုံကျေးရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄၇၆၅၀၁၀၀ဖြင့် 11KVဓာတ်အားလိုင်း ၃ ဒသမ ငါး မိုင်၊ 11/0. 4 KV, 200KVA ထရန်စဖော်မာတစ်လုံးနှင့် 230/400Vဓာတ်အား လိုင်းနှစ်မိုင်ကို မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အနီးကပ်ကြီးကြပ်မှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ **မေ(ပြန် /ဆက်)**

### မိခင်နှင့်ကလေးသေဆုံးမှုကျဆင်းရေး အခမ်းအနားကျင်းပ

မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ မိခင်နှင့်ကလေးသေဆုံးမှုကျဆင်းရေး အရှိန်အဟုန်မြှင့်လုပ်ငန်းစတင်ခြင်း အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနညွှန်ချုပ် ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးအကြောင်းအရာများကို ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှင်းလင်းပြောကြားခဲ့သည်။

**ဇေယျာတု**

### တီဘီရောဂါဝေဒနာရှင်များအား အခမဲ့ကုသပေး

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် မြို့မ ပရိယတ္တိစာသင်တိုက်၌ ဇွန် ၃၀ ရက်တွင် ရှမ်းပြည်နယ်တီဘီရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်ဦးဆောင်သောဆရာဝန်၊ သူနာပြုဆရာမများ၊ ကလောပြည်သူ့ဆေးရုံနှင့်မိခင်နှင့် ကလေးကျန်းမာရေးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍တီဘီရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရှမ်းပြည်နယ် တီဘီရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်အဖွဲ့သည် ကလောမြို့ပေါ် ရပ်ကွက်များမှာ လာရောက်ပြသသော တီဘီရောဂါဝေဒနာရှင် ၁၂၉ ဦးတို့ကိုရောဂါရှာဖွေခြင်း၊ စမ်းသပ်ကုသပေးခြင်းတို့ကိုအခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


### တရားမဝင်သစ်ကားတစ်စီး ဖမ်းဆီးရမိ

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် တရားမဝင်ကျွန်း သစ်ခွဲသားများ တင်ဆောင်လာသော ၁၂ ဘီးယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပန်းတောင်းမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတင်ထွန်းနှင့်အဖွဲ့သည် ဇွန် စတုတ္ထပတ် ရက်က ညောင်ဂျိုးဘိနယ်အတွင်း စစ်ကြောင်းအသွင်ဖြင့် နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ပန်းတောင်း-တောင်ကုတ်ကား လမ်း မိုင်တိုင်အမှတ်(၄၄/၅) နှင့်(၄၄/၆ ) အကြားတွင် နီဆန်းဒီဇယ် ၁၂ ဘီးယာဉ် 6G/--- သည် လမ်းဘေးမြောင်းအတွင်းသို့ ကျနေသည်ကို တွေ့ရှိရပြီး ယာဉ်ပေါ်ပါ ပစ္စည်းများကို စစ်ဆေးရာ တရားမဝင်ကျွန်းသစ်ခွဲသား ၆၂ ချောင်း၊ (၉ ဒသမ ၁၇၅၂ ) တန်နှင့် ယာဉ်ရှေ့ခေါင်းခန်းတွင် နေပြည်တော် တံဆိပ် 8G /--- ကားနံပါတ်ပြားတစ်ခုကို တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့သည်။ သစ်ပိုင်ရှင်၊ ယာဉ်ပိုင်ရှင်များ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၀၈)**

# ကောင်းဆိုးနှစ်ဖြာ အဏုမြူနည်းပညာ

## အပိုင်း(၁)



**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

### အဏုမြူဆိုသည်မှာ

လူတို့ရှင်သန်နေထိုင်လျက်ရှိကြသော ဤမြေကမ္ဘာကြီးတည်ရှိရာ စကြဝဠာအတွင်းရှိ ဒြပ်ဝတ္ထုပစ္စည်းမှန်သမျှတို့သည် အက်တမ်ခေါ် အဏုမြူမှုန်များဖြင့် ဖွဲ့စည်းဖြစ် တည်လျက်ရှိနေကြသည်။ အဏုမြူမှုန်တို့လွယ်လင့်တကူပြိုကွဲသွားခြင်းမရှိအောင် အက်တမ်တို့၏အတွင်းပိုင်း၌ အလွန်ကြီးမားသော စွမ်းအင်များကို ကျစ်လျစ်သိပ်သည်းစွာစုစည်းထားသည့် နျူကလိယပ်စ်များ တည်ရှိသည်။

အဏုမြူမှုန်များထဲတွင် ထိုကဲ့သို့ ကျစ်လျစ်သိပ်သည်းစွာသိုမှီးထားသည့် စွမ်းအင်အများအပြားတည်ရှိနေကြောင်းကို ၂၀ ရာစု၏ ကနဦးအစကပင် ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။ သိပ္ပံပညာလောက၏ အဓိပတိဖြစ်သော ဆာအဲလ်ဘတ်အိုင်းစတိုင်းကလည်း အက်တမ်များထဲမှ စွမ်းအင်ကို လိုသလိုထုတ်ယူနိုင်ကြောင်း ၁၉၀၅ ခုနှစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဤသည်မှာကား ကမ္ဘာ့လူသားတို့၏ဘဝများအတွင်းသို့ Atomic Energy ခေါ် အဏုမြူစွမ်းအင်ဟူသည့် ဝေါဟာရ စတင်ရောက်ရှိလာခြင်းပင်ဖြစ်သည်။

### အဏုမြူစွမ်းအင်

အက်တမ်ခေါ် အဏုမြူများကို ဖြိုခွဲသည့်အခါ နျူကလိယပ်စ်များအတွင်းရှိ အပူစွမ်းအင်များ ထွက်ပေါ်လာသည်။ အဏုမြူမှုန်များမှ ထွက်ပေါ်လာသော စွမ်းအင်ဖြစ်သည့်အတွက် အဏုမြူစွမ်းအင်ဟု ခေါ်ဆိုနိုင်သလို . . . . အဏုမြူမှုန်များအတွင်းရှိ နျူကလိယပ်စ်များပြိုကွဲပြီးမှ ထွက်ပေါ်လာသော စွမ်းအင်ဖြစ်သည့်အတွက် နျူကလီးယားစွမ်းအင်ဟုလည်း ခေါ်ဆိုသုံးနှုန်းနိုင်သည်။

### အဏုမြူဓာတ်ပြုခြင်း

သဘာဝတွင်းထွက်ပစ္စည်းဖြစ်သော ရေဒီယိုသတ္တိကြွယူရေနီယံသတ္တုရိုင်းများကို အတိုင်းအတာတစ်ရပ်အထိရောက်အောင် သန့်စင်လိုက်သည့်အခါ ယူရေနီယံသတ္တုအက်တမ်၏အတွင်းမှ ဖစ်ရှင်တစ်ခုသည် နျူထရွန်နှစ်ခုကို ဖြစ်ပေါ်လာစေပြီး ယင်းနျူထရွန်နှစ်ခုကဖစ်ရှင်နှစ်ခုကို ထပ်ဆင့်ဖြစ်ပေါ်လာစေပြန်သည်။

အသစ်ဖြစ်ပေါ်လာသော ဖစ်ရှင်နှစ်ခုသည် နျူထရွန်အသစ်လေးခုကို တိုးပွားဖြစ်ပေါ်လာစေပြီး ဤကဲ့သို့သော ဆင့်ကဲတိုးပွားခြင်းဖြစ်စဉ်သည် နျူထရွန်များကို သန်းနှင့်ချီ၍ အဆမတန်တိုးပွားစေကာ အင်အားကြီးမားသော အဏုမြူစွမ်းအင်ကို ရရှိလာစေသည်။

အကယ်၍ ယူရေနီယံသတ္တုကို အမြင့်ဆုံးအဆင့်အထိ ဆက်လက်သန့်စင်လိုက်မည်ဆိုလျှင်မူ ယူရေနီယမ်နျူကလိယပ်စ်တစ်ခုသည် ဆင့်ကဲတိုးပွားခြင်းဖြစ်စဉ်ကြောင့် အဆသန်းပေါင်း ၂၀ နီးပါး မြင့်မားသော အပူဓာတ်နှင့်ပေါက်ကွဲအားကို ထုတ်ပေးနိုင်စွမ်းရှိလာလိမ့်မည်ဖြစ်သည်။ ဤသည်မှာကား အဏုမြူဓာတ်ပြုခြင်း၏ ပဏာမအဆင့်နှင့် အမြင့်ဆုံးအဆင့်တို့ပင် ဖြစ်ကြသည်။

အဏုမြူဓာတ်ပြုမှုကို စတင်ဖော်ထုတ်တွေ့ရှိခဲ့ကြသူများမှာ ဂျာမန်လူမျိုး ဓာတုဗေဒပညာရှင် Otto Hahn နှင့် ဆွစ်ကပြား၊ ဩစတြေးလျလူမျိုး သိပ္ပံပညာရှင် Lisa Meitner တို့ဖြစ်ကြသည်။ ယူရေနီယံနျူကလိယပ်စ်အတွင်းရှိ ဖစ်ရှင်ပြိုကွဲခြင်းကြောင့် နျူထရွန်များအဆမတန်တိုးပွားလာရာမှ မဟာအင်အားကြီးစွမ်းအင်များ ထွက်ရှိလာခြင်းနှင့် အဆင့်မြင့်ယူရေနီယံ U-235 ကိုဖြိုခွဲခြင်းဖြင့် ထင်မှတ်မထားသော အပူဓာတ်နှင့်ပေါက်ကွဲအားများ ဖြစ်ပေါ်လာခြင်းကို အဆိုပါပညာရှင်နှစ်ဦးတို့က ပထမဆုံးတွေ့ရှိခဲ့ကြသည်။

ကမ္ဘာ့မြေလွှာအောက်မှ တူးဖော်ရရှိသော ယူရေနီယံ သတ္တုအများစုတို့သည် U-238 များသာ ဖြစ်ကြသည့်အတွက် အဆင့်မြင့်ယူရေနီယံဖြစ်သော U-235 ဖြစ်လာအောင် ဓာတုဗေဒနည်းဖြင့် သန့်စင်ကြရသည်။ ယူရေနီယံ U-235 သည် အလွယ်တကူပြိုကွဲနိုင်ပြီး ဓာတုဓာတ်ပြုမှုဖြစ်စဉ်တွင် ကြီးမားသောစွမ်းအင်များ ထွက်ပေါ်လာနိုင်သည့်အတွက် စွမ်းအားမြင့်ယူရေနီယံဟုလည်း ခေါ်ဝေါ်နိုင်သည်။

ယူရေနီယမ်သန့်စင်သည့် လုပ်ငန်းစဉ်တွင် ဖယ်ရှားစစ်ထုတ်ခြင်းခံရသော အဆင့်နိမ့်ယူရေနီယမ်များသည် စွမ်းအင်ရယူထုတ်လုပ်သည့် လုပ်ငန်း၌ အသုံးချ၍မရတော့သည့်တိုင် အခြားသောကိစ္စရပ်အများအပြားတို့တွင် အလွန်အသုံးဝင်သော ပစ္စည်းများဖြစ်ကြသည်။ U-235 အဆင့်သို့ ရောက်ရှိလာသော ယူရေနီယံသတ္တုများကို ဓာတ်ပေါင်းဖိုအတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် စွမ်းအင်ကို ရယူထုတ်လုပ်ကြသည်။

ကမ္ဘာ့ပထမဦးဆုံးသော အဏုမြူဓာတ်ပေါင်းဖိုကို ၁၉၄၇ ခုနှစ်က တည်ဆောက်နိုင်ခဲ့သည်။ အဏုမြူစွမ်းအားကို ပေါက်ကွဲသည့်အဆင့်ထိတိုင် မရောက်ရှိစေဘဲ အဆင့်မြင့်နည်းပညာဖြင့်ထိန်းချုပ်ကာ စွမ်းအင်ကို အလိုရှိသလို ထိန်းညှိထုတ်ယူနိုင်သည့် အဏုမြူဓာတ်ပေါင်းဖိုများကိုအသုံးပြုပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို အမေရိကန်ပြည်ထောင်စုက ၁၉၅၁ ခုနှစ်၌ ပထမဦးဆုံး လုပ်ဆောင်နိုင်ခဲ့သည်။

ထိုအချိန်မှအစပြု၍ အဏုမြူဓာတ်ပြုခြင်းနည်းပညာကို အသုံးချလျက် အဏုမြူစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနေသော အဏုမြူဓာတ်ပေါင်းဖိုများသည် နိုင်ငံပေါင်း ၃၀ နိုင်ငံ၌ စုစုပေါင်း အရေအတွက် ၄၃၄ လုံးအထိ ရှိလာခဲ့သည်။

မျက်မှောက်ကာလတွင် အဏုမြူဓာတ်ပေါင်းဖို ၄၃၄ လုံးကို အကြောင်းပြု၍ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အား ပမာဏစုစုပေါင်းမှာ မီဂါဝပ်ပေါင်း သုံးသိန်းခုနစ်သောင်းကျော်ဖြစ်ပြီး တစ်ကမ္ဘာလုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ ၁၆ ရာခိုင်နှုန်းအထိပင် ရှိနေပြီဖြစ်သည်။

ကမ္ဘာအရပ်ရပ်၌ အသုံးပြုနေကြသော အဏုမြူဓာတ်ပေါင်းဖိုများ၏ ယေဘုယျသက်တမ်းသည် နှစ်ပေါင်း ၄၀ ဖြစ်ပြီး အကယ်၍ ပုံမှန်သက်တမ်းကုန်ဆုံးချိန်တွင် ဓာတ်ပေါင်းဖိုများကို ဆက်လက်အသုံးပြုလိုပါက နည်းပညာပိုင်းဆိုင်ရာ ထပ်မံအဆင့်မြှင့်တင်ပေးခြင်းဖြင့် နောက်ထပ် အနှစ် ၂၀ ထိတိုင် ဆက်လက်၍ သုံးစွဲသွားနိုင်သည်။

ဓာတ်ပေါင်းဖိုများ၏ စုစုပေါင်းသက်တမ်းသည် နှစ်ပေါင်း ၆၀ အထိ ရှိသည့်အတွက် အဏုမြူဓာတ်အားပေးစက်ရုံများကို ထပ်မံတိုးချဲ့တည်ဆောက်သွားကြမည်ဆိုလျှင် ၂၁ ရာစု ကုန်ဆုံးလွန်မြောက်သည့် အချိန်ကာလသို့ ရောက်ရှိသည့်တိုင် အဏုမြူစွမ်းအင်ဖြင့် ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ကမ္ဘာ့လူသားတို့က ဆက်လက်သုံးစွဲသွားကြရလိမ့်ဦးမည်ဖြစ်သည်။

### အရပ်ဘက် အဏုမြူနည်းပညာ

အဏုမြူနည်းပညာကို အသုံးချ၍ လူသားအကျိုးပြုလုပ်ငန်းများစွာတို့ကို ပြီးမြောက်စေနိုင်သည်။ လူသိများထင်ရှားသော အရပ်ဘက်သုံး အဏုမြူနည်းပညာမှာ အဏုမြူစွမ်းအင်ကိုသုံး၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သုံးစွဲခြင်းပင်ဖြစ်သည်။ ထိုမျှသာမက သိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ရောဂါရှာဖွေရေးလုပ်ငန်းများ၊ အစားအစာများ တာရှည်ခံအောင်ထိန်းသိမ်းသည့်လုပ်ငန်းများ စသည်တို့၌လည်း အဏုမြူနည်းပညာသည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ထို့ပြင် အလွန်တိကျသေချာရန် အထူးလိုအပ်သော အာကာသစီမံကိန်းများ၊ အာကာသသုတေသနလုပ်ငန်းများ၌လည်းအဏုမြူနည်းပညာသည် ထိပ်တန်းအဆင့်၌ ရှိနေသည်။ အလားတူပင် တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းအမျိုးမျိုးတို့၏သက်တမ်းကို ရှာဖွေစိစစ်ဖော်ထုတ် မှတ်တမ်းတင်သည့် လုပ်ငန်းများသည်လည်း အဏုမြူနည်းပညာကို အားကိုးအားထားပြုနေကြရသည့် လုပ်ငန်းများဖြစ်ကြသည်။

ပင်လယ်နှင့်သမုဒ္ဒရာများ၏ ရေပြင်အောက်သို့ ငုပ်လျှိုးကာ ခုတ်မောင်းသွားလာလျက်ရှိသော အဏ္ဏဝါသုတေသန ရေငုပ်သင်္ဘောများတွင် အဏုမြူစွမ်းအင်သုံးအင်ဂျင်များကို တပ်ဆင်အသုံးပြုလျက်ရှိနေကြသည်။

ကမ္ဘာ့မြောက်ဝန်ရိုးစွန်းဒေသဖြစ်သော အာတိတ်ရေခဲပြင်၌ အခြေချနေထိုင်ရင်း သုတေသနလုပ်ငန်းများစွာတို့ကို လုပ်ဆောင်နေကြသည့် သုတေသနပညာရှင်များထံသို့ သောက်ရေနှင့် အစားအစာများ၊ အသုံးအဆောင်ပစ္စည်းများ၊ စက်ကိရိယာများ၊ သုတေသနလုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများ စသည်တို့ကို သယ်ယူပို့ဆောင်ပေးနေကြသော ပင်လယ်ကူးသင်္ဘောကြီးများတွင် အဏုမြူစွမ်းအင်သုံး အင်ဂျင်များကို တပ်ဆင်အသုံးပြုလျက်ရှိနေကြသည်။

အဆိုပါသင်္ဘောကြီးများသည် အာတိတ်ဒေသသို့ ခုတ်မောင်းသွားလာသည့်အခါ အခြားသော ပင်လယ်နှင့်သမုဒ္ဒရာရေပြင်များ၌ ခုတ်မောင်းသွားလာနေကြသော သင်္ဘောများကဲ့သို့မဟုတ်ဘဲ၊ အာတိတ်ရေပြင်၌ မျောပါနေသော ဧရာမရေခဲတုံးကြီးများကို တိုက်ခွဲရင်း ခုတ်မောင်းသွားလာကြရသည့် အားလျော်စွာ လောင်စာတစ်ကြိမ် ဖြည့်သွင်းထားရုံဖြင့် ဥရောပတိုက်နှင့် အာတိတ်ဒေသအကြား အခေါက်ပေါင်းများစွာကူးသန်းသွားလာနိုင်အောင် စွမ်းအားအလွန်ကြီးမားသော အင်ဂျင်ကြီးများကို တပ်ဆင်အသုံးပြုရန်လိုအပ်သည်။ ယင်းလိုအပ်ချက်ကို အကောင်းဆုံးဖြည့်ဆည်းပေးနေသောအရာမှာ အဏုမြူစွမ်းအင်သုံး အင်ဂျင်များပင် ဖြစ်ကြသည်။

### (၆)စစ်ဘက်သုံး အဏုမြူနည်းပညာ

ရေဒီယိုသတ္တုကြွ ယူရေနီယံသတ္တုကို ဓာတုဗေဒနည်းဖြင့်အမြင့်ဆုံးအဆင့်အထိ သန့်စင်လိုက်သည့်အခါ ယူရေနီယံနျူကလိယပ်စ်၏ဖစ်ရှင်မှ ဆတိုးဆင့်ကဲပွားများလာသောသန်းနှင့်ချီသည့် နျူထရွန်များကြောင့် မျှော်မှန်းမထားသော အင်အားပမာဏကြီးမားလှသည့် အပူဓာတ်နှင့် ပေါက်ကွဲအားကို ထုတ်ပေးနိုင်စွမ်းရှိလာသည်။

ကိန်းဂဏန်းပမာဏဖြင့်ဆိုရလျှင် အဆင့်မြင့်သန့်စင်ထားသော ယူရေနီယံ ၂ ဒသမ ၁ ပေါင်သည် တီအင်တီပြင်းအား တန်ပမာဏ ၁၉၅၀၀ နှင့် ညီမျှသော ပေါက်ကွဲမှုကြီးကို ဖန်တီးပေးနိုင်သည်။ တစ်နည်းဆိုရသော် ယင်းပမာဏသည် ဒုတိယကမ္ဘာစစ်အတွင်းက မြို့ပေါ်သို့ကြဲချခဲ့သည့် အဏုမြူဗုံး၏ အဖျက်စွမ်းအားနီးပါးမျှပင် ဖြစ်သည်။

ထိုအဆင့်သည်ကား စစ်ဘက်သုံး အဏုမြူနည်းပညာ၏ ရည်မှန်းချက်ပန်းတိုင်ပင်ဖြစ်သည်။ ထိုရည်မှန်းချက်ပန်းတိုင်ကြီးသည်ပင်လျှင် အဖျက်စွမ်းအားကြီးမားလှသည့် အဏုမြူလက်နက်များထုတ်လုပ်ရေးဆီသို့ ဦးလှည့်ပေးလျက်ရှိနေသည်။

ထို့ပြင် အဆင့်မြင့်အဏုမြူဓာတ်ပြုမှုကြောင့် ရရှိလာသော ရေဒီယိုအိုင်ဆိုတုပ်များအား အသုံးပြုပြီး အဆိပ်ငွေ့များပျံ့လွင့်စေသော ဗုံးများကို ထုတ်လုပ်နိုင်ပြီဖြစ်ရာ ယင်းသို့သော နည်းပညာများကလည်း လူအများကို အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေသောလက်နက်များ (Weapon of Mass Destruction-WMD) အဖြစ် လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိနေသည်။

---

## စက်သုံးဆီကုန်သည်ကြီးများအသင်း လုပ်ငန်းညှိနှိုင်း

**တောင်ကြီး ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) စက်သုံးဆီကုန်သည်ကြီးများအသင်း၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့် တက်ရောက်ခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးက ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် လုပ်ငန်းများအဆင်ပြေစေရန်၊ လုပ်ငန်းလိုင်စင်များပြုလုပ်၍ ပြင်ပနှင့်ဆက်သွယ်မှုလွယ်ကူပြီး နိုင်ငံခြားငွေများဖြင့် ဝယ်နိုင်ရန်အတွက် ဆောင်ရွက်နေသည့် ပုဂ္ဂလိကလုပ်ငန်းများကို လမ်းဖွင့်ပေးလိုက်သော ပုဂ္ဂလိကလုပ်ငန်းတစ်ခုအနေဖြင့် ပြည်သူလူထုများပါဝင်နိုင်ရန်အတွက် လုပ်ငန်းရှင်များပါဝင်ရောင်းချနိုင်ရန် မှာကြားခဲ့သည်။ ပြည်နယ် ရောင်းဝယ်ရေးအရာရှိ ဦးစိုးတင့်က စက်သုံးဆီရောင်းချမှုနှင့် သိုလှောင်ဖြန့်ဖြူးမှုအတွက် တည်ဆောက်ထားရှိရမည့်အချက်များနှင့် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

---

## ဓနုဖြူမြို့၌ သိပ္ပံနည်းကျ ပုလဲသွယ်မျိုးစေ့ချပွဲကျင်းပ

**ဓနုဖြူ ဇူလိုင် ၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာ လယ်သမားဦးသန်းစိန်၏ ပုလဲသွယ် (၁၀)ဧက စံပြစိုက်ခင်းတွင် ဇူလိုင် ၆ ရက်က မျိုးစေ့ချပွဲကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးသိုက်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တောင်သူများ တက်ရောက်ခဲ့ကြပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက သိပ္ပံနည်းကျ ၁၄ ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ မျိုးစေ့ချနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**



# ပုလဲမြို့နယ်အတွင်း စက်ရေတွင်းကိုးတွင်းတူးဖော်လျက်ရှိ

**ပုလဲ ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရန် စက်ရေတွင်းကိုးတွင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၈၉ ဒသမ ၅၅ သန်းဖြင့် တူးဖော်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးခိုင်က " ကျေးလက်နေပြည်သူတွေအတွက် သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့ စက်ရေတွင်းတူးဖော်ခြင်းနဲ့ ဂါလန် ၁၀၀၀ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းတွေကို မြကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ သေတ္တာရာကျေးရွာ၊ ရိုးမြောက်ကျေးရွာ၊ ချင်ပြစ်ကျင်းကျေးရွာ၊ ပျဉ်လှိုင်းကျေးရွာ၊ ပျော်ဘွယ်ကျင်းကျေးရွာ၊ ကျေးသမ္ဘားကျေးရွာနှင့် အင်တိုင်းသာကျေးရွာတွေမှာ တစ်ရွာကို ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၉၅ သန်းနဲ့ ဆောင်ရွက်ပေးနေပါတယ်။ မြကုန်းကျေးရွာမှာတော့ အနက်ပေ ၉၀၀ ကျော်ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ဇွန်လကုန်မှာ ပြီးစီးခဲ့ပြီး ဂါလန် ၁၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် ဇေတီယျံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်အောင်က "မြကုန်းကျေးရွာလေးက သောက်သုံးရေလုံလောက်မှု ရှိပေမယ့် တွင်းရေက အပေါ်ရေဆိုတော့ သောက်ရတာ၊ ထမင်းချက်ရတာ မကောင်းဘူး။ ရေကနည်းနည်းငန်တယ်။ အဲဒီရေနဲ့ ထမင်းချက်ရင် ထမင်းအရောင်က ဖြူဖွေးမလာဘူး။ ဝါသွားတယ်။ တစ်ခါတလေဆို ရွာနဲ့တစ်မိုင်လောက်ဝေးတဲ့ ဂတ်ကန်အနီးက ရေတွင်းဆီကိုသွားပြီး ရေခပ်ရတာတွေ ရှိပါတယ်။ အခုတော့ ကျေးလက်ဦးစီးဌာနကနေ အနက်ပေ ၉၀၀ ကျော်ရှိ စက်ရေတွင်းတူးဖော်ပေးတော့ ထွက်လာတဲ့ရေက မြေအောက်ရေဆိုတော့ မငန်ဘူး။ ရေချိုရတယ်။ ထမင်းချက်ရင်လည်း အရောင်ကဖြူဖွေးနေတာပဲ။ ဒါကြောင့် သန့်ရှင်းသောသောက်သုံးရေ ရရှိအောင်ဆိုပြီး ငွေကြေးအကုန်အကျခံ စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ကျေးလက်ဦးစီးဌာန ဝန်ထမ်းတွေကို ကျေးရွာသူ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး (ဇေယျာမြေ)**



# မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲကျင်းပ

**ချောင်းဦး ဇူလိုင် ၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဖလား ဘော်လီဘောပြိုင်ပွဲကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ချောင်းဦးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှ အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၅ ရက်မှ ၆ ရက်အထိ ယှဉ်ပြိုင်ကစားကြသည်။ ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမဆုငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုငွေကျပ်တစ်သိန်း၊ နှစ်သိမ့်ဆုငွေကျပ် ငါးသောင်းချီးမြှင့်မည်ဖြစ်ကြောင်း မြို့နယ်အား/ကာဦးစီးအရာရှိ ဦးကျော်သူရက ပြောသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မသန်စွမ်းအလေးမ ၄၉ နှင့် ၆၅ ကီလိုဂရမ်တန်း ဆုတံဆိပ်မျှော်မှန်း

**ရန်ကုန် ဇူလိုင် ၈**

ဒီဇင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ မသန်စွမ်းအလေးမအားကစားအသင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ကစားနည်းကီလိုဂရမ်တန်း ၄၉ ကီလိုဂရမ်တန်းနှင့် ၆၅ ကီလိုဂရမ်တန်းတို့အတွက် ဆုတံဆိပ်များ မျှော်မှန်းထားကြောင်း သိရသည်။

လက်ရှိ မသန်စွမ်းအလေးမအားကစားသမား ဒူးအောက်တစ်ဖက်ပြတ်ခြောက်ဦး၊ ပိုလီယိုနှစ်ဖက်နှစ်ဦးနှင့် ပိုလီယိုတစ်ဖက်တစ်ဦးတို့မှာ အုပ်ချုပ်သူတစ်ဦး၊ နည်းပြသုံးဦးတို့ဖြင့် စခန်းဝင် လေ့ကျင့်လျက်ရှိပြီး (၇) ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲမှ လူဟောင်းကစားသမားငါးဦး ပါဝင်ကြောင်း သိရသည်။ ကစားနည်းကီလိုဂရမ်တန်းအရ ၄၉ ကီလိုဂရမ်တန်း တစ်ဦး၊ ၅၄ ကီလိုဂရမ်တန်းတစ်ဦး၊ ၅၉ ကီလိုဂရမ်တန်းနှစ်ဦး၊ ၆၅ ကီလိုဂရမ်တန်းနှစ်ဦး၊ ၇၂ ကီလိုဂရမ်တန်းနှစ်ဦး၊ ၈၀ ကီလိုဂရမ်တန်း တစ်ဦးတို့ပါဝင်ပြီး ပြိုင်ပွဲကာလ မတိုင်မီ တရုတ်နိုင်ငံ၌ သုံးလ သွားရောက်လေ့ကျင့်ကြမည် ဖြစ်သည်။

မသန်စွမ်း အလေးမအားကစားအသင်းမှ နည်းပြဦးသူရက"အလေးမအားကစားအသင်းက (၇) ကြိမ်မြောက်ပါရာဂိမ်းကျမှ ကစားသမား ၁၂ ဦးနဲ့ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ အဲဒီတုန်းက ဆုတံဆိပ်မဝင်ခဲ့ဘူးဆိုတာကလည်း လေ့ကျင့်ချိန်က ခြောက်လလောက်ပဲရှိခဲ့တာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနိုင်ငံတွေကျတော့ လေ့ကျင့်ချိန်က ငါးနှစ်နဲ့ ၁၀ နှစ်ကြား ရှိကြတာပါ၊ ကိုယ့်နိုင်ငံမှာ ကျင်းပလို့လည်း ဒီအားကစားနည်း ၁၂ မျိုး စလုံးကို ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုပြီး တာဝန်ရှိသူတွေက ဆုံးဖြတ်ကြတဲ့အခါမှာ ကျွန်တော်တို့က ရှိနေတဲ့ အင်အားနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာပါ၊ ပြီးတော့ လေ့ကျင့်ချိန်နည်းနည်းနဲ့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြလို့ ကျွန်တော်တို့ မြန်မာနိုင်ငံက မသန်စွမ်း အလေးမအားကစားအသင်းကို အာဆီယံဒေသတွင်း နိုင်ငံများက အသိအမှတ်ပြုကြပါတယ်။ (၈) ကြိမ်မြောက် ပါရာဂိမ်းပြိုင်ပွဲအတွက်တော့ အများကြီးပြင်ဆင်ထားပါတယ်"ဟု ပြောသည်။

(၈)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မသန်စွမ်း အလေးမအားကစားသမားမျိုးဆက်သစ်သုံးဦး ထပ်မံခေါ်ယူထားသေးကြောင်း၊ လက်ရှိအမျိုးသားအားကစားသမားများသာ ဖြစ်သည့်အတွက် အမျိုးသမီးအားကစားသမားများပါ ဖွဲ့စည်းရန်အတွက် မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်သို့ တင်ပြထားကြောင်း မသန်စွမ်းအလေးမအားကစားအသင်းမှ သိရသည်။

**စိုးဝင်း(SP)**

# စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်လှစ်

**ကလေး ဇူလိုင် ၈**

လယ်ယာလုပ်ငန်းကို လုပ်ကိုင်နေကြသော ဒေသတွင်းတောင်သူများ စိုက်ပျိုးရေးတွင် အဆင်ပြေစေရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းကို ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၌ ဇွန်လနောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။




အဆိုပါ ရှေ့တန်းစခန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာနမှ ပြောကြားရာတွင် "စက်မှုလယ်ယာပညာပေး လုပ်ငန်းတွေ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးနဲ့ ဒေသတွင်းတောင်သူတွေ စိုက်ပျိုးရာသီမှာ လယ်ယာလုပ်သားရှားပါးလို့ စက်တွေနဲ့ထွန်ယက်ချင်တယ်ဆိုရင် စျေးနှုန်းချိုသာပြီး လွယ်လွယ်ကူကူ ငှားရမ်းနိုင်အောင် ရှေ့တန်းစခန်းတွေ ဖွင့်လှစ်ပေးပြီး ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် မိုးစပါးထွန်ယက်စိုက်ပျိုးချိန်တွင် ထွန်စက်များကို ပို့ဆောင်ပေးထားမည်ဖြစ်ပြီး စိုက်ပျိုးရာသီပြီးဆုံး၍ ရိတ်သိမ်းချိန်တွင်လည်း ရိတ်သိမ်းခြွေလှေ့စက်များကို ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**

# အမျိုးသားတစ်ဦးအား သံပန်းတံခါးပေါ်၌ သေဆုံးလျက်တွေ့ရှိ

**တောင်တွင်းကြီး ဇူလိုင် ၈**

တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံးရှေ့ သံပန်းတံခါးပေါ်၌ အမျိုးသားတစ်ဦး သေဆုံးနေသည်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းကတွေ့ရှိခဲ့ကြောင်း တောင်တွင်းကြီး မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းအရ တောင်တွင်းကြီး မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးမြင့်ထွန်းနှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ ကိုကျော်ထင်မိုး(ခ) ဘဲကြီး(၄၈နှစ်) တောင်ပြင်(၂) ရပ်ကွက်နေသူသည် အရက်မူးပြီး နေအိမ်သို့ပြန်လာစဉ် ရုံးဝင်းတံခါးပိတ်ထားသဖြင့် ကျော်တက်ရာ ရုံးအတွင်းဘက်သို့ ပြုတ်ကျကာ သံတံခါးသံတိုင်နှင့် ဦးခေါင်းရိုက်မိ၍ သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ(မကွေး)**



# ခြင်မှတစ်ဆင့် ကူးစက်ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**တပ်ကုန်း ဇူလိုင် ၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရုံးများ၌ ခြင်မှတစ်ဆင့် ကူးစက်ရောဂါမဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇူလိုင်လပထမပတ်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်တို့ဦးစီး၍ ပြန်/ဆက်ရုံးခန်း၊ ငါးလုပ်ငန်းရုံးခန်း၊ စီမံကိန်းရုံးခန်း၊ အမျိုးသမီးရေးရာအဖွဲ့ရုံးခန်း၊ ကော်မရှင်အဖွဲ့ခွဲရုံးခန်း၊ တရားရုံးခန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းများ၊ အစည်းအဝေးခန်းမနှင့်ရေကန်အနီး ရေဝပ်များ၊ ပန်းအိုးများကို ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများက သောကြာနေ့တိုင်း ရုံးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

myanmar national airlines




*ခရီးသွားပြည်သူများ သက်တောင့်သက်သာရှိစေရန်အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ Boeing-737-800 NG လေယာဉ် သစ်ဖြင့် Yangon- Naypyitaw- Mandalay မြို့ကြီးများသို့ (July 6) ရက်နေ့မှစ၍နေ့စဉ် ဝန်ဆောင်မှုအသစ်များဖြင့် စတင်ပြေးဆွဲလျက်ရှိပါသည်*

ဖုန်းတစ်ချက်ဆက်လိုက်ရုံဖြင့် လေဆိပ်တွင်ဝယ်ယူစီးနင်းနိုင်ပါမည်။

| | ထွက်ခွာ | | ဆိုက်ရောက် |
|---|---|---|---|
| ရန်ကုန် | 07:00 | နေပြည်တော် | 07:35 |
| နေပြည်တော် | 08:20 | ရန်ကုန် | 08:55 |
| ရန်ကုန် | 15:00 | မန္တလေး | 15:50 |
| မန္တလေး | 16:35 | နေပြည်တော် | 17:05 |
| နေပြည်တော် | 17:50 | ရန်ကုန် | 18:25 |

ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ-

Hot Line : 01-378603

Call Centre : 01- 377840, 377841, 377842, 377843.

Yangon Airport (Sale): 09-254219651.


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6A/5699 Mitsubishi Canter FE315B, Light Truck 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၁၂/ဥကတ(နိုင်)၁၂၅၁၆၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

**ဖြည့်စွက် ဖတ်ရှုပါရန်**

၂၂-၆-၂၀၁၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀)ပါ အင်းစိန်မြို့နယ် ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ကျင်ခင် ၁၂/လသန(နိုင်)၀၀၀၃၂၂ ဟု ဖြည့်စွက်ဖတ်ရှုပါရန်။


iStock® ကုန်ပစ္စည်းထိန်းကွပ်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-252424002, 09-254151516, 09-43029798
MDY 09-43200283, 09-257333214
NPT 09-974432762, 09-974432763
Galaxy Software Co.,Ltd.
www.galaxy.com.mm

FAME HerbalSleep®
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1114)
၂/၂၀၀၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME HerbalFresh®
Mental refreshment
စိတ်ကြည်ဆေး
TMR 011255 (1114)
၂/၂၀၀၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

CROWN EDUCATION Yangon . Myanmar
မြန်မာလူငယ်များအတွက် "MBA Talk"
JCU SINGAPORE

- နိုင်ငံတကာမှ ဝင်ရောက်လာမည့် စီးပွားရေးလုပ်ငန်းအသီးသီးတွင် အခွင့်အရေးများရယူနိုင်ရန် မြန်မာလူငယ်များ ပြင်ဆင်ထားသင့်သည့်အခြေအနေများ
- MBA သင်ယူခြင်း၏ အနှစ်သာရနှင့် သင်ယူမည့်သူများ သိရှိထားသင့်သည့်အချက်များနှင့် Joint Master သင်ယူနိုင်မည့် အခွင့်အလမ်းများ
- စီးပွားရေးနှင့်စီမံခန့်ခွဲမှုများကို လေ့လာသင်ယူလိုသော လူငယ်များနှင့် (၁၀)တန်းအောင်မြင်ပြီးသူများအတွက် သင့်လျော်သော စီးပွားရေးပညာရပ်ဆိုင်ရာများ
- စီးပွားရေးဒီပလိုမာများနှင့် ဘွဲ့တစ်ခုခုရရှိထားသောသူများအတွက် ရွေးချယ်သင့်သောပညာရေးလမ်းကြောင်းများ

FREE ADMISSION

11 July
10:00 am - 12:00 noon
CROWN Education Office

Speaker Profile
Dr. Tony Stevenson
Doctor of Philosophy (PhD), University of Loughborough
MSc Finance (MSc), University of Leicester
MBA (Finance) (MBA), University of Leicester



Call Us : 01 527 838 - 09 730 40 688 - 09 732 732 77

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အတွက် အသုံးပြုမည့် အောက်ဖော်ပြပါ သုတေသနလုပ်ငန်းသုံးစက်ပစ္စည်း (၁၀၄) မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစက်ပစ္စည်း အသေးစိတ်အား သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အမှတ် (၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ရှိ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၂၉-၆-၂၀၁၅ ရက်မှ ၁၇-၇-၂၀၁၅ ရက်အထိ ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၃၁၅၁၇၉၇၆၊ ၆၆၅၂၉၂၊ ၀၉-၇၃၁၄၀၁၆၄၊ ၀၉-၄၂၀၀၉၃၇၅၊ ၆၆၃၂၅၈၊ ၆၆၃၀၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

---

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ အခြေခံမော်တော်ယာဉ်မောင်းနှင်မှုသင်တန်းကျောင်း(ဘားအံ)တွင် မော်တော်ယာဉ်အမောင်းသင်လေ့ကျင့်ကွင်းအတွက်(၁း၂း၄)ဘိလပ်မြေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း(အရှည် ၁၅၀၀'-၀")(အကျယ် ၁၂'-၀")(အထူ ၀'-၆")(အောက်ခံမြေသားလုပ်ငန်းအပါအဝင်)အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့်လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၁၂)ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် အခြေခံမော်တော်ယာဉ်မောင်းနှင်မှု သင်တန်းကျောင်း(ဘားအံ)တို့တွင် ၈-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၂၁-၈-၂၀၁၅ ရက်မွန်းတည့်၁၂း၀၀နာရီနောက်ဆုံးထား တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကိုခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ် ၁၂၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၄၃၀၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅ နှင့် အခြေခံမော်တော်ယာဉ်မောင်းနှင်မှု သင်တန်းကျောင်း(ဘားအံ)ဖုန်း-၀၅၈-၂၂၁၁၅၁ ၀၉-၂၅၅၇၂၀၉၉၆၊ ၀၆၇-၄၀၅၁၄၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

---

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မကွေး)ရှိ အခြေခံမော်တော်ယာဉ်မောင်းနှင်မှု သင်တန်းကျောင်းတွင် မော်တော်ယာဉ်အမောင်းသင်လေ့ကျင့်ကွင်းအတွက် ၁း၂း၄ ဘိလပ်မြေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (အရှည် ၁၅၀၀'-၀") (အကျယ် ၁၂'-၀") (အထူ ၀'-၆") (အောက်ခံမြေသားလုပ်ငန်းအပါအဝင်) အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၁၂)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(မကွေး)တို့တွင် ၈-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၁၂-၈-၂၀၁၅ရက် မွန်းလွဲ ၁၂း၀၀ နာရီ နောက်ဆုံးထားတင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုသော အချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ် (၁၂)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၄၃၀၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅ နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ (မကွေး) ဖုန်း-၀၆၃-၂၃၁၅၃၊ ၀၉-၄၉၂၂၉၀၉၂၊ ၀၆၇-၄၀၅၁၄၀ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေး**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|
| Comsumable | 8 Items | 1 Lot |
| Refractory | 17 Items | 1 Lot |
| Lubricant | 12 Items | 1 Lot |
| Dosing & Lab Chem; | 18 Items | 1 Lot |
| Chem;Reagent & Wet Method Chem; | 22 Items | 1 Lot |

၂။ **တင်ဒါပုံစံ စတင်ရယူနိုင်သည့်ရက်** - ၁၀-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၇-၂၀၁၅ရက်၊ ၁၄း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ယခင်-ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခု-ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀၊ မြေကွက်အမှတ် ၃၅၅၊ အကျယ်(၄၀'×၆၀')၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၃၅၅၊ သံလွင်လမ်း၊ ၈၀ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဗိုလ်မှူးနေမျိုး ၆/လလန(နိုင်)၀၅၉၃၉၁ အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်စန်းစန်းဌေး ၁၀/သထန(နိုင်)၀၄၂၈၁၈ မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းဦး** — **အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)**
**ဦးသန့်ဇော်** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**

---

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၆/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ** - REF 542 Plus (HMI) Unit with Control Program Installer, Variable Frequency Drive(VFD),Main Control Unit (FM-801), High Voltage Cable.

**မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း

**နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Fluorescent Indicator Dyed Gel

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Spare Parts for Synthesis Gas Compressor,Spare Parts for Urea Hydrolyzer Feed Pump & Diaphragm Disc Pack, Level Transmitter, Temperature Element & Low Voltage Manager (BDM-100) for Plant Control, Spare Parts for Ammonia Feed Pump, Flushing Pump, Absorber Feed Pump and Hydrolyzer Feed Pump, Level Transmitter (LT 3202,LT 3404,LT 3505), Differential Pressure Transmitter (PDT 8112), Control Valve (Temperature Valve TV 4001), Controller (F 701 C Weighting Controller) and Solenoid

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ၊ အခြား Tender များ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

---

**အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၈၄**

| | | |
|---|---|---|
| ၁။ ဦးသိန်းဝင်း | **နှင့်** | ၁။ ဦးရဲဝင်း |
| ၂။ ဦးအေးမင်းထက် | | ၂။ ဦးလှဟန် |
| **လျှောက်သူ** | | **အလျှောက်ခံရသူများ** |

အမှတ် ၃၄၂၊ ဗိုလ်မင်းရောင်လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးလှဟန် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

အထက်အမည်ပါ ဦးသိန်းဝင်း ပါ-၂ ဦးက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ဝရမ်းခွာပေးစေလိုသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျကြားပြောပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချုန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံးတော်၌**
**၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၁၆ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၃၂**

| | | |
|---|---|---|
| ဒေါ်သန်းသန်းတင့် | **နှင့်** | ဦးတင်ဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

အမှတ် ၈၅၂/ဘီ၊ မာန်ပြေ(၂)လမ်း၊ အရှေ့(၂/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးတင်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၄၁၆တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်သန်းသန်းတင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မန်ဟောက်ချုန်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၉၃**

| | | |
|---|---|---|
| ဒေါ်ဌေးဌေးဝင်း | **နှင့်** | ၁။ ဦးဖိုးကိုကို |
| | | ၂။ ဒေါ်ကြည်ကြည်ခင် |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် အမှတ်(၂၈)၊ ငါးလွှာ(B)၊ ဓမ္မဒါနလမ်း၊ ဌေးကြွယ်(က)ရပ်ကွက် (ယခုနေရပ်လိပ်စာမသိ)သူ ဦးဖိုးကိုကိုနှင့် ဒေါ်ကြည်ကြည်ခင်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၂၂-၁၂-၂၀၁၁ရက်စွဲပါ စာချုပ်များအရ ငွေ ၁၂,၅၁၅,၅၀၀ိ/-နှင့် နစ်နာကြေးငွေ ၂,၄၈၀,၀၀၀ိ/- စုစုပေါင်းငွေ ၁၅၀၀၀၀၀၀ိ/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင် သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးအေးသန့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၁၉၇**

| | | |
|---|---|---|
| ၁။ ဦးအောင်ခင် | နှင့် | ၁။ ဒေါ်နော်မရီ |
| ၂။ ဦးအောင်ထိန်း | | ၂။ ဦးစောအဲလ်ဘတ်(ခ)စောခိုအေး |
| | | ၃။ ဒေါ်နော်မူအေး |
| | | ၄။ ဒေါ်နော်ဇီးနာ |
| | | ၅။ ဒေါ်နော်ခင်မေသန်း |
| | | ၆။ ဒေါ်နော်ကေတုကျော် |
| | | ၇။ ဦးစောခိုထွေး |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သီတာလမ်း၊ အမှတ် ၆၀၊ (ယခုနေရပ်လိပ်စာမသိ) ဦးစောအဲလ်ဘတ်(ခ)စောခိုအေး သိစေရမည်။

သင့်အပေါ်၌ တရားလိုများက နှစ်ဦးသဘောတူကတိစာချုပ်အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့်တရားလိုနစ်နာဆုံးရှုံးသည့်ငွေများ ရလိုကြောင်းလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ပါရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ကပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး-၂**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**အင်းစိန်မြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၂**

| | | |
|---|---|---|
| ဦးကျော်စိုး | **နှင့်** | ဦးဆလိုင်းဇော်မင်းအေး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ် (၂၀၁/ခ)နေ တရားပြိုင် ဦးဆလိုင်းဇော်မင်းအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "၉-၉-၂၀၁၄ ရက်စွဲပါ ဝန်ခံကတိစာချုပ်အရ ငွေ ၁၈၅၀၀၀၀ိ/-ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၆ရက်(၁၃၇၇ခုနှစ် ပထမဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းလဲ့ဝေ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**အင်းစိန်မြို့နယ်တရားရုံး**

# Congratulations

**Our heartiest welcome and warmest congratulations**

**on the successful opening of**

SMBC

## Sumitomo Mitsui Banking Corporation (SMBC)

**Yangon branch in Myanmar on 9th July 2015.**

**Wishing you further success and achievements in providing excellent banking services**

**to benefit the economic development of Myanmar.**

Chairman
and Board of Directors
**KBZ BANK LTD.**


Certificate TH09/3125

LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ သီးကောင်းစေရန်၊
ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။

Certificate TH06/3966.02

ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၀ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ယ/၇၉၃၅၈ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာဦး ၅/ရဘန(နိုင်)၀၂၆၇၉၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရွှေဘို)၊ ရွှေဘိုမြို့**

**အမည်ပြောင်း**

အမှတ်(၉၁)၊ ခြေလျင်တပ်ရင်းမှ ဦးဝင်းအောင် ၁၃/ဟပန(နိုင်)၀၂၉၂၅၉ အား ၂၀၁၅ခုနှစ် ဇူလိုင် ၉ ရက်မှစ၍ ဦးညီညီလွင်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

ဦးအောင်မိုးကျော် ၁၂/တမန(နိုင်)၀၇၄၈၁၀၏သား ရွှေပြည်စိုးကိုယ်ပိုင် အထက်တန်းကျောင်းတက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းထက်အောင်အား မောင်သိန်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**အမည်ပြောင်း**

အဖ ဦးမြင့်သိန်းထွန်း(၈/ပခက(နိုင်)၀၄၉၈၅၄)၏သမီး ဖြစ်သူ အ.ထ.က(၂) အောင်ဆန်းသူရိယလှသောင်းကျောင်း၊ သတ္တမတန်း(ဂ)မှ မဆုဝတီလင်းအား မချယ်ရီမိုးမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မချယ်ရီမိုးမြင့်


SEVEN ၈ မာ်

မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိမြေကွက်များ
ရောင်းလိုပါသလား ?
SEVEN ၈ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"

Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၉ယ/၄၁၇၈ YINXIANG 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သဲသဲဝင်း ၅/ဘတလ(နိုင်)၀၈၁၇၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ယ/၂၉၅၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ဝင်း ၅/ရဥန(နိုင်)၀၂၂၁၇၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး ရွှေဘို(ရွှေဘိုမြို့)**


ရန်ကုန်မြို့တွင်းရှိ အထပ်မြင့် အိမ်ရာစီမံကိန်းများနှင့်
နိုင်ငံတော်စီမံကိန်းများအား ဆောက်လုပ်ခဲ့သော
Labour ကန်ထရိုက်တာများ
အောက်ပါ ဖုန်းနံပါတ် အတိုင်း အမြန်ဆုံးဆက်သွယ်ပါ။

ဆက်သွယ်ရန် → 09-423678170
09-458026260
09-972330023

တစ်လလျှင် လစာ(၁၀)သိန်းမှသိန်း(၂၀)ဝန်းကျင်အထိရရှိသော ကိုရီးယားသို့သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်
ဆရာဦးဇော်လင်း (B.A, Korean, YUFL) ဦးစီးတည်ထောင်သော
"ဟာနူးလ်"
ကိုရီးယားဘာသာသင်တန်းကျောင်း

- ကိုရီးယားဘာသာကို အခြေခံမှစ၍ သဒ္ဒါများ၊ စကားပြောများ၊ (EPS-TOPIK) မေးခွန်းများကို (4-Skills) ပြည့်စုံစွာဖြင့် သင်ကြားပေးနေပါသည်။
- အလုပ်ကောင်း လစာကောင်းများရရှိစေရန်၊ ကိုရီးယားနှင့်ပတ်သက်၍ အစမှအဆုံး နားလည်စေရန် လမ်းညွှန် သင်ကြားပေးနေပါသည်။
- သင်တန်းစမည့်ရက် >> (15-7-2015) ၊ (လစဉ်တန်းခွဲသစ်များရှိသည်)
- သင်တန်းနေရာ >> တိုက်(၅)၊ဗလွှာ၊(C-6)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

Ph: 09-400475420, 09-5418878, 09-976868569

ဦးဇော်မင်းအောင်
B.A (Korean), Y.U.F.L
(I.E.K.C.S) Song Kong Hoe University, S-Korea
ကိုရီးယားဘာသာစကားသင်တန်းကျောင်း

- ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် တက်ရောက်သင်ယူခဲ့သည်များ
- တောင်ကိုရီးယားနိုင်ငံ Song Kong Hoe University တွင် တက်ရောက်သင်ယူခဲ့သည်များ
- ကိုယ်တိုင်တောင်ကိုရီးယားနိုင်ငံတွင် လုပ်ကိုင်ခဲ့သောလုပ်ငန်းခွင်အတွေ့အကြုံများဖြင့် ပေါင်းစပ်သင်ကြားပေးမည်။ (လစဉ်တန်းခွဲသစ်များရှိသည်။)

15. 7. 2015 (ဗုဒ္ဓဟူးနေ့) [ 2:30-4:30 PM, 6:00-7:30 PM ] တန်းခွဲသစ်စမည်။

အမှတ် (၂၈၆)၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Ph. 09 450048814, 09 799 373 700, 09 425292545, 098645610

## သမဝါယမကောလိပ် (မန္တလေး)
## ဆဌမအကြိမ် အာစရိယပူဇော်ပွဲ

သမဝါယမကောလိပ် (မန္တလေး)၏ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ဆဌမအကြိမ်မြောက် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ၁-၈-၂၀၁၅ ရက် (စနေနေ့) နံနက် ၈နာရီအရောက် သမဝါယမကောလိပ်(မန္တလေး)သို့ မပျက်မကွက် တက်ရောက်ကြပါရန် ပန်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ကိုညီညီထွေး(မန္တလေး)ဖုန်း-၀၉-၂၀၁၀၈၃၅
(၂) ကိုငွေဇင် ဖုန်း-၀၉-၇၉၇၂၀၇၆၅၅
(၃) ကိုဇော်ဇော်နိုင် ဖုန်း-၀၉-၄၂၁၁၃၆၃၁၁
(၄) မခင်သင်းဦး ဖုန်း-၀၉-၇၃၅၀၀၁၈၉
(၅) မအေးအေးဖြူ ဖုန်း-၀၉-၄၄၄၀၁၉၇၀၃
(၆) ကိုသိန်းထိုက် (ရန်ကုန်) ဖုန်း-၀၉-၅၁၉၃၁၁၈
(၇) မမြင့်မြင့်သိန်း (ရန်ကုန်) ဖုန်း-၀၉-၄၃၁၈၁၅၁၅

အောက်ပါ ငွေစာရင်းနံပါတ်သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။
CB Bank Mandalay (1) 0532015748

**ဆဌမအကြိမ် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ (ယာယီ)**
**သမဝါယမကောလိပ် (မန္တလေး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/2656 Toyota Tundra P/U(4 x 4) L ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၁၂/ကမတ(နိုင်)၀၂၅၄၂၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဗိုလ်ကြီးဝင်းလှိုင် (ကျောက်ပန်းတောင်းမြို့) ဒေါ်မြစံပယ်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပါရမီမြစံပယ်ရိပ်သာလမ်း၊ ခြံအမှတ်(၆)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဗိုလ်မှူးကြီးမောင်ဌေး(ငြိမ်း)နှင့် ဇနီးဒေါ်စိန်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျိုက်ထိုမြို့၊ ကော့စံနိုင်ရပ်ကွက်၊ အေးရိပ်ငြိမ်(အရှေ့)၊ ရန်ကုန်-မော်လမြိုင်ကားလမ်းမဘေးရှိ ကံနီအရှေ့ကွင်း၊ မြေကွက်အမှတ် (၈၀၉) (တိုးချဲ့မြို့မြေ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကဟုခေါ်တွင်သော လူနေအိမ်ခြံမြေကွက်တစ်ကွက်ကို အထက်ဖော်ပြပါ ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးတို့က ၁၉၉၁ ခုနှစ် အောက်တိုဘာ ၂ ရက်ကတည်းက ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ယင်းလူနေအိမ်ခြံမြေကွက်တွင် မြေဖို့ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ လုပ်ငန်းများကို ပြုလုပ်လိုပါသဖြင့် ဗိုလ်ကြီးဝင်းလှိုင်(ကျောက်ပန်းတောင်းမြို့)၊ ဒေါ်မြစံပယ် (နေရပ်လိပ်စာမသိ)နှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကမဆို ဖော်ပြပါ လူနေအိမ်ခြံမြေကွက်နှင့် ပတ်သက်ပြီး ပိုင်ဆိုင်သည်ဟုအရေးဆိုလိုပါက ပိုင်ဆိုင်မှုဆိုင်ရာစာချုပ်စာတမ်းနှင့် အခြားစာမှတ်စာတမ်းသက်သေခံအထောက်အထားများ အပြည့်အစုံယူဆောင်လာပြီး ကျွန်ုပ်၏မိတ်ဆွေနှစ်ဦးနှင့်ဖြစ်စေ၊ ကျွန်ုပ်နှင့်ဖြစ်စေ ဤကြော်ငြာစာသတင်းစာတွင် ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း လာရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်းကြပါရန်နှင့် လာရောက်တွေ့ဆုံဆွေးနွေးညှိနှိုင်းရန် ပျက်ကွက်ခဲ့မည်ဆိုပါက ကျွန်ုပ်၏မိတ်ဆွေများအနေနှင့် မိမိတို့တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သည့်မြေကွက်အား လက်ရောက်ရယူပြီး မြေဖို့ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗိုလ်မှူးကြီးမောင်ဌေး(ငြိမ်း)၊ ဒေါ်စိန်စိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မြင့် ဝိဇ္ဇာဘွဲ့ (ဥပဒေ) ဥပဒေဘွဲ့**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၁၁၈)**
**အမှတ် (၉/၁၈၀)၊ မေခလမ်း၊ ရပ်ကွက်ကြီး ၂၊ ဥဿာမြို့သစ်၊ ပဲခူးမြို့**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/၄၊ နဝဒေးအိမ်ရာ၊ မြေကွက်အမှတ် ၄၅၀၊ အကျယ်ပေ (၆၀×၅၈)နှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

အထက်ပါအိမ်နှင့်ပတ်သက်၍ နှစ်၆၀ဂရန်အမည်ပေါက် ပိုင်ရှင်ဒေါ်အိအိလွင် ၇/လပတ(နိုင်)၀၀၅၁၂၉ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးလှထွန်း ၁၂/လမတ(နိုင်)၀၁၂၃၀၇မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို အိမ်မြေပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာလွင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)**
**ဖုန်း-၀၉-၅၁၈၉၆၈၉၊ ၀၉-၇၉၅၁၈၉၆၈၉**

## အမှတ် (၁၇၀/က)၊ မြင်သာ ၄လမ်း၊ ၁၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ အိမ်မြေနှင့်ပတ်သက်၍ အများပြည်သူသိရှိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ (၂၀'×၆၀')ရှိ မြေကွက်နှင့်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောချောအောင် ၁၁/ကတန(နိုင်)၀၄၈၅၃၂ သည် ၂၀၁၄ ခုနှစ် ဇူလိုင် ၇ ရက်က မြေကွက်နှင့်အိမ်ပိုင်ဆိုင်သူ ဦးမြတ်ဦး ၁၂/ပဘတ(နိုင်)၀၁၄၂၃၆ ထံမှ သင့်ရာတန်ဖိုးဖြင့်ဝယ်ယူပြီး ဒေါ်ချောချောအောင်က အရောင်းအဝယ်စာချုပ်မူရင်းများ၊ GENERAL POWER OF ATTORNEY၊ မူရင်း၊ မြေဂရန်စာချုပ်မူရင်းနှင့်တကွ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသော မြေကွက်နှင့်အိမ်ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့်အိမ်ကို မြေဂရန်စာချုပ်အတုပြုလုပ်လျက် ပေါင်နှံ၊ ရောင်းဝယ်နေကြောင်း သိရပါ၍ လိမ်လည်အတုပြုလုပ် ပေါင်နှံရောင်းဝယ်သူအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးထွန်းကျော်ခိုင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၄၆)**
**အမှတ် ၃၃၅၊ မင်းခေါင်(၁)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၀၅၆၆၀၉**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ၊မော်လမြိုင်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | ၃၀ လုံး |
| ၂။ | Cup board (steel glass door) ( 6'- 3'- 1.5') | ၄ လုံး |
| ၃။ | Student Table | ၁၄ လုံး |
| ၄။ | Student Chair | ၂၀ လုံး |
| ၅။ | Teacher Table | ၁ လုံး |
| ၆။ | Teacher Chair | ၁ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရ စက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၇-၂၀၁၅ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်) ဖုန်း-၀၅၇-၃၀၁၄၆၊၀၅၇-၃၀၅၂၈တို့သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မော်လမြိုင်)**


ဗြိုး
ဂျာထူးဝင်ခွင့်သင်တန်း
ဒုရဲအုပ် | လေယာဉ်မောင်/မယ်
စိစစ်ရေးမှူး-၂ (ဘဏ္ဍာရေးနှင့် အခွန်)
(၉)လပိုင်း ဖြေဆိုမည့်ဂျာထူးများ
Assignment ဝယ်ယူနိုင်သည်။
၁၅/F ၊မဟာဗောဓိလမ်း၊မြေနီကုန်း၊ရန်ကုန်။ ဖုန်း-၀၉၅၁၃၇၂၄၉


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7167 Toyota Hiace TRH 224 Mini Bus ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြအေး ၁၀/ကထန(နိုင်)၀၀၇၅၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၄၁၇၄၃ Nambo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မော်မော်ခိုင် ၉/တတဉ(နိုင်)၁၃၁၁၅၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ဦးဂိုလာမ်ဟူစိန် ၁၂/ဥကတ(ဧည့်)၀၀၀၀၀၅၊ ဒေါ်တင်တင်ဆွေ ၁၂/ဥကတ(နိုင်)၀၃၃၀၃၂ နှင့်**

## အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၇၅၈၊ အလျားပေ ၄၀ × အနံပေ ၆၀ရှိ ဒေါ်တင်အေး ၁၂/ဥကတ(နိုင်)၀၃၃၀၃၄ အမည်ပေါက် နှစ်၆၀မြေငှားဂရန် လက်ရောက်ရလိုမှုဖြင့် ဦးဂိုလာမ်ဟူစိန်မှ တရားလိုပြုလုပ်၍ ကျွန်ုပ်၏မိတ်ဆွေ သမီးငယ်ဒေါ်အေးအေးမြင့်အပေါ် တောင်ဥက္ကလာပမြို့နယ်တရားရုံး၌ တရားမကြီးမှုအမှတ် ၉၆/၂၀၁၄ ဖြင့် တရားစွဲဆိုထားပါလျက် သမီးကြီးဒေါ်တင်တင်ဆွေက ဖခင်ဦးဂိုလာမ်ဟူစိန်ထံမှ အထွေထွေကိုယ်စားလှယ်စာရယူကာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဒေါ်တင်အေးအမည်ပေါက် နှစ်၆၀ဂရန်မူရင်း ပျောက်ဆုံးကြောင်း ကတိသစ္စာပြုလွှာ မမှန်မကန်တင်ပြပြီး အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားခဲ့ခြင်းသာဖြစ်ပြီး ဒေါ်တင်အေး အမည်ပေါက်ဂရန်မူရင်းမှာ ပျောက်ဆုံးခြင်းမရှိဘဲ ကျွန်ုပ်မိတ်ဆွေဒေါ်အေးအေးမြင့် လက်ဝယ်၌ လက်ရှိဖြစ်ကြောင်း သိစေအပ်ပါသည်။ ထို့ပြင် ဂရန်မူရင်းပျောက်ဆုံးကြောင်း မမှန်မကန်တင်ပြပြီး မြေပုံကူးလျှောက်ထားခြင်းအား ခုနစ်ရက်အတွင်းပြန်လည်ရုပ်သိမ်းရန်နှင့် မရုပ်သိမ်းခဲ့ပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်သန်း LL.B** | **ဒေါ်ဂရေစီအေးမြင့် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၃၀၇၇/၈၅)** | **အထက်တန်းရှေ့နေ (စဉ်- ၃၉၉၄၉/၁၂)** |

**အမှတ် ၉၉၉၊ သစ္စာလမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
## အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်းမြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်းမြို့)အတွက် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ခေါ်ယူအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (1) | Computer Table | (30)Nos |
| (2) | Student Table | (14)Nos |
| (3) | Student Chair | (20)Nos |
| (4) | Teacher Table & Chair | (1)Pair |
| (5) | Cupboard (Steel, glass door) | (4)Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၆-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၇-၇-၂၀၁၅ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း) ဖုန်း-၀၉-၅၃၃၇၁၄၉နှင့် ၀၆၀-၂၁၀၆၁တို့တွင် စုံစမ်းနိုင်ပါသည်။

**အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)**

**ဖခင်အမည်မှန်**

တောင်တွင်းကြီးမြို့၊ အထက(ခွဲ) (ဒေဝီ) နဝမတန်းမှ မနွေးနွေးလွင်၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင်ဦး ၈/တတက(နိုင်)၁၂၁၁၃၆ ဖြစ်ပါကြောင်း။ **ဦးသိန်းလွင်ဦး**

## (၁) လပြည့် လွမ်းဆွတ်သတိရခြင်း

ချစ်သူငယ်ချင်း ဟာဂျီမ ဒေါ်ခင်ခင်အေး(ခ)ဟာဂျီမ ဒေါ်စကီနာဘီ(မိုးကုတ်)-

ချစ်သူငယ်ချင်း ခင်ခင်အေး ၉-၆-၂၀၁၅ ရက်တွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ အလ္လာဟ်အမိန့်ခံယူသွားကြောင်း ကြားသိရသည့်အတွက် မိသားစုနဲ့အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါတယ်။

လူ့ဘဝကို ရိုးရှင်းပြီး အပြစ်ကင်းစွာနေထိုင်သွားခဲ့တဲ့ ချစ်သူငယ်ချင်းကို အရမ်းနမြောမိပါတယ်။ ချစ်သူငယ်ချင်းရဲ့ပုံရိပ်လေးကို အမြဲသတိရတမ်းတနေတယ်။ အမှတ်တရတွေကို အမှတ်ရရင်း ဝမ်းနည်းကြေကွဲခံစားရပါတယ် ချစ်သူငယ်ချင်းရယ်။

ချစ်သူငယ်ချင်း ဂျန္နသ်နိဗ္ဗာန် စံမြန်းနိုင်ပါစေ။ (အာမိန်) **ချစ်တဲ့**
**ကြည်ကြည်ဝင်း (မိတ္ထီလာ)**

## (၁)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
## ဒေါ်ကြည်ကြည်မော်
### အသက် (၄၄)နှစ်

၉-၇-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားခဲ့တာ ၉-၇-၂၀၁၅ရက်ဆို (၁)နှစ်တိတိ ပြည့်ခဲ့ပြီဖြစ်ပေမယ့် ခင်ပွန်း၊ သမီးနှင့်သားများမှာ တစ်နေ့မှ မမေ့နိုင်ဘဲ နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေပါသည်။ ကွယ်လွန်သူအတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုများလည်း ပြုလုပ်ပေးနေပါတယ်။ ရောက်ရာဘုံဘဝကနေ အမျှရပြီး သာဓုခေါ်ဆိုနိုင်ပါစေ ဆုတောင်းလျက်။

**ချစ်ခင်ပွန်း - ဦးမောင်ဖုန်း (C.I.D)**
**ချစ်သမီး - မဇင်စပယ်ဖြိုးဖုန်း**
**ချစ်သား - မောင်ဝင်းသန့်ခန့်ကိုကို**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးအေးမြင့် (ဝါးခယ်မမြို့)
**အတွင်းရေးမှူး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ရန်ကုန်**
**အမှုဆောင်၊ ဝါးခယ်မမြို့နယ်အသင်း၊ ရန်ကုန်**
**အသက်(၆၉)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးလှထွန်း-ဒေါ်ဘီ)တို့၏သား၊ (ဦးတို-ဒေါ်ချို)တို့၏သားသမက်၊ ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊၄၈လမ်း၊ အမှတ် ၁၄၉၊ ငါးလွှာနေ ဒေါ်ခင်စောတင့်(ဈေး၊အမက၊ငြိမ်း၊ဝါးခယ်မ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်မော်)-ဒေါ်ခင်စောဦးတို့၏မောင်၊ ဦးမြင့်ကြည်၊ (ဦးငွေသိန်း)(အထက-၁)၊ ဒေါ်မိမိမြတ် (အထက-၁၊ဝါးခယ်မ)တို့၏အစ်ကိုကြီး၊ ဦးသက်နိုင်ဦး(Chief Mate Uniteam Marine )-ဒေါ်နီလာအေး၊ (ဦးကျော်အောင်)-ဒေါ်ဝဏ္ဏခင်(မိုးပုလဲကဖီး၊ ဝါးခယ်မ)၊ ဦးအေးမင်းစိုး (Second Officer )-ဒေါ်ရည်မွန်သန့် (ကြီးကြပ်ရေးမှူး၊ မြဝတီဘဏ်လီမိတက်)၊ ဦးပြည့်ဖြိုးပိုင် (တာဝန်ခံအင်ဂျင်နီယာ၊ ငပုတောစည်ပင်)-ဒေါ်သင်းသင်းယုတို့၏ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၇-၇-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆း၃၅နာရီတွင် (ခုတင်-၅၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၇-၂၀၁၅ရက်(ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(အမှတ် ၁၂(ပထပ်)၊စပယ်လမ်း၊ ရေကျော်၊ ပုဇွန်တောင် နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေကွက်အမှတ်(၉၁၂-ခ)၊ ကျော်သူ (၁၇)လမ်း၊ (၉)ရပ်ကွက်၊ ပေ (၂၀×၆၀)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို မူလမြေအမည်ပေါက် ဦးဗိုလ်ဗိုလ်အောင်-ဒေါ်ဇာခြည်လွင်ထံမှ အိမ်နှင့်မြေကွက်အရောင်းအဝယ် နှစ်ဦးသဘောတူကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ရောက်ပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်ဦး ၁၃/တကန(နိုင်)၁၄၆၄၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူ၍ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သော်တာလင်း ၁၂/ဥကတ(နိုင်)၁၂၄၄၉၅**
**ဖုန်း-၀၉-၂၅၀၄၃၆၈၇၂**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်သန်းအေး ၁၀/ခဆန(နိုင်)၀၃၃၈၅၉ အမှတ် (၂၆)၊ (၁၀) ရပ်ကွက်၊ ကွမ်လှာကျေးရွာ၊ ဘီးလူးကျွန်းချောင်းဆုံမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သန်းအေး၏သမီး ဒေါ်ခင်သန္တာ ၁၀/ခဆန(နိုင်)၀၇၉၄၃၅ သည် မိသားစု၏ဂုဏ်သိက္ခာညှိုးနွမ်းစေရန်ပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါဟု ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြဒါလီအောင်**
**(စဉ်-၃၂၇၄၄) အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၃၀၄၃၄၉၆**

**မမေသဇင် ၁၂/သဃက(နိုင်)၁၇၂၀၂၄၊ ဦးသိန်းဌေး ၁၂/သဃက (နိုင်)၁၄၃၀၃၄**

## "ကန်ထရိုက်တာများနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာ ၃ လမ်း၊ အမှတ် (၁၅၆/က)တွင် နေထိုင်သူ မြေရှင်များဖြစ်ကြသည့် ဦးမြသန်း ၁၂/သဃက(နိုင်)၁၂၇၃၈၇ နှင့် ဒေါ်သန်းနွဲ့ ၁၂/သဃက(နိုင်)၁၂၇၃၈၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယျာလမ်းရှိ အမှတ် (၈၈) ဟုခေါ်တွင်သော မြေကွက်အကျယ် (၄၂ ပေ× ၁၃၀ ပေ) မြေကွက်ပေါ်တွင် (နှစ်ခန်းတွဲ၊ သုံးထပ်၊ သုံးလုံး) ကန်ထရိုက်တိုက်သစ်များဆောက်လုပ်ရန် မြေရှင်များနှင့် ကန်ထရိုက်တာများ သဘောတူညီကြသည့်အတွက် "၇-၃-၂၀၁၄ ရက်တွင် အဆောက်အအုံသစ်ဆောက်လုပ်ရန် အပ်နှံခြင်းကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုခဲ့ကြသော်လည်း ကန်ထရိုက်တာများဘက်မှ "ပျက်ကွက်"သဖြင့် ကန်ထရိုက်တိုက်သစ်များဆောက်လုပ်ရန်ကိစ္စများကို ညှိနှိုင်းရန် မြေရှင်များမှ ကန်ထရိုက်တာများသို့ အသိပေးအကြောင်းကြားသော်လည်း ကန်ထရိုက်တာများဘက်မှ ဆက်လက်၍ "ပျက်ကွက်" နေသည့်အတွက် "၇-၃-၂၀၁၄ ရက်စွဲပါ အဆောက်အအုံသစ်ဆောက်လုပ်ရန်အပ်နှံခြင်း ကတိစာချုပ်နှင့် ဆက်စပ်မှုရှိသောစာချုပ်စာတမ်းများကို" ၂-၇-၂၀၁၅ ရက်မှစ၍ မြေရှင်များဘက်မှ ဖျက်သိမ်းကြောင်း ကန်ထရိုက်တာများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူမြေရှင်များ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးမြသန်း၊ ၂။ ဒေါ်သန်းနွဲ့** | **ဦးတင်လှ- အထက်တန်းရှေ့နေ (စဉ်-၁၈၁၂၃)** |

**ဒေါ်ဥမ္မာဦး (တရားလွှတ်တော်ရှေ့နေ)**
**DL-101 WIPO (Switzerland)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်များအား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်း မပြည့်သည့်အတွက် မူလအတိုင်းထားရှိရန် အတည်ပြုဆုံးဖြတ်

နေပြည်တော် ဇူလိုင် ၈

ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၉ ရက်မြောက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြပြီး လျှို့ဝှက်ဆန္ဒမဲပေးကာ လွှတ်တော်၏ အဆုံးအဖြတ်ရယူကြသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း**နှင့် စပ်လျဉ်း၍ ပုဒ်မ၊ ပုဒ်မခွဲ၊ ပုဒ်မခွဲငယ်များအား လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံဆန္ဒမဲ ၇၅ ရာခိုင်နှုန်းမပြည့်သည့်အတွက် မူလအတိုင်းထားရှိရန် လွှတ်တော်က အတည်ပြုဆုံးဖြတ်ခဲ့သည်။

**(၄င်းအတည်ပြု ဆုံးဖြတ်ခဲ့မှု အခြေအနေအား ဇယားဖြင့် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပုဒ်မခွဲ(ခ)တွင် အကျုံးဝင်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်သည့် ဥပဒေမူကြမ်း**နှင့်စပ်လျဉ်း၍ ဇယား(၂)နှင့်

*စာမျက်နှာ ၇ ကော်လံ ၁* ◆



ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

## ကွန်ကာကပ်ဖ်ရွှေဖလား အုပ်စုအဖွင့်ပွဲစတင်



အမေရိကန်နှင့် ဟွန်ဒူးရပ်စ်တို့ပွဲတွင် အမေရိကန်အတွက် အဖွင့်ဂိုးကို ဒမ်ဆေး သွင်းယူစဉ်။

မြောက်အမေရိကဇုန် ကွန်ကာကပ်ဖ်ရွှေဖလား ပွဲစဉ်များကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက အုပ်စုပွဲများ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။ အုပ်စု(က)မှ ပနားမားနှင့် ဟေတီပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ပနားမားအတွက် ကွင်တာရိုက ၅၆ မိနစ်တွင် သွင်းယူခဲ့ပြီး ဟေတီအတွက် ချေပဂိုးကို နေဇွန်က ၈၆ မိနစ်တွင် သွင်းယူခဲ့သည်။ အမေရိကန်နှင့် ဟွန်ဒူးရပ်စ် ပွဲစဉ်တွင် အမေရိကန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အမေရိကန်အတွက် သွင်းဂိုးများကို ဒမ်ဆေးက ၂၆ မိနစ်နှင့် ၆၄ မိနစ်တို့တွင် သွင်းယူခဲ့ပြီး ဟွန်ဒူးရပ်စ်အတွက် တစ်လုံးတည်းသောချေပဂိုးကို မိနစ် ၇၀ တွင် ဒစ်ကျူးက သွင်းယူခဲ့သည်။ ကွန်ကာကပ်ဖ်ရွှေဖလားတွင် အုပ်စုသုံးစုခွဲထားပြီး အုပ်စုတစ်စုတွင် အသင်းလေးသင်းပါဝင်ကာ ၁၂ သင်းယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စု(က)တွင် အမေရိကန်၊ ပနားမား၊ ဟေတီ၊ ဟွန်ဒူးရပ်စ်တို့ ပါဝင်သည်။ အုပ်စု(ခ)တွင် ကော်စတာရီကာ၊ အယ်လ်ဆာဗေဒို၊ ဂျမေကာ၊ ကနေဒါတို့ဖြစ်ကြသည်။ အုပ်စု(ဂ)တွင်

*စာမျက်နှာ ၁၃ ကော်လံ ၄* ❂

ယနေ့ မာ တိ ကာ

**ဒလကူးတို့သင်္ဘောဆိပ် ကျောက်ဖောခံအား ပြန်လည်တည့်မတ်ပြုပြင်**

စာမျက်နှာ » ၁၃

**လှိုင်သာယာအမှတ် (၁၅/၁၉) ရပ်ကွက်နှင့် ရွှေလင်ပန်း မြေတိုင်း(၂၈)ရှိ ကျူးကျော်ခြံဝင်းများကို ရှင်းလင်းဖယ်ရှား**

စာမျက်နှာ » ၁၄




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၀၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၃၅၁၊ ဖက်စ် ၀၆၇-၃၆၀၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။

# အခြေခံပညာရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၁၄။ အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကိုဆောင်ရွက်ရမည်-

(က) အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသောမူဝါဒများ၊ အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကချမှတ်ထားသော အမျိုးသားအဆင့် သင်ရိုးညွှန်းတမ်းဆိုင်ရာမူများ၊ စံများ၊ သတ်မှတ်ချက်များနှင့်အညီ အခြေခံပညာအဆင့် သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများ၊ သင်ရိုးမာတိကာများ အသေးစိတ်ရေးဆွဲခြင်း၊ သုံးသပ်ခြင်းနှင့် ပြုပြင်ခြင်းများကို ဆောင်ရွက်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ခ) ကျောင်းသုံးစာအုပ်များကို ပြဋ္ဌာန်းနိုင်ရန် စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဂ) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ ထုတ်လုပ်တင်ပြချက်ကိုစိစစ်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဃ) သင်ယူတတ်မြောက်မှုအဆင့်ကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ နည်းစနစ်များကို စိစစ်၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(င) သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အောက်ပါအဖွဲ့ငယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း-

(၁) ဘာသာရပ်အလိုက် သို့မဟုတ် ဘာသာရပ်အုပ်စုအလိုက် အဖွဲ့ငယ်များ၊

(၂) တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဒေသဆိုင်ရာသင်ရိုးညွှန်းတမ်းအဖွဲ့ငယ်များ၊

(၃) ကျောင်းသုံးစာအုပ်များစိစစ်ရေး၊ အသိအမှတ်ပြုရေးစသည်တို့ကို ဆောင်ရွက်ရမည့် အဖွဲ့ငယ်များ၊

(စ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်များ ရေးဆွဲပြဋ္ဌာန်းခြင်းနှင့် စပ်လျဉ်း၍ အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပခြင်း။

၁၅။ ဝန်ကြီးဌာနသည်-

(က) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက စိစစ်တင်ပြလာသော အခြေခံပညာရေး သင်ရိုးညွှန်းတမ်းစံများကို အတည်ပြုနိုင်ရန်အတွက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ စိစစ်တင်ပြရမည်။

(ခ) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက အတည်ပြုထားသော သင်ရိုးညွှန်းတမ်းစံများကို ပြဋ္ဌာန်းရမည်။

(ဂ) အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်ကော်မတီက စိစစ်တင်ပြလာသော အခြေခံပညာ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် ကျောင်းသုံးစာအုပ်များကိုစိစစ်၍ အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

၁၆။ အခြေခံပညာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရန်နှင့် ကျောင်းသုံးစာအုပ်များ ပြဋ္ဌာန်းရန် တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာနရှိ သင်ရိုးညွှန်းတမ်းဌာနသည်-

(က) သင်ရိုးညွှန်းတမ်းရေးဆွဲရာတွင် အောက်ပါအချက်များပါရှိစေရန် စီစဉ်ဆောင်ရွက်ရမည်-

(၁) သင်ရိုးညွှန်းတမ်းသည်လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး၊

(၂) မူကြို၊ သူငယ်တန်း၊ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင် သင်ရိုးညွှန်းတမ်းများ အဆက်အစပ်ရှိရေး၊

(၃) ဒေသဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊

(၄) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်ပြီး ဒီမိုကရေစီအလေ့အကျင့်ကောင်းများရရှိကာ ဘက်စုံဖွံ့ဖြိုးသည့် နိုင်ငံသားများ ဖြစ်ထွန်းလာစေရေး၊

(၅) ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ပေါ်ထွန်းလာစေရန် အားကစားနှင့် ကာယပညာလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ရေး၊

(၆) သင်ရိုးညွှန်းတမ်းသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့် လိုက်လျောညီထွေမှုရှိရေး၊

(၇) အင်္ဂလိပ်စာကို မူလတန်းမှစ၍ သင်ကြားရေး၊

(၈) အခြေခံပညာအဆင့်ဘာသာရပ်များကို တန်းတူတန်ဖိုးထား၍ တက္ကသိုလ်ပညာ၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို ဆက်လက်သင်ယူနိုင်မည့် အခြေခံကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနိုင်သော သင်ရိုးညွှန်းတမ်းဖြစ်ရေး၊

(၉) တိုင်းရင်းသားဖတ်စာအုပ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်ပြုစုပြီး အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသုံးစာအုပ်အဖွဲ့က စိစစ်တင်ပြရေး၊

(၁၀) ပြည်ထောင်စုတိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ဆောင်ရွက်ရေး၊

(၁၁) မသန်စွမ်းသူများအတွက် လူတိုင်းအကျုံးဝင်ပညာရေးအရ ပညာသင်ယူခွင့်ရရှိစေရန် အထူးပညာရေးလိုအပ်ချက်နှင့်အညီ ပေါင်းစပ်သင်ကြားနိုင်ရန် ဆောင်ရွက်ရေး၊

(ခ) အခြေခံပညာအဆင့်လိုက် လေ့လာသင်ယူမှုနယ်ပယ်များကို အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်နိုင်သည် -

(၁) ဘာသာစကား၊ သင်္ချာ၊ သိပ္ပံနှင့် လူမှုရေးဘာသာရပ်ဆိုင်ရာ နယ်ပယ်များအတွက် လိုအပ်သောအသိပညာ၊ သဘောထားများနှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး လေ့လာသင်ယူရန် စီစဉ်နိုင်ခြင်း၊

(၂) ဘက်စုံဖွံ့ဖြိုးမှုရရှိရန်အတွက် ပညာရေး လက်တွေ့ဖွံ့ဖြိုးမှု နယ်ပယ်အလိုက် လိုအပ်သောကျွမ်းကျင်မှုများကို လေ့လာသင်ယူရန် စီစဉ်နိုင်ခြင်း၊

(၃) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာများအပါအဝင် ခေတ်နှင့် လျော်ညီသော နည်းပညာများကို လေ့လာသင်ယူရန်စီစဉ်နိုင်ခြင်း၊

(ဂ) သင်ကြားသင်ယူမှုနည်းလမ်းများကို ရွေးချယ်ရာတွင် အောက်ပါအချက်တို့ကို အခြေခံသည်-

(၁) ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှု၊ စူးစမ်းလေ့လာမှု၊ ဆင်ခြင်စဉ်းစားနိုင်မှု၊ ဝေဖန်သုံးသပ်နိုင်မှု၊ ဆုံးဖြတ်နိုင်မှု၊ တာဝန်ယူတတ်မှုတို့ကို ပြုစုပျိုးထောင်ပေးနိုင်ရန် ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်ကြားသင်ယူနည်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ကျောင်းသားများ၏ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ အခြေအနေများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာထောက်ပံ့ပေးနိုင်သည့် သင်ယူမှုဝန်းကျင်ကောင်းကို စီစဉ်ဖန်တီးပေးသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဃ) တတ်မြောက်မှု စစ်ဆေးအကဲဖြတ်နည်းများ၊ စာမေးပွဲကျင်းပစစ်ဆေးနည်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်တို့ကို ကျင့်သုံးမည်-

(၁) တတ်မြောက်မှုစစ်ဆေးခြင်းများသည် သင်ရိုးညွှန်းတမ်းကို အခြေခံ၍ ဘက်စုံပညာရေးကိုမျှော်မှန်းသော သင်ယူမှုရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့် တတ်ကျွမ်းမှုအခြေပြု အကဲဖြတ်နည်းစနစ်ကို အကောင်အထည်ဖော်ခြင်း၊

(၂) တတ်မြောက်မှု စစ်ဆေးခြင်းများနှင့် အတန်းကူးပြောင်းမှု စစ်ဆေးခြင်းများကို စစ်ဆေးမှုဆိုင်ရာ နည်းပညာများနှင့်အညီ စနစ်တကျစစ်ဆေးခြင်း၊

(၃) အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်ပြီးဆုံးချိန်တွင် အဆင့်အလိုက် တတ်မြောက်မှုစာမေးပွဲများကို စစ်ဆေးခြင်း၊

(၄) အခြေခံပညာ အထက်တန်းအဆင့်စာမေးပွဲကို ဗဟိုအဆင့်က ကြီးမှူးကျင်းပရမည်ဖြစ်ပြီး အခြေခံပညာ ပြီးဆုံးချိန်တွင်ရှိသော တတ်မြောက်မှုအဆင့်ကို စစ်ဆေးသော စာမေးပွဲဖြစ်ခြင်း။

### အခန်း (၇)
### အခြေခံပညာရေးစီမံခန့်ခွဲမှု

၁၇။ အခြေခံပညာရေးဆိုင်ရာ စီမံခန့်ခွဲမှုကိုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်း၍ တာဝန်ခွဲဝေဆောင်ရွက်မည်။

၁၈။ အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဦးစီးဌာနကသတ်မှတ်ပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။

၁၉။ ဦးစီးဌာနသည် အောက်ပါအခြေခံပညာရေးစီမံခန့်ခွဲမှုတို့ကို ဆောင်ရွက်ရမည်-

(က) သင်ကြားသင်ယူမှုဆိုင်ရာ စီမံခန့်ခွဲမှု၊

(ခ) ကျောင်းသားရေးရာ စီမံခန့်ခွဲမှု၊

(ဂ) ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှု၊

(ဃ) ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု၊

(င) ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊

(စ) စီမံကိန်းနှင့် စာရင်းအချက်အလက်များ စီမံခန့်ခွဲမှု။

၂၀။ သင်ကြားသင်ယူမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် ကျောင်းအဆင့်တွင် ကျောင်းအုပ်ကြီး၏ သင်ကြားသင်ယူမှုဆိုင်ရာ ဦးဆောင်မှုပေးခြင်း၊ သင်ယူမှုဝန်းကျင်ကောင်းဖြစ်လာရန် အဘက်ဘက်မှပံ့ပိုးခြင်း၊ စာသင်ခန်းအဆင့်တွင် စာသင်ခန်းကို စနစ်တကျစီမံအုပ်ချုပ်ခြင်း၊ သင်ကြားသင်ယူမှုဆိုင်ရာ နည်းနာများကိုအသုံးပြုခြင်း၊ တတ်မြောက်မှုကို စနစ်တကျအကဲဖြတ်ခြင်းနှင့် မှတ်တမ်းထားခြင်းတို့ကို လမ်းညွှန်ကြီးကြပ်ရမည်။

၂၁။ ကျောင်းသားရေးရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဦးစီးဌာနသည် ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်ရမည်။

၂၂။ ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည်-

(က) လုပ်ငန်းအလိုက် ရာထူးအဆင့်များနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ရေး၊ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေး၊ ခန့်ထားရေး၊ ရာထူးအဆင့်အလိုက် လိုအပ်သောတာဝန်ယူမှုနှင့် တာဝန်ခံနိုင်မှုရှိရေးတို့ကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးနိုင်မည့် အစီအစဉ်များ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရမည်။

၂၃။ ကျောင်း၊ ရုံးအဆောက်အအုံနှင့် ရုပ်ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ဦးစီးဌာနသည် ဒေသလိုအပ်ချက်နှင့်လျော်ညီသော စံချိန်စံညွှန်းများသတ်မှတ်ရေး၊ လုံခြုံမှုရှိပြီး သင်ကြားသင်ယူမှုကို အထောက်အပံ့ပြုသော သင်ယူမှုဝန်းကျင်ဖြစ်ရေးတို့ကို စီမံဆောင်ရွက်ရမည်။

၂၄။ ဘဏ္ဍာရေး စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည် ခွဲဝေရရှိသော ဘဏ္ဍာငွေကိုစီမံခန့်ခွဲရာ၌ တည်ဆဲဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံခန့်ခွဲရေး၊ ထင်သာမြင်သာရှိရေး၊ သာတူညီမျှမှုရှိရေး၊ အဆင့်ဆင့် စစ်ဆေးခံနိုင်မှုရှိရေးတို့ကို ဦးတည်ဆောင်ရွက်ရမည်။

၂၅။ စီမံကိန်းနှင့် စာရင်းအင်းအချက်အလက်များ စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဦးစီးဌာနသည်-

(က) စာရင်းအင်းများတိကျမှန်ကန်ပြီး အရည်အသွေးမြင့်မားသည့် ပညာရေးစာရင်းအင်းစနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကျောင်းအုပ်ကြီးများက မြို့နယ်ပညာရေးမှူးရုံးသို့ လစဉ်အစီရင်ခံရမည်။ မြို့နယ်ပညာရေးမှူးရုံးသည် သက်ဆိုင်ရာမြို့နယ်အတွက် စာရင်းချုပ်ကို ခရိုင်ပညာရေးမှူးရုံး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပညာရေးမှူးရုံးနှင့် ဦးစီးဌာနသို့ အဆင့်ဆင့်တင်ပြရမည်။ ဦးစီးဌာနသည် ပညာရေးစာရင်းအင်းများကို တစ်နှစ်လျှင်တစ်ကြိမ် ထုတ်ပြန်ကြေညာရမည်။

(ခ) အခြေခံပညာရေးအဆင့်အလိုက် ပညာရေးစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) အမျိုးသားအဆင့် လူတိုင်းအတွက်ပညာရေးဆိုင်ရာ အညွှန်းကိန်းများဖြင့် အခြေခံပညာအဆင့်အလိုက် အကောင်အထည်ဖော်မှုကို လေ့လာကြီးကြပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

၂၆။ ဆရာများအပါအဝင် ပညာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဒ်မ ၁၁(ခ)အရ သင်ကြားသင်ယူမှုနှင့် အုပ်ချုပ်မှုစွမ်းရည်များ မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) အခြေခံပညာကျောင်းများရှိ ဆရာများနှင့် ကျောင်းအုပ်ကြီး အပါအဝင် အခြေခံပညာရေး စီမံခန့်ခွဲမှုအဆင့်ဆင့်ရှိ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှု စံသတ်မှတ်ခြင်းနှင့် အဆိုပါ စံများနှင့်အညီ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ စီစဉ်ရေးဆွဲခြင်း၊

(ခ) အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းလုပ်ငန်း၏ သုံးသပ်တင်ပြချက်များကို အခြေပြုပြီး ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုအစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)ပါ အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဃ) ဆရာများအပါအဝင် အခြေခံပညာရေးဝန်ထမ်းများ စဉ်ဆက်မပြတ် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်သင်တန်းများ ပုံမှန်ဖွင့်လှစ်ပေးရေးအတွက် သင်တန်းကျောင်းများ၊ သင်တန်းဌာနများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(င) အခြေခံပညာရေးစနစ် အစဉ်တိုးတက်ဖွံ့ဖြိုးစေရန် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ၊ အစီအစဉ်များ၊ စီမံကိန်းများနှင့် စီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများ စီစဉ်ခြင်း၊

(စ) ဆရာများ၏ သင်ကြားမှုစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် ကျောင်းအခြေပြု ဆရာအတတ်ပညာအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဆ) အခြေခံပညာကျောင်းများရှိဆရာများက ဒေသဆိုင်ရာ သင်ရိုးညွှန်းတမ်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင်ရိုးညွှန်းတမ်းပံ့ပိုးမှုအဖွဲ့များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် ဖွဲ့စည်းဆောင်ရွက်ရာတွင် လမ်းညွှန်ပံ့ပိုးမှုပေးခြင်း၊

(ဇ) အခြေခံပညာရေးဝန်ထမ်းများ၏ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအတွက် ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၂၇။ ပုဒ်မ ၂၆ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသို့တင်ပြပြီး ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့်ဖြင့် အဆင့်ဆင့်စီမံဆောင်ရွက်ရမည်။

၂၈။ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် အခြေခံပညာအဆင့် စီမံကိန်းနှင့် စီမံချက်များကို သက်ဆိုင်ရာဦးစီးဌာနအလိုက် စနစ်တကျ စီမံခန့်ခွဲရမည်။

၂၉။ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပရဟိတကျောင်း၊ ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများ၊ ရပ်ရွာ ပညာပဒေသာဌာနများ၊ ရပ်ရွာအခြေပြု ပညာရေးအစီအစဉ်များနှင့် ကျောင်းပြင်ပ အခြေခံပညာရေးအစီအစဉ်များကို ဒေသ၏ လိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလိုအပ်ချက်တို့နှင့်အညီ စိစစ်ခွင့်ပြုပြီး ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးနှင့် အခြားအကျိုးခံစားခွင့်များကို လိုအပ်ချက်နှင့်အညီ ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့် ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်းရောက်ရှိစေရန် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရမည်။

### အခန်း (၈)
### အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၃၀။ အမျိုးသားပညာရေး မူဝါဒကော်မရှင်က ချမှတ်ထားသော အရည်အသွေးအာမခံမှု စံချိန်စံညွှန်းဆိုင်ရာ မူဝါဒများနှင့်အညီ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် အခြေခံပညာ၏ အရည်အသွေးအာမခံမှုကို ဆောင်ရွက်မည်။

၃၁။ အခြေခံပညာရေးအဆင့်အားလုံးတွင် ပညာအရည်အသွေး အာမခံမှုအတွက် ကျောင်းတွင်းမှ ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်သည့် အတွင်းအရည်အသွေးအာမခံမှုနှင့် ကျောင်းပြင်ပမှ ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်းဖြစ်သည့် ပြင်ပအရည်အသွေးအာမခံမှုလုပ်ငန်း နှစ်ရပ်ပါဝင်သော အခြေခံပညာအရည်အသွေးအာမခံမှုစနစ်တစ်ခုရှိရမည်။

၃၂။ အခြေခံပညာ အရည်အသွေးအာမခံမှုစနစ်တွင် ကျောင်းအဆင့်အကဲဖြတ်ခြင်း၊ ဆရာများနှင့် စီမံခန့်ခွဲအုပ်ချုပ်သူများကို အကဲဖြတ်ခြင်း၊ သင်ယူသူများ၏ အောင်မြင်မှုကို အကဲဖြတ်ခြင်း၊ တတ်မြောက်မှုစစ်ဆေးလွှာများကို အကဲဖြတ်ခြင်း၊ သင်ရိုးညွှန်းတမ်းအကဲဖြတ်ခြင်း၊ စီမံချက်၊ စီမံကိန်းများအကဲဖြတ်ခြင်း၊ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကိုအကဲဖြတ်ခြင်းနှင့် အခြေခံပညာရေးဆိုင်ရာ အခြေခံမှုများကို အကဲဖြတ်ခြင်းများ အပါအဝင် အကဲဖြတ်ရမည့် နယ်ပယ်များ အကျုံးဝင်သည်။ ထို့ပြင် အခြေခံပညာအရည်အသွေးအာမခံမှု အကဲဖြတ်ခြင်းနှင့်သက်ဆိုင်သော အခြားလိုအပ်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်။

၃၃။ အတွင်းအရည်အသွေး အာမခံမှုလုပ်ငန်းကို ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် စိစစ်အကဲဖြတ်ရာတွင် -

စာမျက်နှာ (ခ) သို့

*စာမျက်နှာ (က) မှ*

(က) မိမိတို့ ကျောင်းအလိုက်အကဲဖြတ်သုံးသပ်ခြင်းနှင့်
(ခ) ကျောင်းစစ်ဆေးရေးအဖွဲ့များကို အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များအဖြစ် တာဝန်ပေးဆောင်ရွက်ခြင်းတို့ အကျုံးဝင်ရမည်။

၃၄။ အခြေခံပညာရေးလုပ်ငန်းများ လေ့လာကြီးကြပ်ရေးနှင့် အကဲဖြတ်ခြင်းတို့တွင် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့် ညှိနှိုင်းလျက် အခြေခံပညာကျောင်းများနှင့် ရုံးများအတွက် အရည်အသွေးစံသတ်မှတ်ချက်များ၊ အညွှန်းကိန်းများ၊ အရည်အသွေးအာမခံမှုနှင့် အကဲဖြတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ရေးဆွဲသတ်မှတ်ခြင်း၊
(ခ) ဦးစီးဌာနအဆင့်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်တို့တွင်ထားရှိသော ကျောင်းစစ်ဆေးရေးအဖွဲ့များကို အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များအဖြစ် တာဝန်ပေးပြီး၊ ပုဒ်မ ၃၂အရ သတ်မှတ်ထားသော အကဲဖြတ်နယ်ပယ်များအလိုက် စဉ်ဆက်မပြတ် အကဲဖြတ်ဆောင်ရွက်ရန်ကြီးကြပ်လမ်းညွှန်ခြင်းနှင့် ယင်းအဖွဲ့များ၏ တင်ပြချက်များကို အရေးယူဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊
(ဂ) အခြေခံပညာကျောင်းများနှင့် ရုံးများတွင် အတွင်းအရည်အသွေးအာမခံမှုစနစ်များ ထူထောင်ထားရှိဆောင်ရွက်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊
(ဃ) အတွင်းအရည်အသွေးအကဲဖြတ်မှု အစီရင်ခံစာကို အခြေခံပညာကျောင်းများနှင့် ရုံးများက ထုတ်ပြန်ရန်ကြီးကြပ်ခြင်း၊
(င) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေးအာမခံမှု အကဲဖြတ်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြခြင်း၊
(စ) အခြေခံပညာရေးကဏ္ဍ၏ အတွင်းအရည်အသွေး အာမခံမှုလုပ်ငန်းများကို ဆောင်ရွက်ကြသည့် ဝန်ထမ်းများအတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ဆ) ပြင်ပအရည်အသွေးအာမခံမှု အကဲဖြတ်အဖွဲ့များသို့ လိုအပ်သော အထောက်အထားများ၊ စာရွက်စာတမ်းများတင်ပြရန် အခြေခံပညာကျောင်းများ၊ ရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊
(ဇ) အရည်အသွေးအကဲဖြတ်မှုရလဒ်ကို အခြေပြု၍ အခြေခံပညာရေးစနစ်၏ စွမ်းဆောင်ရည်ကို လေ့လာသုံးသပ်ရာတွင်အထောက်အကူဖြစ်စေရန်အတွက် ပညာရေးသုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ကြီးကြပ်လမ်းညွှန်ခြင်း။

၃၅။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သုံးသပ်အကြံပြုချက်များကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာဦးစီးဌာနများက အဆင့်အလိုက် အကောင်အထည်ဖော်ရမည်။

## အခန်း (၉)
## ကျောင်းပြင်ပပညာရေး

၃၆။ ကျောင်းပြင်ပပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ရန် ဝန်ကြီးဌာနမှ တာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) အမျိုးသားပညာရေးဥပဒေပါ ကျောင်းပြင်ပ ပညာရေးဆိုင်ရာအခြေခံမူများနှင့်အညီ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
(ခ) ကျောင်းပြင်ပပညာရေးနှင့် ကျောင်းပညာရေးတို့ အပြန်အလှန်ကူးပြောင်းနိုင်သည့် တန်းညှိပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊
(ဂ) ကျောင်းပြင်ပပညာရေးဆိုင်ရာလုပ်ငန်းများ အောင်မြင်စေရန် ဌာနများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းအသီးသီးတို့၏ ဆောင်ရွက်မှုကို ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊
(ဃ) ကျောင်းပြင်ပပညာရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနကို တာဝန်ခံဆောင်ရွက်ခြင်း။

၃၇။ ကျောင်းပြင်ပပညာရေးနှင့် ကျောင်းပညာရေးတို့ အပြန်အလှန်ကူးပြောင်းနိုင်ရေးအတွက်တန်းညှိထားသည့် သင်ရိုးညွှန်းတမ်း စံသတ်မှတ်ချက်များ၊ စစ်ဆေးအကဲဖြတ်နည်းများ အသုံးပြုလျက် အကောင်အထည်ဖော်ဆောင်ရွက်မည်။

၃၈။ တန်းညှိပညာရေးအစီအစဉ်အရ ကျောင်းပြင်ပပညာရေးသင်ရိုးညွှန်းတမ်းများရေးဆွဲရာတွင် အခြေခံပညာသာမက ဒေသလိုအပ်ချက်နှင့် ကိုက်ညီပြီး လက်တွေ့အသုံးချနိုင်မည့် အခြေခံသက်မွေးပညာကိုပါ ပေးစွမ်းရန်အတွက် ထည့်သွင်းရေးဆွဲရမည်။

၃၉။ ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် စာတတ်မြောက်ရေးအစီအစဉ်များမှသည် ရပ်ရွာလူထုဘဝဖွံ့ဖြိုးရေးအတွက် အခြေခံ သက်မွေးပညာရေးအပါအဝင် ဝင်ငွေတိုးပွားရေးအစီအစဉ်၊ ကျောင်းပညာရေးနှင့် တန်းညှိအစီအစဉ်၊ ဘဝအရည်အသွေးမြှင့်တင်ရေး အစီအစဉ်အပါအဝင် ပညာပေးအစီအစဉ်များကို ဆောင်ရွက်မည်။

၄၀။ ကျောင်းပြင်ပပညာရေးဖြင့်ဖြစ်စေ၊ ကျောင်းပညာရေးဖြင့်ဖြစ်စေ အကောင်အထည်ဖော်မည့် ပညာပေးအစီအစဉ်များကို ရပ်ရွာပညာပဒေသာဌာနများ ထူထောင်၍ ဆောင်ရွက်မည်။

၄၁။ အခြေခံပညာအဆင့်ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာများတွင် ပူးတွဲသင်ကြားနိုင်ရေးအတွက် အစိုးရအဖွဲ့နှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့၏ အကူအညီကိုရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၄၂။ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်ရေးအတွက် ဝန်ကြီးဌာနမှ ညှိနှိုင်းပေးထားသော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည်။

၄၃။ ကျောင်းပြင်ပပညာရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကျောင်းပြင်ပပညာရေးဌာနခွဲကို ဖွဲ့စည်းတည်ထောင်ပြီး အဆိုပါဌာနခွဲအား လိုအပ်လျှင် အဆင့်မြှင့်ဖွဲ့စည်းနိုင်သည်။

၄၄။ ကိုယ်တိုင်သင်ယူ ပညာရေးအကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနသည် ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးတို့နှင့် ဆက်စပ်ဆောင်ရွက်ရန် အစီအစဉ်များ ချမှတ်ရမည်။

## အခန်း (၁၀)
## ဆရာအတတ်ပညာရေး

၄၅။ ဆရာအတတ်ပညာရေးစနစ်တွင် အောက်ပါကဏ္ဍနှစ်ရပ် ပါဝင်သည်-
(က) လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာရေး၊
(ခ) လုပ်ငန်းခွင် ဆရာအတတ်ပညာရေး။

၄၆။ ပုဒ်မ ၄၅ ပါ ကဏ္ဍနှစ်ရပ်ကို အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်သည်-
(က) သင်တန်းကျောင်း၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် တက္ကသိုလ်များတွင် ပုံမှန်တက်ရောက်သင်ယူခြင်း၊
(ခ) အဝေးသင်ပညာရေးနည်းလမ်းဖြင့် သင်ယူခြင်း၊
(ဂ) ပုဒ်မခွဲ(က)နှင့် (ခ)ပါ နည်းလမ်းများကို ပေါင်းစပ်သင်ယူခြင်း၊
(ဃ) လုပ်ငန်းခွင်အခြေပြုသင်တန်းများတွင် တက်ရောက်သင်ယူခြင်း။

၄၇။ ပညာရေးအဆင့်အလိုက် ကျွမ်းကျင်မှုရရှိစေရန် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာရေးအစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်မည်-
(က) မူကြိုပညာရေး အထူးပြု၊
(ခ) မူလတန်းပညာရေး အထူးပြု၊
(ဂ) အလယ်တန်းအဆင့် ဘာသာရပ်အထူးပြု၊
(ဃ) အထက်တန်းအဆင့် ဘာသာရပ်အထူးပြု။

၄၈။ ဆရာအတတ်ပညာရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတာဝန်ပေးအပ်သော ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-
(က) အရည်အသွေးကောင်းမွန်ပြည့်ဝသည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများနှင့် လုပ်ငန်းခွင်ဆရာအတတ်ပညာသင်တန်းပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ခြင်း၊
(ခ) ဆရာများ၏တတ်ကျွမ်းမှုစံများကို သတ်မှတ်ပြီး ဆရာအတတ်ပညာဆိုင်ရာဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်များနှင့်အညီ သင်ကြားခွင့်လိုင်စင်စနစ်ကို သင့်လျော်သည့်ကာလတွင် ကျင့်သုံးဆောင်ရွက်ခြင်း၊
(ဂ) သင်ကြားခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်း၊
(ဃ) ဆရာအတတ်ပညာရေးနှင့်စပ်လျဉ်း၍ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကိုထမ်းဆောင်ခြင်း။

၄၉။ ဝန်ကြီးဌာနသည် ပညာရေးတက္ကသိုလ်၊ ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာသင်ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍရှိ ဆရာတတ်ပညာသင်ဌာနများကို ပေါင်းစပ်ညှိနှိုင်းရန်အတွက် ဆရာအတတ်ပညာရှင်အဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၁၁)
## ဆရာများ၏တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၅၀။ ဆရာများသည် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သော အမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကိုမြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

၅၁။ ဆရာများသည် မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် အသက်မွေးဝမ်းကျောင်းမှုကို ချစ်မြတ်နိုးစိတ်ရှိရမည့်အပြင် ကျောင်းသားများအတွက် စံနမူနာကောင်းဖြစ်ရမည်။

၅၂။ ဆရာများသည် ပညာသင်ကြားရာတွင် အပြုသဘောဆောင်သော ဆရာကျောင်းသားဆက်ဆံရေးဖြင့် ကျောင်းသား၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားရမည်။

၅၃။ ဆရာများသည် ကျောင်းစာသင်ချိန်အတွင်း ကျောင်းသားများအမှန်တကယ်တတ်မြောက်စေရန် သတ်မှတ်ထားသည့် သင်ရိုးပြီးဆုံးသည်အထိ သင်ကြားပေးရန်တာဝန်ရှိသည်။

၅၄။ ဆရာများသည် မိမိတာဝန်ယူသင်ကြားနေသည့် ကျောင်းသားများထံမှ အခကြေးငွေယူ၍ဖြစ်စေ၊ တံစိုးလက်ဆောင်ယူ၍ဖြစ်စေ သင်ကြားခြင်းမပြုရ။

၅၅။ သင်ယူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် ကိုက်ညီသော နည်းစနစ်များကို လွတ်လပ်စွာရွေးချယ်ခွင့်ရှိရမည်။

၅၆။ ဆရာများသည် မိမိ၏လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးနှင့် နိုင်ငံတကာ အတွေ့အကြုံရရှိစေရေးတို့အတွက် အစဉ်လေ့လာသင်ယူခွင့်ရှိသည်။

၅၇။ ဆရာများသည် လူမှုဘဝမြှင့်တင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အခွင့်အလမ်းများကို ရပိုင်ခွင့်ရှိသည်။

၅၈။ အခြေခံပညာဆရာများအနက် မိမိတာဝန်ထမ်းဆောင်နေသော အခြေခံပညာရေးအဆင့်အတွင်း တည်မြဲစွာတာဝန်ထမ်းဆောင်သူများအနေဖြင့် ကျွမ်းကျင်မှုအရည်အသွေးများ ပိုမိုတိုးတက်လာသည်နှင့်အမျှ စွမ်းဆောင်ရည်အဆင့်အလိုက် လစာငွေတိုးမြှင့်ခြင်းနှင့် ဝန်ကြီးဌာနက သတ်မှတ်သောချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၅၉။ ဆရာများသည် သင်ယူမှုဝန်းကျင်ကောင်းဖန်တီးနိုင်ရေးအတွက် ဆရာအဖွဲ့အစည်းများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည်။

## အခန်း (၁၂)
## မိဘများ၏တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၆၀။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့၏ကလေးများကို ကျောင်းနေအရွယ်တွင် နိုင်ငံတော်က သတ်မှတ်ထားသော အခမဲ့မသင်မနေရပညာရေးကို သင်ကြားပေးရေးအတွက် သက်ဆိုင်ရာကျောင်းသို့ မဖြစ်မနေ ကျောင်းအပ်ရန်နှင့် ယင်းပညာရေးအဆင့် ပြီးမြောက်သည်အထိ သင်ယူစေရမည်။

၆၁။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများရှိစေရန်နှင့် သင်ယူမှုဝန်းကျင်ကောင်း ဖန်တီးပေးရန်တို့အတွက် ဆရာ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၆၂။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည်အစိုးရကျောင်းတွင် မိမိတို့၏ကလေးအား တာဝန်ယူသင်ကြားနေသည့် ဆရာထံ အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုမပြုရန်တာဝန်ရှိသည်။

၆၃။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် အမျိုးသားပညာရေးဥပဒေ၊ ဤဥပဒေနှင့် သက်ဆိုင်ရာ ပညာရေးဥပဒေတို့အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၆၄။ မိဘဆရာအသင်းသည် အခြေခံပညာကျောင်းများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကျောင်းအရည်အသွေးမြင့်မားရေးတို့အတွက် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ကျောင်းသားများ၏တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများ

၆၅။ ကျောင်းသားတိုင်းသည် ကျောင်းစည်းကမ်းများကို လိုက်နာရမည်။

၆၆။ ကျောင်းသားများသည် မိမိနှင့်လူမှုအဖွဲ့အစည်းအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများရရှိလာစေရန် ကြိုးစားလေ့လာသင်ယူရမည်။

၆၇။ ကျောင်းသားများသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူ့နီတိနှင့် ဒီမိုကရေစီအလေ့အကျင့်များ၊ လူ့အခွင့်အရေးများကို တန်ဖိုးထားသည့် နိုင်ငံ့သားကောင်းများဖြစ်လာစေရေးအတွက် ကြိုးစားအားထုတ်ရန် တာဝန်ရှိသည်။

၆၈။ ကျောင်းသားတိုင်းသည် အခြေခံပညာကိုပြီးဆုံးသည်အထိ သင်ယူခွင့်ရှိသည်။

၆၉။ ကျောင်းသားများသည် ပညာသင်ကာလအတွင်း ပညာသင်ဆုနှင့် ထောက်ပံ့ကြေးများကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

၇၀။ အခြေခံပညာကျောင်းများတွင် ကျောင်းကောင်စီကို စနစ်တကျဖွဲ့စည်းပြီး ကျောင်း၏ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု အသင်းအဖွဲ့များတွင် ကျောင်းသားတိုင်း ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၇၁။ မသန်စွမ်းကလေးသူငယ်တိုင်းသည် အခြေခံပညာသင်ယူပိုင်ခွင့်နှင့် အခမဲ့မသင်မနေရပညာရေးကို သင်ယူပိုင်ခွင့်ရှိရမည်။

## အခန်း(၁၄)
## ပညာရေးတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ

၇၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုသည် မိမိရပ်ရွာဒေသရှိ ကလေးများကို အခမဲ့မသင်မနေရ ပညာရေးပြီးမြောက်သည်အထိ ဝိုင်းဝန်းကူညီရမည်။

၇၃။ ရပ်ရွာပြည်သူလူထုသည် ရပ်ကွက် သို့မဟုတ် ကျေးရွာတွင်းရှိကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် ကျောင်းနေမြဲရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည်။

၇၄။ အခြေခံပညာရေးရည်မှန်းချက်များ၊ အခြေခံမူများကို ပေါက်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးစီးဌာနသည် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် ပုဂ္ဂလိကအခန်းကဏ္ဍကို အားပေးရမည်။

၇၅။ အခြေခံပညာကျောင်းမရှိသော ကျေးရွာများတွင် ရပ်ရွာပညာပဒေသာဌာနများဖွင့်လှစ်၍ ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်နိုင်သည့်အပြင် အခြေခံပညာကျောင်းနည်းတူ ကျောင်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရပ်ရွာပြည်သူလူထု၏ ကူညီပံ့ပိုးမှုကို ရယူရမည်။

၇၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာရှိပြည်သူများ ပညာရေးဖြင့် လူနေမှုအဆင့်အတန်းတိုးတက်စေရန်နှင့် အသိဉာဏ်ပညာမြင့်မားစေရန် ရပ်ရွာအခြေပြု ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူလူထုက ပူးပေါင်းပါဝင်ရမည်။

၇၇။ ရပ်ရွာပြည်သူလူထုသည် ကျောင်းဘက်စုံဖွံ့ဖြိုးမှုအတွက် ပံ့ပိုးမှုများနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၇၈။ မိဘဆရာအသင်းများသည် အစိုးရကျောင်းများတွင် တာဝန်ယူသင်ကြားနေသည့် ဆရာထံ အခကြေးငွေပေး၍ဖြစ်စေ၊ တံစိုးလက်ဆောင်ပေး၍ဖြစ်စေ သင်ကြားသင်ယူမှုဖြစ်စေသည့် အခြေအနေများ ပပျောက်စေရန်ရပ်ရွာပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၇၉။ မူကြိုပညာရေးကို အခြေခံပညာကျောင်းများ၌ အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာန၊ မိဘ၊ ရပ်ရွာပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၀။ ကိုယ်ပိုင်ကျောင်းများကို တည်ထောင်ခွင့်ပြုခြင်းနှင့် ပညာရေးလုပ်ငန်းများ၌ ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပူးပေါင်းပါဝင်ခြင်းတို့ကို သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ကျောင်းသားများကိုယ်တိုင် လေ့လာသင်ယူနိုင်သော အခွင့်အလမ်းရရှိစေရေးအတွက် ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်းများသည် ပညာရေးအထောက်အကူပြု မီဒီယာအမျိုးမျိုး၊ စာကြည့်တိုက်နှင့် ပြတိုက်များအပါအဝင် လိုအပ်သော အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၁၅)
## ဘဏ္ဍာရေး

၈၂။ ဦးစီးဌာနသည် အခြေခံပညာရေးဆိုင်ရာ အသုံးစရိတ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေ လိုအပ်ချက်တို့ကိုရေးဆွဲပြီး ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုတင်ပြဆောင်ရွက်ရမည်။

၈၃။ ဦးစီးဌာန၊ ရုံးများနှင့် ကျောင်းများသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများက လှူဒါန်းသော ပစ္စည်းများ၊ ငွေများနှင့်ထောက်ပံ့ကူညီမှုများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စိစစ်လက်ခံနိုင်သည်။

၈၄။ ဦးစီးဌာန၊ ရုံးများနှင့် ကျောင်းများသည်-
(က) ပုဒ်မ ၈၃ အရ လက်ခံရရှိသော ပစ္စည်းများ၊ ထောက်ပံ့ကူညီမှုများနှင့် လှူဒါန်းငွေများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာ သုံးစွဲရမည်။
(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားများကို အလှူရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။
(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကိုခံယူရမည်။

၈၅။ အခြေခံပညာရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနများက တွက်ချက်၍ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၆။ မူကြိုပညာရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာဦးစီးဌာနက တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၇။ ကျောင်းပြင်ပပညာရေးကို ဆောင်ရွက်နေသော ဌာနများသည် ကျောင်းပြင်ပပညာရေးဆိုင်ရာ အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၈။ မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရရှိသူများကို လူတိုင်းအကျုံးဝင်ပညာရေးအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပ ပညာရေးတစ်ခုခု၌ ပညာသင်ယူဆည်းပူးခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာနသည် အသုံးစရိတ်များကို တွက်ချက်၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၈၉။ ရွှေ့လျားနှင့် အရေးပေါ်ကျောင်းများကို ပညာရေးအထူးဝန်ဆောင်မှုအဖြစ် ဖွင့်လှစ်ဆောင်ရွက်နေသော ဌာနများသည် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်း၍ အသုံးစရိတ်များကိုတွက်ချက်ပြီး ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

၉၀။ ဦးစီးဌာန၊ ရုံးများနှင့် ကျောင်းများသည် ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီသုံးစွဲပြီး ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်ထားသော စာရင်းစစ်အဖွဲ့အဆင့်ဆင့်၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၆)
## အထွေထွေ

၉၁။ ဝန်ကြီးဌာနသည် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အဆင့်ဆင့်တိုးချဲ့

*စာမျက်နှာ ဂ သို့*

# ပုဂ္ဂလိကပညာရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပုဂ္ဂလိကပညာရေးဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ---)**

**၁၃၇၇ ခုနှစ်၊ --- လ၊ --- ရက်**

**(၂၀၁၅ ခုနှစ်၊ --- လ၊ --- ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို၂၀၁၅ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပုဂ္ဂလိကပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပညာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မရှင်** ဆိုသည်မှာ အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၅ အရ ဖွဲ့စည်းထားသည့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ဆိုသည်။

(စ) **ဝန်ကြီး** ဆိုသည်မှာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဆ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကို ကြီးကြပ်ရန် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၀ အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဇ) **မှတ်ပုံတင်အရာရှိချုပ်** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် ပတ်သက်သော မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်သော မှတ်ပုံတင်ခြင်းလုပ်ငန်းများကို မှတ်ပုံတင်အရာရှိချုပ်၏ လက်အောက်တွင် ကူညီဆောင်ရွက်ရန်အတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(ည) **တည်ထောင်သူ** ဆိုသည်မှာ ပုဂ္ဂလိကကျောင်းကို အရင်းအနှီးထည့်ဝင်ပြီး တည်ထောင်ဖွင့်လှစ်သူ သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **စီမံအုပ်ချုပ်သူ** ဆိုသည်မှာ ပုဂ္ဂလိကကျောင်း၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စများကို တာဝန်ခံဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဌ) **ဆရာ** ဆိုသည်မှာ ပုဂ္ဂလိကပညာရေး အဆင့်တစ်ခုခုတွင် သင်ကြားရေးတာဝန်ထမ်းဆောင်သော သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး ပုဂ္ဂလိကပညာရေးဥပဒေအရ မှတ်ပုံတင်ထားသည့် သင်ကြားပို့ချသူကို ဆိုသည်။

(ဍ) **သင်ယူသူ** ဆိုသည်မှာ မိမိ၏ အရည်အချင်းတိုးတက်စေရန် ပုဂ္ဂလိကပညာရေးလမ်းကြောင်းအလိုက် ပညာရေးအဆင့်နှင့် အတန်းတွင် ရရှိနိုင်သည့် ပညာသင်ကြားမှု နည်းစနစ်များနှင့်အညီ ရှာဖွေခံယူလေ့လာသူ သို့မဟုတ် ကျောင်းသားကို ဆိုသည်။

(ဎ) **အထောက်အကူပြုဝန်ထမ်း** ဆိုသည်မှာ လေ့လာဆည်းပူးခြင်းနှင့် သင်ကြားပြသခြင်းဖြစ်စဉ်ကို ဖန်တီးပေးရာတွင် ဆက်နွယ်လျက်ရှိသည့် လုပ်ငန်းများ၊ ဝန်ဆောင်မှုများကို တာဝန်အဖြစ် ထမ်းဆောင်ပေးသည့် ပညာရေးဆိုင်ရာ ပံ့ပိုးသူ၊ ပုဂ္ဂလိကကျောင်းအတွင်းရှိ အသီးသီးသော ကဏ္ဍများတွင် အထောက်အကူပြုနေသူကို ဆိုသည်။

(ဏ) **ပုဂ္ဂလိကပညာရေး** ဆိုသည်မှာ အမျိုးသားပညာရေးကိုနိုင်ငံတော်မှ သီးသန့်ဆောင်ရွက်ခြင်းမှတစ်ပါး အခြားသော ပညာရေးဖော်ဆောင်မှုများ အားလုံးကို ဆိုသည်။

(တ) **ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသည့် ကျောင်းကို ဆိုသည်။

(ထ) **အကျိုးအမြတ်ယူသော ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ရရှိလာသော အကျိုးအမြတ်ကို တည်ထောင်သူ သို့မဟုတ် အစုရှယ်ယာရှင်များက အကျိုးအမြတ်တစ်စုံတစ်ရာ ရယူခံစားသော ကျောင်းကို ဆိုသည်။

(ဒ) **အကျိုးအမြတ်မယူသော ပုဂ္ဂလိကကျောင်း** ဆိုသည်မှာ ရရှိလာသော အကျိုးအမြတ်ကို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ သို့မဟုတ် အဖွဲ့အစည်းတစ်ခုကဖြစ်စေ အကျိုးအမြတ်တစ်စုံတစ်ရာ ရယူခံစားခြင်းမရှိဘဲ ၎င်းအကျိုးအမြတ်များကို ကျောင်း၏ ပိုမိုကောင်းမွန်သော ပညာရေးအခွင့်အလမ်းများကို ဖန်တီးပေးမည့်လုပ်ငန်းများအတွက်သာ ပြန်လည်သုံးစွဲသော ကျောင်းကို ဆိုသည်။

(ဓ) **ကြော်ငြာ** ဆိုသည်မှာ မည်သည့်မီဒီယာကိုမဆို အသုံးပြု၍ လူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူအများကိုဖြစ်စေ သိစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။

(န) **အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့အပ်နှင်းခြင်း** ဆိုသည်မှာ ပုဂ္ဂလိကကျောင်းက အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များကို ကိုယ်တိုင်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ အပ်နှင်းခြင်းကို ဆိုသည်။

(ပ) **သင်တန်းအခကြေးငွေ** ဆိုသည်မှာ ကျောင်းအပ်ရန် ဆောင်ရွက်သော သို့မဟုတ် ရည်ရွယ်သော သင်ယူသူ သို့မဟုတ် ၎င်းအားထောက်ပံ့သူ သို့မဟုတ် ထောက်ပံ့သည့် အဖွဲ့အစည်းထံမှ ပုဂ္ဂလိကပညာရေး အစီအစဉ်အတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကောက်ခံရရှိသည့် ငွေကြေးကို ဆိုသည်။

(ဖ) **စာမေးပွဲစစ်ဆေးခြင်း** ဆိုသည်မှာ သင်ယူသူတို့၏ ပညာရည်တိုးတက်မှုကို အကဲဖြတ်စစ်ဆေးခြင်းကို ဆိုသည်။

**အခန်း(၂)**

**ရည်မှန်းချက်များ**

၃။ ပုဂ္ဂလိကပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကပညာရေးကို အကောင်အထည်ဖော်ရန်၊

(ခ) မြန်မာ့လူမှုဘဝနှင့်လျော်ညီသော စိတ်နေသဘောထားနှင့် ကျင့်ဝတ်သိက္ခာ၊ ကျန်းမာရေးနှင့် ပြည့်စုံသည့် ကျွမ်းကျင်လိမ္မာပြီး ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်သော ပညာရှင်များ မွေးထုတ်ရန်၊

(ဂ) နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု၊ ဘာသာရပ်အကျိုးပြု သုတေသနလုပ်ငန်းများနှင့် လက်တွေ့အသုံးချနိုင်သည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဃ) အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်သည့် ပညာရပ်များ သင်ကြားတတ်မြောက်စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် အတတ်ပညာ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာကို ဦးစားပေး၍ သင်ကြားလေ့ကျင့်ပေးရန်၊

(စ) ပညာဉာဏ်အမြော်အမြင်နှင့် ကျွမ်းကျင်မှုတို့ အစဉ်မပြတ်တိုးတက်အောင် စီမံဆောင်ရွက်ရန်၊

(ဆ) နိုင်ငံတော်အစိုးရသည် ပုဂ္ဂလိကကျောင်းများ၏ တည်ထောင်သူများ၊ စီမံခန့်ခွဲသူများ၊ ဆရာများ၊ သင်ယူသူများ၊ ဝန်ထမ်းများနှင့် မိဘများ၏ အကျိုးစီးပွားနှင့် တရားဝင်ခံစားခွင့်များကို ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဇ) ပုဂ္ဂလိကကျောင်းများ မှန်မှန်ကန်ကန်ဖွံ့ဖြိုးတိုးတက်စေရန်။

**အခန်း(၃)**

**အခြေခံမူများ**

၄။ ပုဂ္ဂလိကပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပညာရေးမြှင့်တင်မှုတို့အတွက် ပုဂ္ဂလိကကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(ခ) ပုဂ္ဂလိက ကျောင်းဆရာ၊ သင်ယူသူနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးတက်အောင်ဆောင်ရွက်ရေး၊

(ဂ) ပုဂ္ဂလိကပညာရေးကဏ္ဍကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက် လာစေရေး၊

(ဃ) ပုဂ္ဂလိကပညာရေးတွင် နယ်ပယ်အလိုက် ကျွမ်းကျင်စွာတတ်မြောက်သော ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများ လေ့ကျင့်ပြုစုပျိုးထောင်ပေးခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး၊

(င) ပုဂ္ဂလိကပညာရေးကဏ္ဍတွင် နိုင်ငံတကာမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံးပညာရေးကို စိတ်ပါဝင်စားလာစေရေး၊

(စ) ပုဂ္ဂလိက ပညာရေးကို အရည်အသွေးအာမခံပြီး နိုင်ငံတကာအသိအမှတ်ပြုသည့် ပုဂ္ဂလိကကျောင်းများ ပေါ်ထွက်လာရေး၊

(ဆ) နိုင်ငံသားတိုင်း လွတ်လပ်စွာပညာသင်ယူခွင့်ရရှိပြီး ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပုဂ္ဂလိကပညာရေးအခွင့်အလမ်းများ ဖန်တီးပေးရေး၊

(ဇ) နိုင်ငံတကာပညာရေး အဆင့်ရှိစေရေးအတွက် ခေတ်မီနည်းပညာများကို အသုံးပြုဆောင်ရွက်ရေး၊

(ဈ) လူမှုစီးပွားရေးဘဝတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းအတွက် လက်တွေ့အသုံးချနိုင်သည့် ပညာရေးအဖြစ် တည်ရှိစေရေး၊

(ည) သင်ယူလိုသူ၏ ဆန္ဒကိုအခြေခံပြီး သတ်မှတ်ထားသော အရည်အချင်းပြည့်မီမှုအရ ရွေးချယ်နိုင်ခွင့်ရှိသော တက္ကသိုလ်ဝင်ခွင့်စနစ်ကို ပုဂ္ဂလိကတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ ကျင့်သုံးစေရေး၊

(ဋ) ငြိမ်းချမ်းစွာ ပညာသင်ကြားရေးကို ဖော်ဆောင်ရေး၊

(ဌ) ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များသည် မိမိတို့အုပ်ချုပ်သည့်ဒေသအတွင်းရှိ ပုဂ္ဂလိက ကျောင်းများ၏ ပညာရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးရေး၊

(ဍ) ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေးနှင့်နိုင်ငံရေးဆိုင်ရာ စွက်ဖက်မှုများမှ ကင်းလွတ်စေရေး။

**အခန်း(၄)**

**ဖွဲ့စည်းခြင်းနှင့် ကျောင်းအမျိုးအစားများ**

၅။ ပုဂ္ဂလိကကျောင်းများကို ဖွဲ့စည်းရာတွင် တည်ထောင်သူ၏ ပိုင်ဆိုင်မှုပေါ် အခြေခံ၍ အောက်ဖော်ပြပါ ပုဒ်မခွဲ (က) သို့မဟုတ်(ခ) သို့မဟုတ် (ဂ) အတိုင်း ဖွဲ့စည်းရမည်-

(က) မြန်မာနိုင်ငံသားတစ်ဦးတည်း သို့မဟုတ် မြန်မာနိုင်ငံသားများက ရာခိုင်နှုန်းပြည့် ပိုင်ဆိုင်သည့် ပုဂ္ဂလိကကျောင်း၊

(ခ) မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့ ဖက်စပ်ပိုင်ဆိုင်သည့် ပုဂ္ဂလိကကျောင်း၊

(ဂ) နိုင်ငံခြားသားတစ်ဦးတည်းသို့မဟုတ် နိုင်ငံခြားသားများ သို့မဟုတ် နိုင်ငံခြားအဖွဲ့ အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းများ ရာခိုင်နှုန်းပြည့်ပိုင်ဆိုင်သည့် ပုဂ္ဂလိကကျောင်း၊

(ဃ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသည့် ပုဂ္ဂလိကကျောင်းများသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းသည့် ပုဂ္ဂလိကကျောင်းများသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(စ) ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းသည့် ပုဂ္ဂလိကကျောင်းသည် အဆင့်မြင့်ပညာ ပုဂ္ဂလိက ကျောင်းအမျိုးအစားသာဖြစ်ရမည်။

၆။ (က) ပုဂ္ဂလိကကျောင်း အမျိုးအစားများမှာ-

(၁) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ၊

(၂) အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ပြဋ္ဌာန်းသော သင်ရိုးညွှန်းတမ်း အညွှန်းဘောင်နှင့် သင်ရိုးညွှန်းတမ်းစံများကို အခြေခံ၍ ပြုစုထားသော ကိုယ်ပိုင်သင်ရိုးဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ၊

(၃) အပြည်ပြည်ဆိုင်ရာ သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော အပြည်ပြည်ဆိုင်ရာ ပုဂ္ဂလိကကျောင်းများ၊

(၄) အထူးပညာရေးအစီအစဉ်ဖြင့် သင်ကြားပေးသော ပုဂ္ဂလိကကျောင်းများ၊

(၅) နည်းပညာနှင့် သက်မွေးပညာသင် ပုဂ္ဂလိကကျောင်းများ၊

(၆) ဘာသာရပ်သင် ပုဂ္ဂလိကကျောင်းများ၊

(၇) အဆင့်မြင့်ပညာ ပုဂ္ဂလိကကျောင်းများ၊

(၈) ပုဂ္ဂလိက အဝေးသင်ပညာရေးကျောင်းများ၊

(၉) ရှေးဦးအရွယ်ကလေးသူငယ် ပုဂ္ဂလိကကျောင်း၊

(၁၀) ပုဂ္ဂလိက မူကြိုကျောင်း၊

(၁၁) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ပုဂ္ဂလိကကျောင်းများ။

(ခ) ပုဒ်မခွဲ(က) ပါ ပုဂ္ဂလိကကျောင်းများသည် ဤဥပဒေ၊ သက်ဆိုင်ရာဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ ပုဒ်မ ၆ ပါ ကျောင်းအမျိုးအစားများတွင် အကျိုးအမြတ်ယူသည့် ပုဂ္ဂလိကကျောင်း သို့မဟုတ် အကျိုးအမြတ်မယူသည့် ပုဂ္ဂလိကကျောင်းများပါဝင်သည်။

၈။ ပုဂ္ဂလိကကျောင်းများတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည့် အဖွဲ့အစည်းများကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

**အခန်း (၅)**

**ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များ**

၉။ ဝန်ကြီးဌာနသည် အမျိုးသားပညာရေးဥပဒေ ပုဒ်မ ၆၀ နှင့်အညီ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်လျက် ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | ပညာရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (ဃ) | အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် | အဖွဲ့ဝင် |
| (င) | ကျန်းမာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (စ) | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဆ) | လူမှုဝန်ထမ်းဝန်ကြီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဇ) | စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဈ) | နိုင်ငံခြားရေးဝန်ကြီးဌာန ကိုယ်စားလှယ်(၂)ဦး | အဖွဲ့ဝင် |
| (ည) | စီမံ/စီးပွားဝန်ကြီးဌာန ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဋ) | လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဌ) | ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဍ) | ဆောက်လုပ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ပ) | အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ် ကော်မတီမှ အဖွဲ့ဝင် (၂) ဦး | အဖွဲ့ဝင် |
| (ဏ) | ပညာရေးနှင့် ဆက်စပ်သော စီးပွားရေး အဖွဲ့အစည်းများမှ ပညာရှင် (၂)ဦး | အဖွဲ့ဝင် |
| (တ) | အစိုးရမဟုတ်သောအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (ထ) | နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စားလှယ် (၁၅) ဦး | အဖွဲ့ဝင် |
| (ဒ) | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ကိုယ်စားလှယ်(၁) ဦး | အဖွဲ့ဝင် |
| (ဓ) | မြန်မာနိုင်ငံပုဂ္ဂလိကပညာရေးပညာရှင်များမှ ကိုယ်စားလှယ် (၁၀) ဦး | အဖွဲ့ဝင် |
| (န) | မှတ်ပုံတင်အရာရှိချုပ်၊ ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၁၀။ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စိစစ်ခြင်း၊

(ခ) ပုဂ္ဂလိကကျောင်းများ တည်ထောင်ဖွင့်လှစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပုဂ္ဂလိက ကျောင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊ အပြီးအပိုင် ပိတ်သိမ်းခြင်းနှင့် မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များကို ပြင်ဆင်ခွင့်ပြုခြင်း၊

(ဂ) စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ပုဂ္ဂလိကကျောင်းများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းနှင့်

*စာမျက်နှာ (ဃ) သို့*

*စာမျက်နှာ (ခ) မှ*

အကောင်အထည်ဖော်နိုင်ရန် အစီအစဉ်များ ထားရှိဆောင်ရွက်ရမည်။

၉၂။ ဤဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၉၃။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော ပညာရေးဆိုင်ရာဥပဒေများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၄။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေ (ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

*စာမျက်နှာ (၇) မှ*

အရည်အသွေးသည် ကော်မရှင်ကချမှတ်သော မူဝါဒများနှင့်အညီ ဖြစ်စေရန် ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်း၊

(င) ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးအဆင့်အတန်းထိန်းညှိနိုင်ရေးအတွက် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(စ) ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် ထုတ်ပေးရန် ငြင်းပယ်ခြင်းကို ဆောင်ရွက်ခြင်း၊

(ဆ) ပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးအဆင့်အတန်းသည် ကော်မရှင်ကချမှတ်သော မူဝါဒနှင့်အညီဖြစ်စေရန် ဆောင်ရွက်ခြင်း၊

(ဇ) စည်းကမ်းသတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော ပုဂ္ဂလိကကျောင်းဆရာကို သတိပေးခြင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင် လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဈ) တည်ထောင်သူပြောင်းလဲခြင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ စိစစ်ခွင့်ပြုခြင်း၊

(ည) ပုဂ္ဂလိကကျောင်းများ တည်ထောင်ရာတွင် ကျောင်းအမျိုးအစားအလိုက် ပေးသွင်းရမည့် ကြိုတင်အပ်နှံငွေကို သင့်လျော်သလို သတ်မှတ်ပေးခြင်း၊

(ဋ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဌ) ဝန်ကြီးဌာနက ပုဂ္ဂလိကကျောင်းများနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၁၁။ ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်ထားသော ပုဂ္ဂလိကကျောင်းများက သတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းစတင်နိုင်ခြင်း ရှိ၊ မရှိ ကြီးကြပ်ဆောင်ရွက်ရမည်။

၁၂။ ကြီးကြပ်ရေးအဖွဲ့သည် မည်သည့်ပုဂ္ဂလိကကျောင်းကိုမဆို သွားရောက်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများကို ကြည့်ရှုခြင်း၊ ကူးယူခြင်း၊ မှတ်တမ်းရယူခြင်းများ ပြုလုပ်နိုင်သည့်ပြင် ထိုသို့ပြုလုပ်ရန်အလို့ငှာ မည်သည့်ပုဂ္ဂလိကကျောင်းကိုမဆို ဝင်ရောက်နိုင်သည်။

၁၃။ ကြီးကြပ်ရေးအဖွဲ့သည် ကျောင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ၊ ပြုစုထိန်းသိမ်း၊ သိုမှီး၊ ထုတ်ပြန်ပေးရမည်။

၁၄။ ကြီးကြပ်ရေးအဖွဲ့နှင့် ယင်းကဖွဲ့စည်းထားသည့် အဖွဲ့များသည် ဤဥပဒေ၏ ပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပုဂ္ဂလိကကျောင်းများ၏ အကောင်အထည်ဖော်မှုအပေါ် မှန်ကန်မှု ရှိ၊ မရှိကို ဤဥပဒေနှင့်အညီ အခါအားလျော်စွာ စစ်ဆေးနိုင်သည်၊ လိုအပ်လျှင် ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့အစည်းမှလည်း စစ်ဆေးနိုင်သည်။

(ခ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက ကာလအလိုက်ထုတ်ပြန်သော စစ်ဆေးအကဲဖြတ်မှု ရလဒ်ပေါ်အခြေခံ၍ လိုအပ်သလို ဆက်လက်ကြီးကြပ် ဆောင်ရွက်နိုင်သည်။

## အခန်း (၆)
## ပုဂ္ဂလိကကျောင်းများတည်ထောင်ခြင်း

၁၅။ အမျိုးသားပညာရေးဥပဒေ၊ ဤဥပဒေတို့နှင့်အညီ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်ကိုက်ညီလျှင် မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို ပုဂ္ဂလိကကျောင်း၊ ပုဂ္ဂလိကကျောင်းခွဲများ တည်ထောင်နိုင်သည်။

၁၆။ ပုဂ္ဂလိကကျောင်းတည်ထောင်သူသည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့ထံမှ တည်ထောင်ဖွင့်လှစ်ခွင့်နှင့် စပ်လျဉ်း၍ ထောက်ခံချက် တောင်းခံရမည်။

၁၇။ ပုဂ္ဂလိကကျောင်း တည်ထောင်ရန်အတွက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသော အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီကြောင်း ထောက်ခံချက်ကို တင်ပြရမည်။

၁၈။ ပုဂ္ဂလိကကျောင်းများကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုချက်ရရှိသည့် နေ့မှစ၍ ၁ နှစ်အတွင်း ဖွင့်လှစ်ရမည်။

၁၉။ ပုဂ္ဂလိကကျောင်းများ တည်ထောင်ဖွင့်လှစ်နိုင်ရန် လိုအပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဒ်မ ၅(ခ)၊ (ဂ)အရ ပုဂ္ဂလိကကျောင်း တည်ထောင်သူသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ သတ်မှတ်သည့် အပ်နှံငွေကို ပေးသွင်းပြီးကြောင်း တင်ပြခြင်း၊

(ခ) ပုဂ္ဂလိကကျောင်း တည်ထောင်သူသည် ကြီးကြပ်ရေးအဖွဲ့ထံ မှတ်ပုံတင်လျှောက်လွှာနှင့်အတူ အောက်ပါအချက်များဖြင့် တင်ပြလျှောက်ထားခြင်း-

(၁) ပုဂ္ဂလိကကျောင်း၏ အမည်နှင့်အမျိုးအစား၊

(၂) ရည်မှန်းချက်များ၊

(၃) ဖွဲ့စည်းပုံ၊

(၄) တည်နေရာ အကျယ်အဝန်းနှင့် အဆောက်အအုံပြမြေပုံ၊

(၅) မြေ သို့မဟုတ် အဆောက်အအုံနှင့် ပတ်သက်သော အကြောင်းအရာအချက်အလက်များ၊

(၆) မှတ်ပုံတင်ထားသည့် မတည်ငွေရင်းနှင့်အတူ သုံးစွဲကျခံမည့် အစီအစဉ်၊

(၇) ပုဂ္ဂလိကကျောင်း၏ တံဆိပ်နှင့် အမှတ်အသား၊

(၈) သင်ကြားရေးမဟာဌာနများ၊ သင်ကြားမည့်ဘာသာရပ်များနှင့် လုပ်ဆောင်မည့် သုတေသနလုပ်ငန်းများ၊

(၉) အုပ်ချုပ်သူများ၊ ဆရာနှင့် ဝန်ထမ်းများ၏ ရာထူးဖော်ပြချက်၊ ပညာအရည်အချင်း၊ လစာနှုန်း၊ အလုပ်ခန့်ထားခြင်းနှင့် အရေးယူအပြစ်ပေးခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ၊ သက်သာချောင်ချိရေးနှင့် နစ်နာကြေးဆိုင်ရာ အစီအစဉ်များ၊

(၁၀) သင်ရိုးညွှန်းတမ်း၊ သင်ကြားရေးနှင့် ပညာရေးဆိုင်ရာ အကဲဖြတ်မှုအစီအစဉ်၊

(၁၁) ကျောင်းသားရွေးချယ်လက်ခံမည့် အစီအစဉ်၊

(၁၂) ကျောင်းဝင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(၁၃) ကျောင်းလခနှင့် အခြားအခကြေးငွေများ၊

(၁၄) ကျောင်းလခ လွတ်ငြိမ်းခွင့်၊ ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ဆုနှင့် သုတေသန ထောက်ပံ့ကြေးပေးအပ်မည့်အစီအစဉ်၊

(၁၅) အရေးယူအပြစ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(၁၆) ပေးအပ်မည့် ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ၊ စာမေးပွဲအောင်လက်မှတ်၊

(၁၇) တက္ကသိုလ်ဘွဲ့ဝတ်စုံ၊

(၁၈) သင်ရိုးအောင်မြင်ပြီးစီးမှု လွှဲပြောင်းခြင်းစနစ်၊

(၁၉) ကျောင်းဝတ်စုံ၊

(၂၀) အခြားတင်ပြလိုသော အကြောင်းအရာများ။

(ဂ) ကျောင်းတည်ထောင်သူသည် ကျောင်းတည်ထောင်ရန် ခွင့်ပြုချက်ရရှိပြီးပါက ကြီးကြပ်ရေးအဖွဲ့သို့ ကျောင်းအဖြစ်အသုံးပြုမည့် မြေပိုင်ဆိုင်ခွင့် (သို့မဟုတ်) အဆောက်အအုံ ပိုင်ဆိုင်ခွင့်(သို့မဟုတ်) မြေနှင့်အဆောက်အအုံများ ငှားရမ်းအသုံးပြုခွင့်နှင့် မြေ (သို့မဟုတ်) အဆောက်အအုံ (သို့မဟုတ်) မြေနှင့် အဆောက်အအုံများ ငှားရမ်းအသုံးပြုခြင်းဆိုင်ရာ စာချုပ်စာတမ်းများကို မူရင်းနှင့် မိတ္တူတင်ပြခြင်း၊

(ဃ) တက္ကသိုလ်အလိုက် တက္ကသိုလ် ပဋိညာဉ်စာတမ်း ရေးဆွဲထားရှိခြင်း၊ ဤစာတမ်းနှင့်အညီ ပညာရေးအဖွဲ့ဖွဲ့စည်းပုံ၊ အဖွဲ့ဝင်များသက်တမ်း၊ လုပ်ပိုင်ခွင့်အာဏာများနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(င) အောင်လက်မှတ်၊ ဘွဲ့ကြို၊ ဘွဲ့လွန်ဒီပလိုမာ၊ ဘွဲ့လွန်ဘွဲ့အတန်းများကို ဖွင့်လှစ်ရန် စီမံထားရှိခြင်း၊

(စ) ပုဂ္ဂလိကကျောင်းဝင်း၊ ပတ်ဝန်းကျင်၊ စာသင်ခန်းများသည် ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းစင်ကြယ်မှုရှိခြင်း၊

(ဆ) ကျောင်းလုံခြုံရေး အစီအစဉ်ထားရှိခြင်း၊

(ဇ) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ထားရှိခြင်း၊

(ဈ) အဆောက်အအုံသည် ပုဂ္ဂလိကကျောင်းအဖြစ် အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊

(ည) ပုဂ္ဂလိကကျောင်းများ၏ သင်ကြားရေးအစီအစဉ်၊ အဆင့်နှင့် ကျောင်းသားဦးရေနှင့်လျော်ညီသော ကျောင်းသုံးပရိဘောဂ၊ သင်ကြားမှု အထောက်အကူကိရိယာပစ္စည်းများ၊ ဓာတ်ခွဲခန်း၊ ကွန်ပျူတာ လက်တွေ့အသုံးပြုခန်းများ၊ သုတေသနပြုခန်းများ၊ ဆွေးနွေးပွဲခန်းမများ၊ စာကြည့်တိုက်များ၊ စားသောက်ဆိုင်များနှင့် အားကစားမျိုးစုံ ပြုလုပ်ရန်နေရာများ အပါအဝင် ပညာရပ်ဆိုင်ရာ ဝန်းကျင်ကောင်းများ သင့်တင့်လုံလောက်စွာရှိခြင်း၊

(ဋ) ပုဂ္ဂလိကကျောင်း၏ အတန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာများ၏ အရည်အသွေးသည် ကော်မရှင်က ချမှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာမူဝါဒနှင့် ညီညွတ်မှုရှိခြင်းနှင့် ဆရာဦးရေ လုံလောက်မှုရှိခြင်း၊

(ဌ) ပုဂ္ဂလိကကျောင်းများတွင် သတ်မှတ်သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာ အတိုင်း သင်ကြားရန် ရက်သတ္တပတ် သင်ကြားမှုအစီအစဉ်ကို စနစ်တကျရေးဆွဲထားခြင်း၊

(ဍ) ဘော်ဒါဆောင်ထားရှိပါက-

(၁) ဘော်ဒါဆောင်အဆောက်အအုံသည် ဘော်ဒါဆောင်အဖြစ် အသုံးပြုနိုင်သည့် အခြေအနေရှိခြင်း၊

(၂) အမျိုးသားဘော်ဒါဆောင်နှင့် အမျိုးသမီးဘော်ဒါဆောင်များကို သီးခြားစီထားရှိပြီး ဘော်ဒါဆောင်အား လုံခြုံစွာ ကာရံထားရှိခြင်း၊

(၃) ဘော်ဒါဆောင်တွင် အဆောင်မှူးထားရှိခြင်း၊

(၄) အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ ထားရှိခြင်း၊

(၅) ကျန်းမာရေးနှင့် ညီညွတ်သည့် စားရိပ်သာစီစဉ်ထားရှိခြင်း။

၂၀။ (က) ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ပုဒ်မ ၁၉ ပါ လိုအပ်ချက်များနှင့် ပြည့်စုံလျှင် ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ကြီးကြပ်ရေးအဖွဲ့က တည်ထောင်ဖွင့်လှစ်ခွင့်ကို ရက်ပေါင်း(၃၀)အတွင်း ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

(ခ) မှတ်ပုံတင်အရာရှိချုပ်သည် တည်ထောင်သူအား စည်းကမ်းချက်နှင့်အညီ မှတ်ပုံတင်လက်မှတ်ကို (၁၄)ရက်အတွင်းထုတ်ပေးပြီး ယင်း ပုဂ္ဂလိကကျောင်း၏ အချက်အလက်များကို မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။

၂၁။ (က) တည်ထောင်သူသည် ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ရရှိပါက သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း ပေးသွင်းရမည်၊

(ခ) တည်ထောင်သူသည် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ထိုပုဂ္ဂလိကကျောင်းတွင် အများပြည်သူတို့ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်၊

(ဂ) ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်သက်တမ်းကို စတင်ထုတ်ပေးသည့် နေ့ရက်မှ (၅)နှစ်သတ်မှတ်ပြီး ဆက်လက်ဆောင်ရွက်လိုပါက ကြီးကြပ်ရေးအဖွဲ့သို့ တိုးတက်မှုအစီရင်ခံစာနှင့်အတူ (၅)နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်၊

(ဃ) ပုဂ္ဂလိကကျောင်း တည်ထောင်သူသည် အခါအားလျော်စွာ သတ်မှတ်ထားသည့် နှစ်စဉ်ကြေးကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်၊

(င) ပုဂ္ဂလိကကျောင်း တည်ထောင်သူကလည်းကောင်း၊ ပုဂ္ဂလိကကျောင်း ဆရာကလည်းကောင်း ပေးသွင်းရမည့် မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့သည် ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၂၂။ မည်သည့် ပုဂ္ဂလိကကျောင်းမဆို တည်ထောင်ဖွင့်လှစ်ခွင့်ရရှိပါက အောက်ပါအချက်များကို လိုက်နာရမည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အလေးထားဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂလိကကျောင်း တည်ထောင်ဖွင့်လှစ်ရန် လိုအပ်သည့် အချက်များကို ပြည့်စုံစွာဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာ သတ်မှတ်ထားသည့် နှစ်စဉ်ကြေးပေးသွင်းပြီးသော ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ရှိသူကိုသာ သင်ကြားခွင့်ပြုခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းများတွင် အတန်းအသီးသီး၏ ဘာသာရပ်များ၌ဖြစ်စေ၊ ထပ်ဆောင်းသင်ခန်းစာများ၌ဖြစ်စေ သက်ဆိုင်ရာအတန်းအတွက် သတ်မှတ်ထားသော သင်ရိုးမာတိကာထက် လျော့နည်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊

(င) ကျောင်းသားတစ်ဦးချင်းအလိုက် အရည်အချင်း မှတ်တမ်းချုပ်တစ်ခုစီနှင့် ကျောင်း အဝင်၊ အထွက်၊ အပြောင်းအရွှေ့စာရင်းများကို သတ်မှတ်ထားသည့်အတိုင်း စနစ်တကျထားရှိခြင်း၊

(စ) ကျောင်းသားတစ်ဦးချင်းစီ၏ အသက်၊ မွေးသက္ကရာဇ်ကို စနစ်တကျ စိစစ်ထားရှိခြင်း၊

(ဆ) စာမေးပွဲများကို ပုံမှန်ကျင်းပ၍ ကျောင်းသားများကို ပညာအရည်အချင်း အလျောက် အတန်းတင်ခြင်း၊ အတန်းခွဲပေးခြင်းနှင့် ကျောင်းပြောင်း၊ ကျောင်းထွက်လက်မှတ်များ စနစ်တကျ စိစစ်ထုတ်ပေးခြင်း၊

(ဇ) ဘာသာရပ်အလိုက်သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာနှင့် သင်ကြားမှု အထောက်အကူပစ္စည်းများ လုံလောက်စွာ စီမံထားရှိသင်ကြားခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ညွှန်ကြားသည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ခြင်း၊

(ဈ) ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ တည်ထောင်သူ ပြောင်းလဲခြင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်ပြောင်းလဲခြင်း၊

(ည) သင်ကြားရမည့်ဘာသာရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး၊ ဘာသာရေးနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဋ) မည်သည့်ကျောင်းမှ ကျောင်းပြက္ခဒိန်ပါ ကျောင်းပိတ်ရက်များနှင့် မရှောင်လွှဲနိုင်သော အကြောင်းများကြောင့် ပိတ်ရသော ကျောင်းပိတ်ရက်များမှတစ်ပါး ဆက်တိုက်(၇)ရက်ထက် ပို၍စာသင်ကြားမှု ရပ်ဆိုင်းခြင်းမပြုရ၊ အကယ်၍ စာသင်ကြားမှုရပ်နားရမည်ဆိုပါက၊ ကြီးကြပ်ရေးအဖွဲ့ထံ ရပ်ဆိုင်းရမည့်အကြောင်းများနှင့်တကွ စာဖြင့် အကြောင်းကြားခြင်း၊

(ဌ) ကျောင်း၏ကြော်ငြာသည် အများပြည်သူ အဓိပ္ပာယ်ကောက်ယူလွဲမှားမှုမရှိစေရန် ကြော်ငြာခြင်း၊ မှန်ကန်စွာဖော်ပြ၍ကြော်ငြာခြင်း မရှိခဲ့ပါက ယင်းကြော်ငြာအား ရပ်ဆိုင်းခြင်း၊ မှန်ကန်အောင် ပြင်ဆင်စေခြင်း၊ အများပြည်သူ အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းကို ပြင်ဆင်၍ ကြော်ငြာခြင်း၊

(ဍ) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်း။

၂၃။ ပုဂ္ဂလိကကျောင်းများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကကျောင်းများသည် တည်ဆဲဥပဒေများကို လိုက်နာ၍ ပညာရေးကဏ္ဍကို အကောင်အထည်ဖော်ကာ အရည်အသွေးပြည့်ဝသော ပညာရေးကို အာမခံရန်၊

(ခ) ပုဂ္ဂလိကကျောင်းကို စနစ်တကျ စီမံခန့်ခွဲနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံသူကိုသာ ပုဂ္ဂလိကကျောင်း စီမံအုပ်ချုပ်သူအဖြစ် တာဝန်ပေး ဆောင်ရွက်စေရန်၊

(ဂ) နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့် ကိုက်ညီသည့် ပညာရပ်များကို ပို့ချသင်ကြားပေးရန်၊

(ဃ) ကျောင်းသားများ၏ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလ စွမ်းရည်များမြင့်မားတိုးတက်စေသည့် ပတ်ဝန်းကျင် အခြေအနေ သို့မဟုတ် သင်ကြားရေးအခြေအနေဖြစ်ပေါ်စေရန် ဆောင်ရွက်ရန်၊

(င) ပုဂ္ဂလိကကျောင်းများ၌ သင်ကြားပေးသည့် အကြောင်းအရာများသည် သင်ယူသူများအတွက် သင့်လျော်မှုရှိစေရေးနှင့် ပုဂ္ဂလိကကျောင်း ဆရာများ၏ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် ဆောင်ရွက်ရန်၊

(စ) အသိဉာဏ်ပညာတိုးပွားရေး၊ ပြန့်ပွားရေး၊ ဖြန့်ချိရေးနှင့် သုတေသန လုပ်ငန်းများအတွက် စီမံချက်များထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဆ) တည်ထောင်သူသည် ပုဂ္ဂလိကကျောင်း တည်ထောင်ရန်အတွက် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ ကျောင်းအဆင့်အတန်း သတ်မှတ်ချက် တောင်းခံရန်၊

(ဇ) ပုဂ္ဂလိကကျောင်းများသည် ပညာရေးဆိုင်ရာ စာမေးပွဲများကျင်းပပြုလုပ်ရန်၊

(ဈ) ဘွဲ့၊ ဒီပလိုမာလက်မှတ်များ၊ စာမေးပွဲအောင်လက်မှတ်များ အပ်နှင်းချီးမြှင့်ရန်၊

(ည) ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းချီးမြှင့်ရာတွင် ကော်မရှင်၏ မူဝါဒ လမ်းညွှန်ချက်နှင့်အညီ အပ်နှင်းချီးမြှင့်ရန်၊

(ဋ) ပုဂ္ဂလိကကျောင်းတစ်ခုခုကို အပြီးအပိုင်ပိတ်သိမ်းလိုပါက ကြီးကြပ်ရေး အဖွဲ့၏ ကြိုတင်ခွင့်ပြုချက် တောင်းခံဆောင်ရွက်ရန်၊

(ဌ) ပုဂ္ဂလိကကျောင်းတစ်ခုခုကို အပြီးအပိုင်ပိတ်သိမ်းပါက ဆရာ၊ ဝန်ထမ်းများနှင့် ကျောင်းတည်ထောင်သူတို့အကြား ကြိုတင်သဘောတူထားသည့်အတိုင်း စာရင်းရှင်းလင်းဆောင်ရွက်ရန်၊

(ဍ) ပုဂ္ဂလိကကျောင်းတစ်ခုခုကို အပြီးအပိုင်ပိတ်သိမ်းပါက သင်ယူသူများ ကြိုတင်ပေးသွင်းထားသော ကျောင်းလခနှင့် အခြားအခကြေးငွေများ ပြန်အမ်းရေးကိစ္စများကို ဆောင်ရွက်ရန်၊

(ဎ) သင်ယူသူများ စည်းကမ်းသေဝပ်ရေး၊ ကိုယ်လက်ကြံ့ခိုင်ရေး၊ ကျန်းမာရေးတို့နှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ရန်၊

(ဏ) ဝတ်စားဆင်ယင်မှုကို မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ ဝတ်ဆင်စေရန်၊

(တ) ပုဂ္ဂလိကကျောင်းများ အစဉ်မပြတ် တိုးတက်ကောင်းမွန်အောင် စီမံဆောင်ရွက်ရန်၊

(ထ) ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေးအစဉ် တိုးတက်မြင့်မားရေးအတွက် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသည့်အတိုင်း အရည်အသွေးကို စစ်ဆေးရန်၊

(ဒ) တည်ထောင်သူသည် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသော ကြိုတင်အပ်နှံငွေကို သတ်မှတ်ထားသောဘဏ်၌ ပေးသွင်းထားရန်၊

(ဓ) ကျောင်း၏ အဆောက်အအုံများ၊ ပရဝဏ်များ ဖျက်ဆီးခံရခြင်း သို့မဟုတ် ပျက်စီးခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အသုံးပြု၍ မရတော့ခြင်းဖြစ်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြုပြင်၍ ကျောင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။ ပြုပြင်ဆဲကာလများတွင် ဆရာများ၊ ကျောင်းသားများ၊ ဝန်ထမ်းများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းစေရန် စီမံထားရန်၊ ဆောင်ရွက်နေစဉ် ကာလသည် ကျောင်းဖွင့်ရက်ဖြစ်ပြီး အချိန်ရက်(၃၀)ထက်ပို၍ လိုအပ်ပါက၊ ပြင်ဆင်ရေးလုပ်ငန်းကို ယာယီဆောင်ရွက်နိုင်ရန် ကျောင်းအတွက် အခြားနေရာတစ်ခုစီစဉ်ပေးရန်၊

(န) သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းဘောင်အတွင်း သင့်လျော်သော သင်ကြားနည်းများနှင့် သင့်လျော်သော စစ်ဆေးအကဲဖြတ်နည်းများကို ထပ်ဆောင်းအသုံးပြု ဆောင်ရွက်ရန်၊

(ပ) ပုဂ္ဂလိကကျောင်းများတွင် သတ်မှတ်ထားသည့် သင်ရိုးမာတိကာနှင့်

*စာမျက်နှာ (၄) သို့*

စာမျက်နှာ (ဃ) မှ

သင်ကြားချိန်များကို မထိခိုက်စေဘဲ မိမိ၏ ကျောင်းနှင့်သင့်လျော်မည့် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်ကိုသတ်မှတ်၍ ဆောင်ရွက်ရန်၊

(ဖ) ပုဂ္ဂလိကကျောင်းများ တိုးတက်မှုအစီရင်ခံစာကို ကြီးကြပ်ရေးအဖွဲ့သို့ နှစ်စဉ်တင်သွင်းရန်၊

(ဗ) ပုဂ္ဂလိကကျောင်းတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသော မှတ်ပုံတင်ထားသည့် နိုင်ငံခြားသား ပုဂ္ဂလိကကျောင်းဆရာသည် တာဝန်မှ ရပ်ဆိုင်းခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းခံရလျှင် ရပ်ဆိုင်းခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းခံရသည့်နေ့မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ ပုဂ္ဂလိကကျောင်းက မှတ်ပုံတင်အရာရှိချုပ်ထံသို့ စာဖြင့်ရေးသား အကြောင်းကြားရန်၊

(ဘ) ပုဂ္ဂလိကကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ရေးအဖွဲ့က အားလျော်စွာချမှတ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

၂၄။ ပုဂ္ဂလိကကျောင်းများသည် နိုင်ငံတော်က ဖွင့်လှစ်ထားသော ကျောင်းများ၏ ပညာရေးဆိုင်ရာ အဆင့်အတန်းများထက် လျော့နည်းခြင်းမရှိစေရ။

၂၅။ ပုဂ္ဂလိကကျောင်းများသည် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ သတ်မှတ်ထားသော အများပြည်သူအလုပ်ပိတ်ရက်များတွင် ကျောင်းဖွင့်လှစ်ခြင်းမပြုရ။

၂၆။ ပြည်ပတက္ကသိုလ်များနှင့်ပူးပေါင်း၍ ဆောင်ရွက်ရန်အောက်ပါ အချက်အလက်များကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်-

(က) မိတ်ဖက်ပြည်ပတက္ကသိုလ်တည်ရှိသည့် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ဝန်ကြီးဌာန သို့မဟုတ် အဆင့်အတန်းနှင့် အရည်အသွေးအကဲဖြတ်အဖွဲ့အစည်းက တရားဝင်ပေးအပ်ထားသည့်ဘွဲ့အပ်နှင်းခွင့် စာရွက်စာတမ်းအထောက်အထား၊

(ခ) မိတ်ဖက်ပြည်ပတက္ကသိုလ်၏ ပါမောက္ခချုပ်မှသော်လည်းကောင်း၊ ဒုတိယပါမောက္ခချုပ်မှသော်လည်းကောင်း၊ မဟာဌာနမှူးမှသော်လည်းကောင်း၊ အလားတူ အဆင့်မြင့်အရာရှိကြီး၏ ယင်းတက္ကသိုလ်မှ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကတက္ကသိုလ်တစ်ခုခုအား ယင်း၏ ဒီဂရီပေးအပ်မည့်အကြောင်း တရားဝင်ပေးအပ်ထားသည့်စာချုပ် သို့မဟုတ် စာရွက်စာတမ်း၊

(ဂ) မိတ်ဖက်ပြည်ပတက္ကသိုလ်၌ သင်ကြားသည့်အရည်အသွေးအတိုင်း မြန်မာနိုင်ငံရှိ ပုဂ္ဂလိကတက္ကသိုလ်များတွင် ကျောင်းသားများအား သင်ကြားမှု၊ ယင်းတို့၏ တက္ကသိုလ်ကြီးများတွင် တက်ရောက်နေသည့် ကျောင်းသားများအားပေးအပ်သည့် အသိအမှတ်ပြုခြင်းအတိုင်း တူညီစွာ အသိအမှတ်ပြုမှု၊ နှစ်စဉ်သုတေသနနှင့် သင်ကြားရေး ရန်ပုံငွေရရှိပုံ စာရွက်စာတမ်းအထောက်အထားများ။

၂၇။ မိတ်ဖက်ပြည်ပတက္ကသိုလ်နှင့်ပူးပေါင်းမည့် ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်သည် အောက်ပါတို့ကိုတင်ပြရမည်-

(က) မိတ်ဖက်ပြည်ပတက္ကသိုလ်၏ နောက်ခံသမိုင်း၊ စတင်တည်ထောင်သည့်နေ့ရက်၊ လက်ရှိ ပြည်ပတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အသိအမှတ်ပြုမှု အထောက်အထား၊

(ခ) ကျောင်းတည်ရှိရာနေရာနှင့် သင်တန်းအတွက် တာဝန်ရှိဝန်ထမ်းစာရင်း၊

(ဂ) လိုအပ်သောအခြားစာရွက်စာတမ်းအထောက်အထားများ။

**အခန်း(၇)**

**ပုဂ္ဂလိကကျောင်းဆရာ**

၂၈။ ပုဂ္ဂလိကကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၂၉။ နိုင်ငံခြားသားဆရာသည် ပုဂ္ဂလိကကျောင်းဆရာအဖြစ် လုပ်ကိုင်လိုပါက ပုဂ္ဂလိကကျောင်း၏ ထောက်ခံချက်ဖြင့် ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ်ရရှိရန် ကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၃၀။ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန်ခွင့်ပြုပါက-

(က) ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်ကြေးပေးသွင်းစေပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အတူ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) ပုဂ္ဂလိကကျောင်းဆရာသည် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို စည်းကမ်းချက်များနှင့်အညီ ပေးသွင်း၍ ပုဂ္ဂလိကကျောင်းဆရာအဖြစ် လုပ်ကိုင်နိုင်သည်။

(ဂ) ပုဂ္ဂလိကကျောင်းဆရာသည် သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရမည်။

၃၁။ ပုဂ္ဂလိကကျောင်းတွင် ခန့်အပ်သည့်ဆရာများသည် အနည်းဆုံး အစိုးရသတ်မှတ်ထားသည့် လိုအပ်သောသင်ကြားမှုဆိုင်ရာ အရည်အချင်းများ ပိုင်ဆိုင်ထားသူဖြစ်ရမည်။

၃၂။ ပုဂ္ဂလိကကျောင်းများသည် ဥပဒေနှင့်အညီ ခန့်အပ်ထားသော ဆရာများနှင့် ဝန်ထမ်းများအား လစာနှင့်လူမှုဖူလုံရေးအာမခံချက်ပေးရမည်။

၃၃။ တည်ထောင်သူသည် လိုအပ်ပါက သင်ကြားရေးအတွက်သော်လည်းကောင်း၊ အုပ်ချုပ်ရေးအတွက်သော်လည်းကောင်း နိုင်ငံခြားသားဆရာများ၊ နိုင်ငံခြားသား အုပ်ချုပ်ရေးဝန်ထမ်းများ၊ နိုင်ငံခြားသား အထောက်အကူပြုဝန်ထမ်းများ ခန့်ထားနိုင်သည်။

၃၄။ ကြီးကြပ်ရေးအဖွဲ့သည် ပုဂ္ဂလိကကျောင်းဆရာရရှိထားသော ဘွဲ့ဘာသာရပ်ဖြင့်ဖြစ်စေ၊ ကျွမ်းကျင်သော အခြားဘာသာရပ်ဖြင့်ဖြစ်စေ၊ သင်ကြားခွင့်ရရှိစေရန် လိုအပ်သောစည်းကမ်းချက် သို့မဟုတ် အစီအစဉ် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်။

**အခန်း(၈)**

**ပုဂ္ဂလိကကျောင်းများ၏ စီမံခန့်ခွဲရေး**

၃၅။ ပုဂ္ဂလိကကျောင်းတစ်ခုတွင် တည်ထောင်သူ၏ သဘောတူညီချက်ဖြင့် စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့၏ ဥက္ကဋ္ဌသည် ပုဂ္ဂလိကကျောင်း၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သည်။

၃၆။ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့က တည်ထောင်သူ၏ သဘောတူညီချက်ဖြင့် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည်-

(က) ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်အားခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊

(ခ) ကျောင်း၏ ဖွဲ့စည်းပုံနှင့် စည်းမျဉ်း၊စည်းကမ်းများကို ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊

(ဂ) ဖွံ့ဖြိုးရေးအစီအမံများနှင့် နှစ်ပတ်လည်လုပ်ငန်းအစီအစဉ်များကို အတည်ပြုခြင်း၊

(ဃ) ကျောင်းလည်ပတ်ရန် ရန်ပုံငွေရှာဖွေမြှင့်တင်ခြင်း၊ ငွေစာရင်းနှင့် နှစ်ချုပ်များ စစ်ဆေးခြင်းနှင့် အတည်ပြုခြင်း၊

(င) ဆရာများ၊ ဝန်ထမ်းများ၏ အင်အားနှင့် ၎င်းတို့၏ လစာ၊ လုပ်အားခတို့ကို အဆုံးအဖြတ်ပေးခြင်း၊

(စ) အထောက်အကူပြုဝန်ထမ်းများ ခန့်ထားခြင်း၊ ထုတ်ပယ်ခြင်း၊ ဆုပေးဒဏ်ပေးပြုလုပ်ခြင်း၊

(ဆ) ပုဂ္ဂလိကကျောင်းခွဲဖွင့်လှစ်ခြင်း၊ ပူးပေါင်းခြင်း၊ ဖျက်သိမ်းခြင်းတို့အတွက် အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ပုဂ္ဂလိကကျောင်းနှင့်ပတ်သက်သည့် အရေးကြီးကိစ္စရပ်များအတွက် အဆုံးအဖြတ်ပေးခြင်း။

၃၇။ စီမံခန့်ခွဲရေးအဖွဲ့သည် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များအတွက် ကျောင်းတွင်းစည်းကမ်းများ ထုတ်ပြန်နိုင်သည်။

၃၈။ ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရမည်၊

(ခ) ဖွံ့ဖြိုးရေးအစီအမံများကိုလက်တွေ့အကောင်အထည်ဖော်ရမည့်၊ နှစ်စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို တိတိကျကျရေးဆွဲရမည်၊

(ဂ) သုတေသန၊ အရည်အသွေးမီပညာရေးနှင့် သင်ကြားရေးဖြစ်ရန် အစီအစဉ်များ ပြုလုပ်ရမည်၊

(ဃ) ကျောင်းအုပ်ချုပ်ရေး၏ နေ့စဉ်လုပ်ငန်းအတွက် တာဝန်ယူရမည်၊

(င) စီမံခန့်ခွဲရေးအဖွဲ့က လွှဲအပ်သည့်အခြားအခွင့်အာဏာများအရ ဆောင်ရွက်ရမည်။

၃၉။ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့သည် ထမ်းဆောင်ရမည့် တာဝန်များကို ကျေပွန်ခြင်းမရှိဟု တည်ထောင်သူက ယူဆခဲ့လျှင် စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ကို ထုတ်ပယ်ပြီး ပေးအပ်သောတာဝန်များကို ထမ်းဆောင်ရန် အရည်အချင်းပြည့်မီသည်ဟု ယူဆသည့် စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့အသစ်ကို ဖွဲ့စည်းထားရှိနိုင်သည်။

၄၀။ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းဆဲကာလတွင် စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များကို ယာယီထမ်းဆောင်ရန် တည်ထောင်သူက တာဝန်ယူနိုင်သည် သို့မဟုတ် ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးကို တည်ထောင်သူက တာဝန်လွှဲအပ်နိုင်သည်။

**အခန်း (၉)**

**အရည်အသွေးအကဲဖြတ်မှုနှင့်အရည်အသွေးအာမခံမှု**

၄၁။ အရည်အသွေးကောင်းသော ပုဂ္ဂလိက ပညာရေးဖြစ်ပေါ်စေရန် ပညာရေးအဆင့်တိုင်းတွင် အရည်အသွေးအာမခံစနစ်အစီအစဉ်တစ်ရပ် ရှိရမည်။

၄၂။ ပုဂ္ဂလိကကျောင်းများသည်အမျိုးသား ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်ထားသော အမျိုးသားအဆင့် အရည်အသွေးမူဘောင်နှင့်လည်းကောင်း၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီမှုရှိရမည်။

၄၃။ ပုဂ္ဂလိကကျောင်းများသည် လုံလောက်သည့် အရည်အသွေးပြည့်ဝသော ဆရာ၊ သင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် သတ်မှတ်ချက်နှင့်အညီ အရည်အသွေးအာမခံချက်ရှိစွာ တည်ထောင်ဖွင့်လှစ်ရမည်။

၄၄။ ပုဂ္ဂလိကကျောင်းများ၏ အတွင်းအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှင့် ပြင်ပအရည်အသွေး စစ်ဆေးအကဲဖြတ်မှု လုပ်ငန်းစဉ်နှစ်ရပ် ချမှတ်ပြီး အရည်အသွေးခိုင်မာမှုအတွက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၅။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသည် ပုဂ္ဂလိကကျောင်းများနှင့် စပ်လျဉ်းသည့် အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေး အာမခံမှုဆိုင်ရာစံနှုန်းများကို လိုအပ်သလို သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

၄၆။ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီသည် ပုဂ္ဂလိကကျောင်းများ၏ အရည်အသွေး စစ်ဆေးအကဲဖြတ်မှု ရလဒ်များကို အများပြည်သူသိရှိစေရန် ဆောင်ရွက်ရမည်။

၄၇။ ပုဂ္ဂလိကကျောင်းများသည် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက အသိအမှတ်ပြုနိုင်ရေးအတွက် ချမှတ်ထားသည့် အသိအမှတ်ပြုခြင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၁၀)**

**ဘဏ္ဍာရေး**

၄၈။ ပုဂ္ဂလိကကျောင်း၏ ဘဏ္ဍာရေးနှစ်သည် နိုင်ငံတော်၏ ဘဏ္ဍာရေးနှစ်အတိုင်း ဖြစ်သည်။

၄၉။ ပုဂ္ဂလိကကျောင်းများ၏ ရသုံးငွေစာရင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထားရှိပြီး ထိုစာရင်းများကို သက်ဆိုင်ရာအခွင့်အာဏာရှိသူများက စစ်ဆေးရန် တောင်းခံလာပါက လုပ်ငန်းနှင့်ပတ်သက်သော စာရင်းများကိုသာ ကြည့်ရှုစစ်ဆေးနိုင်ရန် ပေးပို့ရမည်။

၅၀။ ငွေကြေး၊ စက်ပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ နည်းပညာ၊ မူပိုင်ခွင့်အခွင့်အရေး၊ မြေ၊ အဆောက်အအုံ၊ စာသင်ခန်း၊ ပရိဘောဂတို့သည် လှူဒါန်းရရှိခြင်းဖြစ်လျှင် လှူဒါန်းခြင်း သဘောတူညီမှုအထောက်အထား၊ လှူဒါန်းသူအမည်၊ လှူဒါန်းပစ္စည်းအရေအတွက်၊ လိုအပ်သော အထောက်အထားများနှင့် ၎င်းတို့ကို အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ကို တိကျစွာဖော်ပြထားရှိရမည်။

**အခန်း (၁၁)**

**လုပ်ငန်းဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း**

၅၁။ ကျောင်းတစ်ကျောင်း၏ ကျောင်းတည်ထောင်သူ သို့မဟုတ် ယင်း၏အမွေဆက်ခံခွင့်ရှိသူများသည် ကျောင်းလုပ်ငန်းကို ဖျက်သိမ်းရန် ကြီးကြပ်ရေးအဖွဲ့သို့တင်ပြခွင့်ရှိသည်။

၅၂။ ကျောင်းတည်ထောင်သူ သို့မဟုတ် ယင်း၏ အမွေဆက်ခံခွင့်ရှိသူများက ကျောင်း၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် ဆန္ဒမရှိလျှင် စာသင်နှစ်မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၁၂၀)အလိုတွင် ကြိုတင်၍ကျောင်း၏ လုပ်ငန်းဖျက်သိမ်းမည့် လျှောက်လွှာကိုထိုသို့ ဖျက်သိမ်းရခြင်း၏အကြောင်းပြချက်များနှင့်အတူ ကြီးကြပ်ရေးအဖွဲ့ထံသို့ တင်သွင်းရမည်။

၅၃။ ကျောင်းလုပ်ငန်းဖျက်သိမ်းမည့် ရက်ပေါင်း (၁၂၀) အတွင်း အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တက်ရောက်ဆဲကျောင်းသားများကို အလားတူပညာရေးအစီအစဉ် ဆက်လက်ရယူနိုင်မည့် အနီးဆုံးမြို့နယ်တွင်းရှိ ကျောင်းများတွင် ဆက်လက်အပ်နှံပေးရမည်၊

(ခ) တက်ရောက်ဆဲကျောင်းသားများ အလားတူ ပညာရေးအစီအစဉ် ဆက်လက်ရယူရာတွင် ပေးသွင်းထားပြီးသော ကျောင်းလခနှင့်အခြားကြေးငွေများအတိုင်း သက်ဆိုင်သည့် စာသင်နှစ်အတွက် ပေးသွင်းရမည်၊

(ဂ) ကျောင်းသားသည် အပ်နှံထားသောကျောင်းတွင် ဆက်လက်တက်ရောက်ရန် ဆန္ဒမရှိပါက ကျန်ရှိသောစာသင်ကာလအတွက် ပေးသွင်းထားသော ကျောင်းလခနှင့် အခြားအခကြေးငွေများကို ကျောင်းမှ ပြန်လည်ထုတ်ပေးရမည်။

၅၄။ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့သည် ကျောင်း၏စာရင်းရှင်းလင်းရေးကို ဆောင်ရွက်ရန်အတွက် စာရင်းရှင်းလင်းသူတစ်ဦးကို ခန့်အပ်ရမည်၊ စာရင်းရှင်းလင်းရေးအတွက် မှတ်ပုံတင်ထားသော အစုစပ်လုပ်ငန်း၊ ပေးရန်တာဝန်ကန့်သတ် အစုစပ်လုပ်ငန်းနှင့် ပေးရန်တာဝန် ကန့်သတ်အများပိုင်ကုမ္ပဏီများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ဖျက်သိမ်းရမည်။

၅၅။ ကျောင်းလုပ်ငန်းဖျက်သိမ်းခွင့်မရမီ တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် စီမံခန့်ခွဲရေးအဖွဲ့နှင့် ပါမောက္ခချုပ် သို့မဟုတ် ကျောင်းအုပ်ကြီးတို့သည် မှတ်တမ်းအထောက်အထားများနှင့် အခြားမှတ်တမ်းများကိုပါ ကြီးကြပ်ရေးအဖွဲ့သို့ ပေးပို့ရန်လိုအပ်သည်၊ အထောက်အထား မှတ်တမ်းပြည့်စုံမှုမရှိပါက ထပ်မံပေးပို့ရမည်။

၅၆။ ကျောင်းလုပ်ငန်းဖျက်သိမ်းသောအခါ ပညာရေးဆိုင်ရာ လက်မှတ်များထုတ်ပေးရန် လိုအပ်ပါက ကျောင်း၏ကိုယ်စား မှတ်ပုံတင်အရာရှိချုပ် သို့မဟုတ် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် တရားဝင်ပညာရေးလက်မှတ်များကို ထုတ်ပေးရန် အခွင့်အာဏာရှိသည်။

**အခန်း (၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၅၇။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၂ ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော တည်ထောင်သူကို သတိပေးခြင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းမှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၈။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမပြုမီ မည်သည့်အကြောင်းကြောင့် ထိုပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်လက်မှတ်ကို မပယ်ဖျက်သင့်ကြောင်း ရက်ပေါင်း ၃၀ အတွင်း တင်သွင်းနိုင်ရန် တည်ထောင်သူထံ အကြောင်းကြားစာ ပေးပို့ရမည်၊

(ခ) ရက်ပေါင်း ၃၀ အတွင်း ကျေနပ်ဖွယ်ရာ အကြောင်းပြချက်ဖြင့် ချေပခြင်းမပြုနိုင်သော တည်ထောင်သူ၏ ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

၅၉။ ပုဂ္ဂလိကကျောင်းအဖြစ် မှတ်ပုံတင်ခြင်းနှင့် ပုဂ္ဂလိကကျောင်းဆရာအဖြစ် မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခြင်းခံရပါက ငြင်းပယ်လွှာလက်ခံရရှိသည့်နေ့မှ (၂၁)ရက်အတွင်း ဝန်ကြီးထံသို့ အယူခံလွှာတင်သွင်းနိုင်သည်။

၆၀။ မှတ်ပုံတင်ပုဂ္ဂလိကကျောင်းအဖြစ်မှလည်းကောင်း၊ ပုဂ္ဂလိကကျောင်းဆရာအဖြစ်မှလည်းကောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းခံရပါက ပယ်ဖျက်ခံရသည့်နေ့မှ (၂၁)ရက်အတွင်း ဝန်ကြီးထံသို့ အယူခံလွှာတင်သွင်းနိုင်သည်။

၆၁။ (က) ဝန်ကြီးဌာနသည် ဝန်ကြီးကတာဝန်ပေးအပ်သူများပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ အရ အယူခံလွှာတင်သွင်းလာပါက အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးပြတ်နှင့် အတည်ဖြစ်သည်။

**အခန်း(၁၄)**

**တားမြစ်ချက်များ**

၆၂။ ပုဂ္ဂလိကကျောင်းများ၏ အမည်နာမသည် ပြည်တွင်း သို့မဟုတ် ပြည်ပရှိ တက္ကသိုလ်၊ ကောလိပ်သိပ္ပံကျောင်းနှင့် ပညာရေးအဖွဲ့အစည်းများနှင့် တရားဝင်ပေါင်းစပ်မှုမရှိဘဲ ပေါင်းစပ်မှုရှိသည်ဟု အများပြည်သူထင်ယောင်ထင်မှားဖြစ်စေမည့် အမည်နာမသုံးစွဲခြင်း မပြုရ။

၆၃။ ပုဂ္ဂလိကကျောင်း၏ ပရဝဏ်၊ အဆောက်အအုံတို့ကို ဥပဒေနှင့် ဆန့်ကျင်သော လုပ်ဆောင်မှုများ၊ အများပြည်သူတို့၏ စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းများနှင့် ဆန့်ကျင်သော လုပ်ဆောင်မှုများ သို့မဟုတ် ကျောင်းလုပ်ငန်းနှင့် သင့်တင့်လျော်ကန်မှုမရှိသော လုပ်ဆောင်မှုများအတွက် ကိုယ်တိုင်အသုံးပြုခြင်း သို့မဟုတ် အခြားသူများအား အသုံးပြုရန် ခွင့်ပြုခြင်းတို့ မပြုလုပ်ရ။

၆၄။ မည်သည့်ကျောင်းမှ တိုင်းပြည်၏ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သို့မဟုတ် အမျိုးသား ယဉ်ကျေးမှု သို့မဟုတ် ပြည်သူတို့၏ စိတ်ဓာတ်ကောင်းများအတွက် အန္တရာယ်ရှိသော လုပ်ရပ်များကို ကိုယ်တိုင်ပြုလုပ်ခြင်း သို့မဟုတ် အခြားသူများအား ပြုလုပ်ရန် ခွင့်ပြုခြင်းတို့ကို မပြုလုပ်ရ။

၆၅။ မည်သူမျှ ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၆။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၇။ မည်သူမျှသင်ကြားရမည့်ဘာသာရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ အကြောင်းအရာများကို ပုဂ္ဂလိကကျောင်းများတွင် ဟောပြောခြင်း သို့မဟုတ် ပို့ချခြင်းမပြုရ။

၆၈။ ပုဂ္ဂလိကကျောင်းများတွင် ကျောင်းသားများအား နိုင်ငံတော်အကျိုးကို ထိခိုက်သော သို့မဟုတ် နိုင်ငံတော်မူဝါဒနှင့် ဆန့်ကျင်သော အကြောင်းအရာများ သင်ကြားမှု၊ လေ့ကျင့်ခန်းပေးမှု သို့မဟုတ် ယင်းသို့ပြုလုပ်ရန် စီစဉ်ဆောင်ရွက်မှုများကို မပြုရ။

၆၉။ မည်သူမျှ-

(က) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ၊

(ခ) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်း မပြုရ၊

(ဃ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ပုဂ္ဂလိကကျောင်း ကြော်ငြာခြင်းမပြုရ၊

(င) ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လွှဲပြောင်းသုံးစွဲခွင့်မပြုရ၊

(စ) ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မိမိသဘောဆန္ဒအလျောက် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းခြင်း မပြုရ။

၇၀။ မည်သူမျှ-

(က) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ခွင့်ပြုချက်မရဘဲ ပြင်ဆင်ပြောင်းလဲခြင်း မပြုရ၊

(ဂ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ။

စာမျက်နှာ (စ) သို့

# နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နည်းပညာနှင့် သက်မွေးပညာရေးဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် --- ။)**

**၁၃၇၇ ခုနှစ်၊ --- လ --- ရက်**

**(၂၀၁၅ခုနှစ်၊ --- လ --- ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နည်းပညာနှင့်သက်မွေးပညာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ဝင်စေရမည်-

(က) နိုင်ငံတော်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ကောင်စီဆိုသည်မှာ ဤဥပဒေပါ ပုဒ်မ ၁၃ အရဖွဲ့စည်းသည့် နည်းပညာနှင့် သက်မွေးပညာရေးကောင်စီကို ဆိုသည်။

(ဃ) နည်းပညာနှင့်သက်မွေးပညာရပ်များ ဆိုသည်မှာ လက်တွေ့ကျွမ်းကျင်သူများ၊ စက်မှုလက်မှုအတတ်ပညာရှင်များ၊ သက်မွေးပညာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်စေရန် သင်ပြလေ့ကျင့်ပေးသည့် နည်းပညာနှင့် သက်မွေးပညာရပ်အားလုံးကို ဆိုသည်။

(င) နည်းပညာနှင့် သက်မွေးပညာသင်ကျောင်း ဆိုသည်မှာ ပုဒ်မခွဲ (ဃ) ပါ ပညာရပ်များကို စနစ်တကျ သင်ပြလေ့ကျင့်ပေးသည့် ပိုလီတက်ကနစ်ကောလိပ်၊ သိပ္ပံ၊ ကျောင်း သို့မဟုတ် ကောလိပ်၊ သိပ္ပံနှင့် ကျောင်းအသီးသီးကို ဆိုသည်။

(စ) နည်းပညာနှင့် သက်မွေးပညာသင်တန်းဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည်နှင့်အညီ ဝန်ကြီးဌာနများမှဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်းများမှဖြစ်စေ၊ ဝန်ကြီးဌာနနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်း၍ဖြစ်စေ ကျွမ်းကျင်မှုဆိုင်ရာ သက်မွေးပညာများ သင်ပြလေ့ကျင့်ပေးသည့် အစီအစဉ်ကိုဆိုသည်။

(ဆ) နည်းပညာနှင့် သက်မွေးပညာသင်ဌာနဆိုသည်မှာ ပုဒ်မခွဲ (စ)ပါ သင်တန်းများကို စနစ်တကျ သင်ပြလေ့ကျင့်ပေးသည့် ဌာနအသီးသီးကို ဆိုသည်။

(ဇ) သက်ဆိုင်ရာဝန်ကြီးဌာနများဆိုသည်မှာ ပုဒ်မခွဲ (င)နှင့် ပုဒ်မခွဲ(ဆ) ပါ နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့်ဌာနများ တည်ထောင်ဖွင့်လှစ်ထားသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဈ) တာဝန်ခံဝန်ကြီးဌာနများဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရန် အစိုးရအဖွဲ့မှ သတ်မှတ်ပေးထားသည့် ပညာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကို ဆိုသည်။

(ည) တာဝန်ခံဦးစီးဌာနများဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနများက တာဝန်ပေးအပ်ထားသော ဦးစီးဌာနများကိုဆိုသည်။

(ဋ) သက်ဆိုင်ရာဦးစီးဌာနများဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက တာဝန်ပေးအပ်ထားသော ဦးစီးဌာနများကို ဆိုသည်။

(ဌ) ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဆိုသည်မှာ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ ဖွဲ့စည်းထားသော ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို ဆိုသည်။

(ဍ) နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ အရည်အသွေးအာမခံမှုဆိုသည်မှာ ကျောင်းနှင့် ထိုကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်၊ ဌာနနှင့် ထိုဌာနရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် သက်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်ခြင်းနှင့် အာမခံချက်ပေးခြင်းကို ဆိုသည်။

(ဎ) သက်မွေးပညာရေးအထူးဝန်ဆောင်မှုဆိုသည်မှာ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကျောင်းပညာရေးမပြီးဆုံးသူများ၊ သက်မွေးပညာသင်ယူလိုသော အသက်ကြီးသူများ၊ ဝေးလံသောဒေသနှင့် ကျေးလက်နေသူများအတွက် သင်ကြားပေးသော သက်မွေးပညာသင်တန်းများနှင့် ကျောင်းများ တည်ထောင်ဖွင့်လှစ်သည့် အထူးအစီအစဉ်ကိုဆိုသည်။

### အခန်း(၂)
### ရည်မှန်းချက်များ

၃။ နည်းပညာနှင့်သက်မွေးပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးစေရေးအတွက် လိုအပ်သောနည်းပညာနှင့် သက်မွေးပညာရပ် အတတ်ပညာရှင်များနှင့် အသိပညာရှင်များကို မွေးထုတ်သွားရန်။

(ခ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့်သင်ကြားရေး၊ သင်ယူရေး၊ သုတေသနနှင့် နည်းပညာနှင့် သက်မွေးပညာ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးမြင့်မားလာစေရန်။

(ဂ) တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော နည်းပညာနှင့် သက်မွေးပညာသင်တန်းများကို လိုအပ်သလို တိုးချဲ့သင်ကြားပေးရန်။

(ဃ) နိုင်ငံတော်ကို ချစ်မြတ်နိုးသည့် အသိစိတ်ဓာတ်နှင့် ခံယူချက်များ ပြည့်ဝသော အတတ်ပညာနှင့် ကျွမ်းကျင်သူများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးရန်။

### အခန်း(၃)
### အခြေခံမူများ

၄။ နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံသားတိုင်း သက်မွေးပညာသင်ယူခွင့် ရရှိစေရေး၊

(ခ) ဒေသလိုအပ်ချက်ဖြစ်သည့် သက်မွေးပညာရပ် နယ်ပယ်များကို တစ်နေရာတည်းတွင် စုစည်းသင်ကြားပေးရေး၊

(ဂ) ပုဂ္ဂလိကပူးပေါင်းပါဝင်ဆောင်ရွက်စေရေး၊

(ဃ) နိုင်ငံတကာ စံချိန်မီပညာရပ်ဝန်းကျင်ကောင်းများဖြစ်စေရေး၊

(င) ဘဝတစ်လျှောက် အစဉ်သင်ယူခွင့်ရှိစေရေး၊

(စ) အရည်အသွေးအာမခံချက်ရှိစေရေး၊

(ဆ) အစိုးရ၊ ပုဂ္ဂလိက၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကို သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်ဖွင့်လှစ်ခွင့်ပြုရေး၊

(ဇ) နည်းပညာနှင့် သက်မွေးပညာရေးသည် အခြားပညာရေးစနစ်၊ အမျိုးအစားအားလုံးနှင့် အပြန်အလှန် ဆက်သွယ်ကူးပြောင်း သင်ယူနိုင်သည့် အစီအစဉ်ထားရှိရေး၊

(ဈ) လုပ်သားဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး။

### အခန်း(၄)
### နည်းပညာနှင့်သက်မွေးပညာရေးစီမံခန့်ခွဲမှုနှင့်ကြီးကြပ်မှု

၅။ တာဝန်ခံဝန်ကြီးဌာနများ သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနများသည် နည်းပညာနှင့် သက်မွေးပညာရေး၏ အဓိကရည်မှန်းချက်များ အောင်မြင်အထမြောက်စေရန် စီမံခန့်ခွဲကြီးကြပ်ဆောင်ရွက်သွားရမည်။

၆။ ပညာရေးဝန်ကြီးဌာနသည် နည်းပညာနှင့်သက်မွေးပညာရေး၏ ကျောင်းသင်ပညာရေးနှင့် သင်တန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၇။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် နည်းပညာနှင့် သက်မွေးပညာရေး၏ ကျောင်းပြင်ပကျွမ်းကျင်မှု သင်တန်းများကို တာဝန်ခံ ဆောင်ရွက်ရမည်။

၈။ နိုင်ငံတော်မှ အသိအမှတ်ပြုထားသော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် သင်တန်းအသီးသီးမှ ကျွမ်းကျင်မှုလက်မှတ်၊ အောင်လက်မှတ်နှင့် ဒီပလိုမာလက်မှတ်များ အတည်ပြုသတ်မှတ်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုချင်းအလိုက်သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း၍သော်လည်းကောင်း အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီသို့ တင်ပြအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်။

၉။ တာဝန်ခံဦးစီးဌာန သို့မဟုတ် သက်ဆိုင်ရာဦးစီးဌာနသည် သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ လုပ်ငန်းတာဝန်များနှင့်အညီ မိမိတို့နှင့်သက်ဆိုင်သော နည်းပညာနှင့် သက်မွေးပညာ သင်ကြားရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ) ပါ နည်းပညာနှင့် သက်မွေးပညာကျောင်းနှင့် ဌာနများ၏ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ထုတ်ပေးခြင်း၊ ထူထောင်ခြင်း၊ ဖွင့်လှစ်ခြင်း၊ ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင်-

(က) အစိုးရနှင့် ဖက်စပ်ဖွင့်လှစ်သောကျောင်းများကို တာဝန်ခံသည့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ရမည်။

(ခ) ပြည်တွင်း ပြည်ပ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သည့် ကျောင်းနှင့် ဌာနများကို ပုဂ္ဂလိကပညာရေးဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကောင်စီက ပူးပေါင်း ဆောင်ရွက်ရမည်။

၁၁။ နည်းပညာနှင့်သက်မွေးပညာသင်ကြားမည့် ဆရာ၊ ဆရာမများအတွက် ဆရာအတတ်သင် လေ့ကျင့်ရေးသင်တန်းကျောင်းများကို တည်ထောင်ဖွင့်လှစ်နိုင်ရန် ပညာရေးဝန်ကြီးဌာနမှ အထောက်အပံ့ပြုရမည်။

၁၂။ နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင် လေ့ကျင့်ရေး သင်တန်းကျောင်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဖွင့်လှစ်နိုင်သည်။

### အခန်း(၅)
### နည်းပညာနှင့်သက်မွေးပညာရေးကောင်စီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၃။ အမျိုးသားပညာရေးမူဝါဒကော်မရှင်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် သက်မွေးပညာရေးနှင့် သက်ဆိုင်သည့် အစိုးရဌာနအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် ပါဝင်သည့် နည်းပညာနှင့် သက်မွေးပညာရေးကောင်စီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ကောင်စီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) ပါဝင်ဖွဲ့စည်းရမည့် ကောင်စီအဖွဲ့ဝင်ဦးရေကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်။

(ဃ) ကောင်စီ၏သက်တမ်းကို တစ်ကြိမ်လျှင်(၅)နှစ် သတ်မှတ်သည်။

(င) နည်းပညာနှင့်သက်မွေးပညာ အလုပ်အမှုဆောင်အဖွဲ့ကို လိုအပ်ပါက ကောင်စီအဖွဲ့ဝင်များထဲမှ ဖွဲ့စည်းနိုင်သည်။

(စ) ကောင်စီ၏ဥက္ကဋ္ဌကို ကောင်စီအဖွဲ့ဝင်များထဲမှ ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဆ) ကောင်စီ၏ အတွင်းရေးမှူးကို ကောင်စီအဖွဲ့ဝင်များထဲမှ ရွေးချယ်တာဝန်ပေးအပ်ရမည်။

*စာမျက်နှာ (ဆ) သို့*

*စာမျက်နှာ (င) မှ*

၇၁။ ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် ဖော်ပြထားသူမှတစ်ပါး အခြားမည်သူမျှ တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၇၂။ ပုဂ္ဂလိကကျောင်းတစ်ခုခုကို တည်ထောင်ပြီးနောက် ဆက်လက်၍ လုပ်ကိုင်ခြင်းမပြုတော့လျှင် သို့မဟုတ် အပြီးအပိုင် ပိတ်သိမ်းလျှင် သင်ယူသူများက ကြိုတင်ပေးသွင်းထားသော ကျောင်းလခနှင့် အခြားအခကြေးငွေများကို သတ်မှတ်ထားသည့်ကာလအတွင်း ပြန်အမ်းရန် ပျက်ကွက်ခြင်းမရှိစေရ။

၇၃။ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများမှ ဆင်းသက်လာသော အရင်းအနှီးများဖြင့် ပုဂ္ဂလိကကျောင်းတည်ထောင်ခြင်းမပြုရ။

### အခန်း(၁၄)
### ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၄။ မည်သူမဆို ပုဒ်မ ၆၂, ၆၃, ၆၄, ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးခြောက်လမှ အများဆုံး တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၀ နှင့် ပုဒ်မ ၇၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

### အခန်း(၁၅)
### အထွေထွေ

၇၉။ ဤဥပဒေအရ -

(က) အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်၊

(ခ) တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်ရယူပြီး ကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်သူသည် ကော်မရှင်ကိုယ်စား တရားစွဲဆိုရမည်၊

(ဂ) သဘောရိုးဖြင့်ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့် ကိစ္စတစ်ရပ်ရပ်အတွက် ဆောင်ရွက်သူကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၈၀။ ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်သည့်နေ့နှင့် သက်ဆိုင်ရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးသည့်နေ့မှစ၍ ၎င်း၏ အမည်၊ တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၈၁။ ပုဂ္ဂလိကကျောင်းသည် လူမျိုး၊ ကိုးကွယ်ရာဘာသာနှင့် အဆင့်အတန်းမရွေး အမျိုးသား၊ အမျိုးသမီး၊ အားလုံးအတွက်ဖြစ်သည်။

၈၂။ ပုဂ္ဂလိကကျောင်း၏ သင်ယူသူများသည်-

(က) အစိုးရကျောင်း၏သင်ယူသူများနည်းတူ သက်ဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ သင်ကြား၊ သင်ယူမှုနှင့် ပညာရည်ဖွံ့ဖြိုးမှုအခွင့်အလမ်းများ ရရှိနိုင်သည်၊

(ခ) ပုဂ္ဂလိကကျောင်းများနှင့် အခြားကျောင်းအမျိုးအစားများအကြား အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ တစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးပြောင်း သင်ယူနိုင်သည်။

၈၃။ အဆင့်မြင့်ပညာပုဂ္ဂလိကကျောင်းများသည် အမျိုးသားပညာရေးဥပဒေပုဒ်မ ၂၇ အရ ဖွဲ့စည်း သောကော်မတီနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

၈၄။ ပုဂ္ဂလိကကျောင်း၏ အလုပ်သမားများနှင့်စပ်လျဉ်း၍ အလုပ်သမားဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၅။ ဤဥပဒေအတည်မဖြစ်မီက တည်ရှိလျက်ရှိသော ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေ အတည်ဖြစ်သည့်နေ့မှစ၍ ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆောင်ရွက်ရမည်။

၈၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၈၇။ အစိုးရအဖွဲ့သည်-

(က) ပုဂ္ဂလိကကျောင်းတွင် တာဝန်ထမ်းဆောင်ရန်နှင့် ပညာသင်ယူရန် ပြည်ပမှလာရောက်မည့်အုပ်ချုပ်ရေးဝန်ထမ်း၊ သင်ကြားရေးဝန်ထမ်း၊ အထောက်အကူပြုဝန်ထမ်း၊ ဆရာ၊ ကျောင်းသားများနှင့် အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာ၊ တစ်ဆက်တည်းနေထိုင်ခွင့်၊ ပုဂ္ဂလိကကျောင်းက စီစဉ်သောနေရာထိုင်ခင်းတွင် နေထိုင်ခွင့်များကို သတ်မှတ်ချက်နှင့်အညီ တင်ပြလာပါက ခွင့်ပြုပေးနိုင်သည်။

(ခ) ပုဂ္ဂလိကကျောင်းက နိုင်ငံခြားသားဆရာ သို့မဟုတ် နိုင်ငံခြားသား အထောက်အကူပြု ဝန်ထမ်း သို့မဟုတ် နိုင်ငံခြားသား သင်ယူသူများကို အလုပ်မှ ဖယ်ရှားခြင်း၊ကျောင်းမှ ထုတ်ပယ်ခြင်းကိစ္စများနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးအဖွဲ့က တင်ပြလာလျှင် ၎င်းတို့၏ နေထိုင်ခွင့်ကို ပယ်ဖျက်ရန် ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်နိုင်သည်။

၈၈။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ၂၀၁၁ ခုနှစ် ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေနှင့် ၁၉၈၄ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေတို့သည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

၈၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

*စာမျက်နှာ (၈) မှ*

၁၄။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာနများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ခ) ကောင်စီသည် ကျောင်းနှင့် ဌာနများကို ပေါင်းစပ်ဖြည့်ဆည်းပေးခြင်းဖြင့် ယင်းတို့၏ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်း၊

(ဂ) နည်းပညာနှင့် သက်မွေးပညာရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဥပဒေနှင့်အညီလိုအပ်သော ဒေသအလိုက်နှင့် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီ သို့မဟုတ် အဖွဲ့အစည်းများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) နည်းပညာနှင့် သက်မွေးဆိုင်ရာ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊ လေ့လာသုံးသပ်သုတေသနပြုခြင်းတို့ကို ကြီးကြပ်ခြင်း၊

(င) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ အရည်အသွေးအာမခံမှု စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(စ) ကောင်စီသို့ ပြည်တွင်းပြည်ပမှငွေကြေးနှင့်အထောက်အပံ့များ၊ ပစ္စည်းများ လှူဒါန်းထောက်ပံ့ရရှိပါက သင့်လျော်သည့်ကျောင်းနှင့် ဌာနများသို့ ခွဲဝေစီမံဆောင်ရွက်ခြင်း၊

(ဆ) ဒေသအလိုက် နည်းပညာနှင့် သက်မွေးပညာလုပ်ငန်း ကဏ္ဍအလိုက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများကို ပေါင်းစပ်ညှိနှိုင်းစီမံပေးခြင်း၊

(ဇ) အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ချိတ်ဆက်ခြင်း၊ သင်တန်းကျောင်းများနှင့် အလုပ်ခွင် ချိတ်ဆက်ခြင်းတို့ကို ညှိနှိုင်းစီမံဆောင်ရွက်ပေးခြင်း၊

(ဈ) အစိုးရဌာနအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ အသက်မွေးဝမ်းကျောင်းသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လိုအပ်သည့် ကျွမ်းကျင်လုပ်သား လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းစီမံပေးခြင်း၊

(ည) ပြည်တွင်း အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင်ရှာဖွေသူများအား ပေါင်းစပ်ညှိနှိုင်း၍ အလုပ်အကိုင် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်မည့် နည်းပညာနှင့်သက်မွေးပညာရေးဆိုင်ရာ ရေတိုရေရှည် စီမံကိန်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဌ) အရည်အသွေးစစ်ဆေးမှုအပေါ် မူတည်၍ အသိမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဍ) အစိုးရ၊ ပုဂ္ဂလိက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကို သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဎ) ပညာရေးအဆင့်များ ဆက်သွယ်ကူးပြောင်းသင်ယူနိုင်မည့် အစီအစဉ်အတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) ဘွဲ့၊ ဒီဂရီ ပေးအပ်ချီးမြှင့်ခြင်းမပြုသည့် သင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ အတတ်ပညာသင်တန်းများ၊ ကျွမ်းကျင်မှုမြှင့်တင်သည့် သင်တန်းများကို နည်းပညာနှင့် သက်မွေးပညာသင်တန်းများအဖြစ် သက်ဆိုင်ရာဥပဒေများနှင့်အညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီအဖွဲ့ဝင်များသည် အစိုးရအဖွဲ့က သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်ကိုခံစားခွင့်ရှိသည်။

၁၆။ ကောင်စီနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

၁၇။ ကောင်စီနှင့်စပ်လျဉ်းသည့် ကုန်ကျစရိတ်များကို ပညာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံစေရမည်။

## အခန်း(၆)
## နည်းပညာနှင့်သက်မွေးပညာရေးစနစ်

၁၈။ နည်းပညာနှင့် သက်မွေးပညာရေးအဆင့်ကို အောက်ပါအတိုင်းခွဲခြားသတ်မှတ်သည်-

(က) အခြေခံအဆင့်နည်းပညာနှင့်သက်မွေးပညာရေးသည် အခြေခံပညာ မူလတန်းအဆင့် အောင်မြင်ပြီးမြောက်သူများ တက်ရောက်နိုင်သော အဆင့်၊

(ခ) အလယ်တန်းအဆင့်နည်းပညာနှင့် သက်မွေးပညာရေးသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သောအဆင့်၊

(ဂ) ဘွဲ့ကြိုဒီပလိုမာအဆင့် နည်းပညာနှင့် သက်မွေးပညာရေးသည် အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးမြောက်သူများနှင့် ညီမျှသည့် အရည်အချင်းရှိသူများ တက်ရောက်နိုင်သော အဆင့်ဖြစ်သည်။

၁၉။ ကျောင်းပြင်ပ နည်းပညာနှင့် သက်မွေးပညာရေးသည် ကျွမ်းကျင်မှုကို မြှင့်တင်ရန်၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ အစိုးရ၊ ပုဂ္ဂလိက သီးခြားဖြစ်စေ၊ ပူးပေါင်း၍ဖြစ်စေ ဖွင့်လှစ်သော နည်းပညာနှင့် သက်မွေးပညာရေး အမျိုးအစားဖြစ်သည်။

၂၀။ အမျိုးသားပညာရေးဥပဒေပုဒ်မ ၃၀နှင့်အညီ ဆောင်ရွက်ရာတွင်-

(က) နည်းပညာနှင့်သက်မွေးပညာရေးသည် အခြားပညာရေးအဆင့် တစ်ခုခုသို့ ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည့် အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် နည်းပညာနှင့် သက်မွေးပညာရေး အဆင့်တစ်ခုအတွင်းတွင်ဖြစ်စေ၊ သက်ဆိုင်ရာ အဆင့်အလိုက်ဖြစ်စေ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်စေ အပြန်အလှန်ကူးပြောင်းနိုင်သည့် အစီအမံများထားရှိရမည်။

(ခ) သက်ဆိုင်ရာ ပညာရပ်နယ်ပယ်အလိုက် သတ်မှတ်အရည်အသွေး အဆင့်အတန်းကိုက်ညီပါက နည်းပညာနှင့် သက်မွေးပညာရေးနှင့် အဆင့်မြင့်ပညာရေးတို့အကြား အပြန်အလှန် ချိတ်ဆက်ကူးပြောင်းနိုင်သည့် အစီအမံများထားရှိရမည်။

(ဂ) ဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ သင်တန်းများအတွက် သက်ဆိုင်ရာပညာရပ်နယ်ပယ်အလိုက် သတ်မှတ်အရည်အသွေး အဆင့်အတန်းကိုက်ညီပါက နည်းပညာနှင့် သက်မွေးပညာရေးမှ အဆင့်မြင့်ပညာရေးသို့ ချိတ်ဆက်ကူးပြောင်းနိုင်သည့် အစီအမံများထားရှိရမည်။

၂၁။ ပုဒ်မ ၁၈ ပါ ပညာရေးအဆင့်တိုင်းနှင့် ပုဒ်မ ၁၉ ပါ ပညာရေးအမျိုးအစားတို့တွင် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ လိုအပ်ချက်အရ ရလဒ်အခြေပြုစနစ်ကိုသော်လည်းကောင်း၊ ကျွမ်းကျင်မှု အခြေပြုစနစ်ကိုသော်လည်းကောင်း သို့မဟုတ် ယင်းစနစ်နှစ်ခုလုံးကိုသော်လည်းကောင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အမျိုးသားအဆင့် အရည်အသွေးမူဘောင်၊ အမျိုးသားအဆင့် ကျွမ်းကျင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရမည်။

## အခန်း(၇)
## နည်းပညာနှင့်သက်မွေးပညာသင်ကျောင်း၊ သင်တန်းများနှင့် ၎င်းတို့၏တာဝန်များ

၂၂။ နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် သင်တန်းအမျိုးအစားကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) အစိုးရကျောင်း၊ သိပ္ပံနှင့် သင်တန်းများ၊

(ခ) ပြည်တွင်း ပြည်ပ၊ ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဖွင့်လှစ်သည့် ကျောင်း၊ သိပ္ပံနှင့် သင်တန်းများ၊

(ဂ) ဒေသန္တရအဖွဲ့အစည်းပိုင်ကျောင်း၊ သိပ္ပံနှင့် သင်တန်းများ၊

(ဃ) ပုဂ္ဂလိကကျောင်း၊ သိပ္ပံနှင့် သင်တန်းများ၊

(င) ဒေသလိုအပ်ချက်အရ သက်မွေးပညာရပ်များကို တစ်နေရာတည်းတွင် စုစည်းဖွင့်လှစ်သည့် ပိုလီတက်ကနစ်ကျောင်း၊ သိပ္ပံနှင့် သင်တန်းများ၊

(စ) ရွှေ့လျားလေ့ကျင့်ဆောင်ရွက်ပေးသည့် သင်တန်းများ၊ ကျောင်းပြင်ပသင် သင်တန်းများ၊ အလုပ်သင်အဖြစ် ဆောင်ရွက်သည့်သင်တန်းများ၊ အလုပ်ခွင်အတွင်း ကျွမ်းကျင်မှုမြှင့်တင်ပေးသည့်သင်တန်းများ၊

(ဆ) ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် ကျောင်း၊ သိပ္ပံနှင့် သင်တန်းများ။

၂၃။ ပုဒ်မ၂၂ အရ တည်ထောင်သောကျောင်း၊ သိပ္ပံနှင့် သင်တန်းများသည် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် နည်းပညာနှင့် သက်မွေးပညာ ကျွမ်းကျင်သူများကို လုပ်သားဈေးကွက်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တတ်နိုင်သမျှ မွေးထုတ်ရမည်။

၂၄။ ပုဒ်မ၂၂အရ တည်ထောင်ဖွင့်လှစ်သော ကျောင်းများသည် သက်ဆိုင်ရာဥပဒေများနှင့်အညီ-

(က) ပြည့်စုံသော အခြေခံအဆောက်အအုံ၊ လုံလောက်သည့်အရည်အသွေးပြည့်ဝသော နည်းပြ၊ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် သတ်မှတ်ချက်နှင့်အညီ အရည်အသွေးအာမခံချက်ရှိစွာ တည်ထောင်ဖွင့်လှစ်ရမည်။

(ခ) စီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက် အသင်းအဖွဲ့များနှင့် ကောင်စီ၏သတ်မှတ်ချက်နှင့်အညီ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်နိုင်သည်။

(ဂ) လူသားအရင်းအမြစ်ပျိုးထောင်ရေးဌာနများဖွင့်လှစ်၍ သင်တန်းသားများ အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးခြင်း၊ သုတေသနများပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

(ဃ) ကျောင်းတွင်း၊ သင်တန်းတွင်း အရည်အသွေးအကဲဖြတ်ခြင်း လုပ်ငန်းစဉ်နှင့် ပြင်ပမှ အရည်အသွေးစစ်ဆေးမှု လုပ်ငန်းစဉ်နှစ်ရပ်ချမှတ်ပြီး အရည်အသွေးခိုင်မာမှုအတွက် စံချိန်စံညွှန်းများနှင့် ဆောင်ရွက်ရမည်။

## အခန်း(၈)
## သင်ရိုးညွှန်းတမ်း

၂၅။ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စံများနှင့်အညီ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို အတည်ပြုပြဋ္ဌာန်းနိုင်ရန်နှင့် အောက်ပါအချက်များပါရှိစေရန် တာဝန်ခံဝန်ကြီးဌာနများက ကြီးကြပ်ဆောင်ရွက်ရမည်-

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိသည့် နိုင်ငံသားကောင်းများ ဖြစ်ထွန်းပေါ်ပေါက်စေရေး၊

(ခ) သင်ရိုးညွှန်းတမ်းများသည် ခေတ်ကာလအခြေအနေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ပြီး နိုင်ငံတကာပညာရေး သင်ရိုးညွှန်းတမ်းများနှင့်လည်း လိုက်လျောညီထွေမှုရှိစေရေး၊

(ဂ) လုပ်သားဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်းများဖြင့် ရေးဆွဲသင်ကြားရေး၊

(ဃ) သတ်မှတ်ထားသော ကျွမ်းကျင်မှုအဆင့်အလိုက် အရည်အသွေးပြည့်မီသော ကျွမ်းကျင်မှုအခြေပြု သင်ရိုးညွှန်းတမ်းများဖြစ်စေရေး၊

(င) ပုဒ်မ ၁၈ ပါ နည်းပညာနှင့် သက်မွေးပညာရေးအဆင့်များနှင့် ပုဒ်မ ၁၉ ပါ နည်းပညာနှင့် သက်မွေးပညာရေး အမျိုးအစားများအလိုက် ရည်မှန်းချက်ပြည့်မီနိုင်စွမ်းရှိသော သင်ရိုးညွှန်းတမ်းဖြစ်စေရေး၊

(စ) ပုဒ်မ ၁၈ ပါ နည်းပညာနှင့် သက်မွေးပညာရေးအဆင့်များနှင့် ပုဒ်မ ၁၉ ပါ နည်းပညာနှင့် သက်မွေးပညာရေး အမျိုးအစားများအတွက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ သင်ရိုးညွှန်းတမ်း အညွှန်းဘောင်များနှင့် သင်ရိုးညွှန်းတမ်းစံများ ရှိစေရေး၊

(ဆ) ပုဒ်မခွဲ (စ) ပါ သင်ရိုးညွှန်းတမ်းစံကိုအခြေခံ၍ သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်အလိုက် လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့် ရှိစေရေး။

## အခန်း(၉)
## သင်ကြားပို့ချသူများ

၂၆။ သင်ကြားပို့ချသူများသည် အောက်ပါအရည်အချင်းများ ပြည့်စုံရမည်-

(က) နည်းပညာနှင့်သက်မွေးပညာရေးစနစ်အတွက် ကျယ်ပြန့်သော အမြင်ရှိပြီး သင်ကြားမှု၊ သင်ယူမှုစနစ်များအား ထိရောက်စွာ ဆောင်ရွက်နိုင်ရမည်။

(ခ) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် သက်မွေးပညာအပေါ် ချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသား ကျောင်းသူများအတွက် စံနမူနာကောင်း ဖြစ်ရမည်။

(ဂ) သက်ဆိုင်ရာပညာရပ်တွင် ကျွမ်းကျင်သူများဖြစ်ရမည်။

(ဃ) နည်းပညာနှင့် သက်မွေးပညာရေးအတွက် အဆင့်လိုက်သတ်မှတ်ထားသော ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ် သို့မဟုတ် ယင်းတို့နှင့် အဆင့်တူ သတ်မှတ်ထားသော အသိအမှတ်ပြုလက်မှတ်များ ရှိရမည်။

(င) မိမိအရည်အချင်းနှင့် သင်ကြားရေးစွမ်းရည် အစဉ်တိုးတက်စေရန် ဖြည့်ကျင့်ဆည်းပူးနေရမည်။

(စ) သက်ဆိုင်ရာပညာရပ်တွင် အထူးကျွမ်းကျင်သူဖြစ်ပါက အပိုဒ်ခွဲ(ဃ) ပါပြဋ္ဌာန်းချက်ကို လျှော့ပေါ့စဉ်းစားနိုင်သည်။

(ဆ) မိမိ၏အရည်အသွေး အစဉ်တိုးတက်နေစေရေးအတွက် နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ဆရာအတတ်သင် သင်တန်းများသို့ အခါအားလျော်စွာ တက်ရောက်ရမည်။

(ဇ) သင်တန်းပို့ချသူများသည် နည်းပညာနှင့်သက်မွေးပညာများ ထိရောက်စွာသင်ကြားပေးနိုင်ရန် စက်ရုံ၊ အလုပ်ရုံအတွေ့အကြုံကို ဆည်းပူးလေ့လာရမည်။

(ဈ) သင်ကြားပို့ချသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၁၀)
## ဝင်ခွင့်၊ အောင်လက်မှတ်ထုတ်ပေးခြင်း၊ အရည်အသွေးအကဲဖြတ်မှုနှင့် အာမခံမှု

၂၇။ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကောင်စီသည်-

(က) ကျောင်း၊ သင်တန်းများ၏ ဝင်ခွင့်စာမေးပွဲစစ်ဆေးခြင်း၊ သင်တန်းတစ်ခုနှင့်တစ်ခု ဆက်သွယ်ကူးပြောင်းသင်ယူခွင့်နှင့် အောင်လက်မှတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ကျောင်း၊ သင်တန်းအလိုက် ကျင့်သုံးသတ်မှတ်နိုင်ရေးအတွက် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ခ) နည်းပညာနှင့် သက်မွေးပညာရေး အဆင့်တိုင်းတွင် အရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်မည့် အရည်အသွေး အာမခံမှု အစီအစဉ်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ရမည်။

(ဂ) အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေး အာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်နှင့် ညီညွတ်စွာဆောင်ရွက်နိုင်ရေး အတွက် ကြီးကြပ်ပေါင်းစပ်ညှိနှိုင်းပေးရမည်။

(ဃ) အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်က ချမှတ်ထားသော မူဝါဒများ၊ အမျိုးသားပညာရေးအဆင့်သတ်မှတ်ခြင်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ မူဘောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ၏ စံများနှင့်ညီညွတ်မှုရှိစေရန် ကြပ်မတ်လမ်းညွှန်ပေးရမည်။

(င) ကျောင်းနှင့် ယင်းကျောင်းရှိ သင်ကြားသင်ယူမှု အစီအစဉ်၊ ဌာနနှင့် ယင်းဌာနရှိ သင်ကြားသင်ယူမှု အစီအစဉ်များသည် အမျိုးသားပညာရေး အဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့က ချမှတ်ထားသော သက်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုအခြေအနေကို အမြဲမပြတ် စိစစ်အကဲဖြတ်ခြင်းဖြင့် အရည်အသွေးအဆင့်သတ်မှတ်နိုင်ရန်နှင့် အာမခံချက်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## ဘဏ္ဍာရေး

၂၈။ အစိုးရနှင့်သက်ဆိုင်သော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းများသည်သင်တန်းများ၏ ဘဏ္ဍာငွေလိုအပ်ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။ နိုင်ငံတော်ဘဏ္ဍာငွေ သုံးစွဲမှုများအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးခြင်းကို ခံယူရမည်။

၂၉။ အစိုးရနှင့်သက်ဆိုင်သော နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် ဌာနများသည် ပုဂ္ဂလိကလုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း၊ စီးပွားရေးအဖွဲ့အစည်းလုပ်ငန်း၊ နိုင်ငံခြား အသက်မွေးဝမ်းကျောင်းပညာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမှရရှိသော ရန်ပုံငွေကို တာဝန်ခံဝန်ကြီးဌာန၊သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ကိုယ်ပိုင်ရန်ပုံငွေတစ်ရပ်ကို တည်ထောင်ဆောင်ရွက်နိုင်သည်။

၃၀။ နည်းပညာနှင့် သက်မွေးပညာသင်ကျောင်းနှင့် ဌာနသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို တာဝန်ခံဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြလက်ခံ၍ ယင်းတို့ကို ဤဥပဒေနှင့်အညီ ကိုယ်ပိုင်ရန်ပုံငွေစာရင်းတွင် ထည့်သွင်းရမည်။

၃၁။ သက်မွေးပညာသင်ကျောင်းနှင့် ဌာနများသည် ပုဒ်မ ၂၉၊၃၀ အရ လက်ခံရရှိသော ကိုယ်ပိုင်ရန်ပုံငွေများနှင့် ပစ္စည်းများကို-

(က) နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်အကျိုးရှိစွာ သုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စာရင်းစစ်ဆေးမှုကို ခံယူရမည်။

## အခန်း(၁၂)
## အထွေထွေ

၃၂။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) တာဝန်ခံဝန်ကြီးဌာနများသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီနှင့် ကောင်စီကဖွဲ့စည်းပေးသည့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အခြားဆက်စပ်ဥပဒေများနှင့် လိုက်လျောညီထွေဖြစ်စေရမည်။

၃၃။ ၁၉၇၄ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာရေး ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# မူပိုင်ခွင့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
**မူပိုင်ခွင့်ဥပဒေကြမ်း**
**(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  /၂၀၁၅ )**
**၁၃၇၇ ခုနှစ်၊  လ  ရက်**
**(၂၀၁၅ ခုနှစ်၊  လ  ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **မူပိုင်ခွင့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သောနေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မူပိုင်ခွင့်** ဆိုသည်မှာ စာပေအနုပညာလက်ရာ၏ မူလလက်ရာရှင်က ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီရရှိသော သီးသန့်အခွင့်အရေးများဆိုင်ရာ မူပိုင်ခွင့်ကို ဆိုသည်။
(ခ) **မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့်အခွင့်အရေးများ** ဆိုသည်မှာ ဤဥပဒေ အခန်း(၁၂)တွင် ပြဋ္ဌာန်းထားသည့် ဖျော်ဖြေသူများ၊ ဖိုနိုဂရမ် ထုတ်လုပ်သူများနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ သီးသန့်အခွင့်အရေးများကို ဆိုသည်။
(ဂ) **စာပေအနုပညာလက်ရာ** ဆိုသည်မှာ ပုဒ်မ ၇နှင့် ၉ တို့တွင် ဖော်ပြထားသော စာပေအနုပညာလက်ရာများနှင့် ဆင့်ပွားလက်ရာများကို ဆိုသည်။
(ဃ) **မူလလက်ရာရှင်** ဆိုသည်မှာ ဤဥပဒေအရ အကာအကွယ်ပေးခြင်းခံရသော စာပေအနုပညာလက်ရာတစ်ရပ်ရပ်ကို စတင်ပြုလုပ်သည့် သို့မဟုတ် ဖန်တီးသည့် လူပုဂ္ဂိုလ်ကို ဆိုသည်။
(င) **မူပိုင်ခွင့်ပိုင်ရှင်** ဆိုသည်မှာ အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးနှင့် ထိုသူ၏ အမွေဆက်ခံသူကို ဆိုသည်-
(၁) စီးပွားရေးဆိုင်ရာ အခွင့်အရေးကို အလိုအလျောက်ရရှိထားပြီးဖြစ်သော မူလလက်ရာရှင်၊
(၂) စီးပွားရေးဆိုင်ရာအခွင့်အရေးများကို မူလကပင် အလိုအလျောက်ရရှိထားပြီးဖြစ်သည့် မူလလက်ရာရှင်မဟုတ်သော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၊
(၃) စီးပွားရေးဆိုင်ရာ အခွင့်အရေးများကို ပိုင်ဆိုင်သူအဖြစ် ဥပဒေနှင့်အညီ လွှဲပြောင်းပေးခြင်းခံရသော လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း။
(စ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ မူပိုင်ခွင့်ရရှိသည့် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်ကိုဆိုသည်။ ယင်းစကားရပ်တွင် မူပိုင်ခွင့်ကို လွှဲအပ်လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ၊ သီးသန့်လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ရသူနှင့် တရားဝင်အမွေဆက်ခံသူလည်း ပါဝင်သည်။
(ဆ) **ဖျော်ဖြေသူ** ဆိုသည်မှာ ဂီတပညာရှင်၊ အဆိုတော်၊ သရုပ်ဆောင်၊ ကချေသည်၊ သို့မဟုတ် စာပေအနုပညာလက်ရာများကိုဖြစ်စေ၊ ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကိုဖြစ်စေ သရုပ်ဆောင်ခြင်း၊ တီးမှုတ်ခြင်း၊ သီဆိုခြင်း၊ ဟောပြောခြင်း၊ ဘာသာစကားပြန်ဆိုခြင်း၊ ဇာတ်ကြောင်းပြောခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ဖျော်ဖြေသော လူပုဂ္ဂိုလ်ကို ဆိုသည်။
(ဇ) **ဖျော်ဖြေတင်ဆက်မှု** ဆိုသည်မှာ -
(၁) အရုပ်အသံလက်ရာမဟုတ်သော အခြားလက်ရာဖြစ်ပါက ယင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ ကြားခံကိရိယာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ၊ လုပ်ငန်းစဉ် တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ၊ ရွတ်ဆိုခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ကပြခြင်း၊ သရုပ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊
(၂) အရုပ်အသံလက်ရာဖြစ်ပါက ပုံရိပ်တို့ကို အစီအစဉ်တကျပြသခြင်းနှင့် ယင်းနှင့်အတူပါဝင်သော အသံတို့ကိုကြားနိုင်အောင်ပြုလုပ်ခြင်း၊
(၃) ဖိုနိုဂရမ်ဖြစ်ပါက ဖမ်းယူထားသောအသံကို ကြားနိုင်အောင်ပြုလုပ်ခြင်းတို့ကို ဆိုသည်။
(ဈ) **ထုတ်လုပ်သူ** ဆိုသည်မှာ အရုပ်အသံလက်ရာ သို့မဟုတ် ဖိုနိုဂရမ်အားဦးဆောင်၍ တာဝန်ယူထုတ်လုပ်သည့်လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။
(ည) **စုပေါင်းလက်ရာ** ဆိုသည်မှာ လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ညွှန်ကြားချက်အရ စတင်ဖန်တီးသူများ၏အမည်ကို ဖော်ပြခြင်းမပြုဘဲ ဦးစီးဦးဆောင်ပြုသည့် လူပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ရပ်တည်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏အမည်ဖြင့်သာ ဖော်ပြသည့် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များက ဖန်တီးထားသော စာပေအနုပညာလက်ရာကို ဆိုသည်။
(ဋ) **ပူးတွဲမူလလက်ရာရှင်များ၏လက်ရာ** ဆိုသည်မှာ စုပေါင်းလက်ရာမဟုတ်သော တစ်ဦးထက်ပိုသူများက စတင်ပါဝင်ဖန်တီးသည့် စာပေအနုပညာလက်ရာကို ဆိုသည်။
(ဌ) **အရုပ်အသံလက်ရာ** ဆိုသည်မှာ အသံပူးတွဲပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ရုပ်ပုံများကို မြင်နိုင်သည့်အပြင် အသံပူးတွဲပါဝင်ပါက ကြားနိုင်သည့် ဆက်စပ်လှုပ်ရှားနေသော ရုပ်ပုံများ၏လက်ရာကို ဆိုသည်။ အရုပ်အသံလက်ရာတွင် ရုပ်ရှင်ဖန်တီးမှုလက်ရာလည်း အကျုံးဝင်သည်။
(ဍ) **အသုံးချအနုပညာလက်ရာ** ဆိုသည်မှာ လက်မှုပညာဖြင့်ပြုလုပ်၍ဖြစ်စေ၊ စက်မှုနည်းပညာဖြင့် ထုတ်လုပ်၍ဖြစ်စေ အသုံးဝင်စေရန် ဆောင်ရွက်ထားသော သို့မဟုတ် အသုံးဝင်သည့် ပစ္စည်းတစ်ခုခုတွင် ပါဝင်ပေါင်းစပ်ထားသော အနုပညာဖန်တီးမှုကို ဆိုသည်။
(ဎ) **ဖိုနိုဂရမ်** ဆိုသည်မှာ အရုပ်အသံလက်ရာ ပေါင်းစပ်ထည့်သွင်းခြင်းမျိုးမဟုတ်ဘဲ ဖျော်ဖြေတင်ဆက်မှုအသံ၊ အခြားအသံ သို့မဟုတ် သင်္ကေတနှင့်တူအသံတို့ကို ဖိုနိုဂရမ်ဓာတ်ပြား၊ အသံသွင်းတိပ်ခွေနှင့် အခြားကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားခြင်းကို ဆိုသည်။
(ဏ) **ဓာတ်ပုံလက်ရာ** ဆိုသည်မှာ ပုံရိပ်ကိုဖမ်းယူပေးနိုင်သော သို့မဟုတ် ပုံရိပ်ထုတ်ပေးနိုင်သော မည်သည့်ကြားခံနယ်ပေါ်တွင်မဆို ဓာတုဗေဒနည်းပညာဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်နည်းပညာဖြင့် ဖြစ်စေ၊ အခြားနည်းပညာဖြင့်ဖြစ်စေ၊ အလင်းကိုဖမ်းယူခြင်းဖြင့် လည်းကောင်း၊ အလင်းဖြာစေသည့်နည်းလမ်းဖြင့်လည်းကောင်း ပြုလုပ်ထားသည့် မူလဖန်တီးမှုလက်ရာကို ဆိုသည်။
(တ) **အရုပ်အသံပေါင်းစပ်ထည့်သွင်းခြင်း** ဆိုသည်မှာ ဖျော်ဖြေတင်ဆက်မှု၏ ရုပ်ပုံသက်သက်ကိုဖြစ်စေ၊ အသံသက်သက်ကိုဖြစ်စေ၊ ရုပ်ပုံနှင့် အသံနှစ်ခုလုံးကိုဖြစ်စေ၊ သင်္ကေတနှင့်တူရုပ်ပုံနှင့် အသံတို့ကိုဖြစ်စေ၊ အခြားအသံ သို့မဟုတ် လှုပ်ရှားနေသောပုံရိပ်များ သို့မဟုတ် ထုတ်လွှင့်ချက်တို့ကိုဖြစ်စေ မြင်နိုင်ကြားနိုင်ရန်သော်လည်းကောင်း၊ မူပွားခြင်းပြုနိုင်ရန်သော် လည်းကောင်း၊ ဆက်သွယ်ပို့လွှင့်နိုင်ရန်သော်လည်းကောင်း တိပ်ခွေ၊ ဓာတ်ပြား သို့မဟုတ် အခြားကြားခံနယ် တစ်ခုခုတွင် ပထမဦးဆုံးပေါင်းစပ်ထည့်သွင်းပြီး မှတ်တမ်းပြုသွင်းယူခြင်းကို ဆိုသည်။
(ထ) **ထုတ်လွှင့်ခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာကိုဖြစ်စေ၊ ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်ကိုဖြစ်စေ ဂြိုဟ်တုမှတစ်ဆင့် ပို့လွှင့်ခြင်းအပါအဝင် ရေဒီယိုနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခြင်းကဲ့သို့သော ဝိုင်ယာကြိုးမဲ့နည်းဖြင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်းကို ဆိုသည်။
(ဒ) **ရိုးရာယဉ်ကျေးမှုဖော်ပြချက်များ သို့မဟုတ် ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များ** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့်အသိပညာများကို ဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ပေါင်းစပ်ဖော်ပြချက်များ ပါဝင်သော အသွင်ပုံစံတစ်ခုခုကို ဆိုသည်-
(၁) နှုတ်ရေးနှုတ်ရာဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊
(၂) ဂီတဆိုင်ရာဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊
(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊
(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ) ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ဆေးခြယ်ခြင်း (ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင်)၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းသည့် အတတ်ပညာဖြင့် ပြုလုပ်သည့်လက်ရာ၊ မြေထည်၊ ရောင်စုံဖန်မှန် ကျောက်မျက်ရတနာစသည်တို့ဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့်ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်း ပြုထားသည့်လက်ရာ၊ ဇာထိုး ပန်းထိုးအတတ်ဖြင့် ပြုလုပ်သည့်လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ကော်ဇောများ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ်လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေးမင်စာများ။
(ဓ) **ကွန်ပျူတာပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာဖြင့် သီးသန့်လုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်နိုင်ရန် သို့မဟုတ် ရလဒ်ကိုရရှိစေရန် ကွန်ပျူတာမှဖတ်ရှုနိုင်သည့် ကြားခံပစ္စည်းတစ်ခုခုတွင် ပေါင်းစပ်ထည့်သွင်းထားသော စာလုံး၊ သင်္ကေတ၊ အစီအစဉ် သို့မဟုတ် အခြားပုံစံတစ်မျိုးမျိုးဖြင့် ဖော်ပြထားသော ညွှန်ကြားမှုအစီအစဉ် တစ်ရပ်ကို ဆိုသည်။
(န) **မူပိုင်ခွင့်ကို ထိန်းသိမ်းသည့် သတင်းအချက်အလက်များ** ဆိုသည်မှာ စာရေးသူ၊ စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်သူ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်ထုတ်လုပ်သူ၊ ဖိုနိုဂရမ်၊ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားမှ ဟောပြောဆွေးနွေးသူ၊ ထုတ်လွှင့်ချက်၊ ဤဥပဒေအရ အသိအမှတ်ပြုခြင်းခံရသည့် မူပိုင်ခွင့်ပိုင်ရှင်တို့အား ခွဲခြားသတ်မှတ်ပေးသော သတင်းအချက်အလက်များ သို့မဟုတ် စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ်၊ ထုတ်လွှင့်ချက်တို့ကို အသုံးပြုသည့် စည်းကမ်းချက်များဆိုင်ရာ သတင်းအချက်အလက်များနှင့် ဖော်ပြပါ လက်ရာတို့၏ မိတ္တူတွင် ထည့်သွင်းဖော်ပြရာ၌ဖြစ်စေ၊ ထုတ်လွှင့်ခြင်းနှင့် အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်ခြင်း သို့မဟုတ် အများပြည်သူအသုံးပြုနိုင်စေရန် ပြုလုပ်ခြင်းတို့တွင် ဆက်စပ်ဖော်ပြရာ၌ဖြစ်စေ ယင်းသတင်းအချက်အလက်များကို ကိုယ်စားပြုသော နံပါတ်၊ သင်္ကေတတစ်ခုခုကို ဆိုသည်။
(ပ) **နည်းပညာဖြင့်ကာကွယ်ထားသောအစီအမံများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ စာပေအနုပညာလက်ရာများ သို့မဟုတ် မူပိုင်ခွင့်နှင့်ဆက်စပ်သည့် အခွင့်အရေးဆိုင်ရာလက်ရာများကို အသုံးပြုခြင်းနှင့် ရယူခြင်းမှကာကွယ်ရန် သို့မဟုတ် ကန့်သတ်ရန် ပုံမှန်ဆောင်ရွက်ရာတွင် စီမံပြုလုပ်ထားသော နည်းပညာ၊ စက်ပစ္စည်းကိရိယာ သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။
(ဖ) **မူပွားခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို အီလက်ထရွန်နစ်နည်းဖြင့် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သိမ်းဆည်းထားခြင်း အပါအဝင် ယင်းလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို မည်သည့်နည်းလမ်း၊ ပုံစံဖြင့်မဆို မိတ္တူကူးခြင်း၊ တုပခြင်း၊ ပုံတူကူးခြင်း စသည်ဖြင့် မိတ္တူတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပြုလုပ်ခြင်းကို ဆိုသည်။
(ဗ) **အများပြည်သူ** ဆိုသည်မှာ မိသားစုတစ်စု၏ အသိုင်းအဝိုင်းအပြင်ဘက် သို့မဟုတ် ရင်းနှီးခင်မင်သူများ အသိုင်းအဝိုင်း၏ အပြင်ဘက်ရှိ လူပုဂ္ဂိုလ်များကို ဆိုသည်။
(ဘ) **အများပြည်သူသို့ဆက်သွယ်ပို့လွှင့်ခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ၊ ဖျော်ဖြေတင်ဆက်မှု၊ ဖိုနိုဂရမ် သို့မဟုတ် ထုတ်လွှင့်ချက်ကို အဖွဲ့ဝင်ဖြစ်သော အများပြည်သူတစ်ဦးချင်းစီမှ ရွေးချယ်သည့် နေရာနှင့်အချိန်တွင် ရယူသုံးစွဲနိုင်ရန် ပြုလုပ်ခြင်းအပါအဝင် ယင်းတို့ကို ဝိုင်ယာဖြင့်ဖြစ်စေ၊ ဝိုင်ယာကြိုးမဲ့နည်းဖြင့်ဖြစ်စေ အများပြည်သူသို့ ဆက်သွယ်ပို့လွှင့်သည့် ဆက်သွယ်ရေးနည်းလမ်းတစ်ရပ်ရပ်ကို ဆိုသည်။
(မ) **အများပြည်သူသို့ဖြန့်ချိခြင်း** ဆိုသည်မှာ စာပေအနုပညာလက်ရာ၊ အရုပ်အသံ ပေါင်းစပ်ထည့်သွင်းထားသော ဖျော်ဖြေတင်ဆက်မှု သို့မဟုတ် ဖိုနိုဂရမ်တို့၏မူရင်းသို့မဟုတ် မိတ္တူကို ထိတွေ့ကိုင်တွယ်၍ရသော ပုံစံအသွင်ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင် လွှဲပြောင်း၍ ဖြန့်ချိခြင်းကို ဆိုသည်။ ယင်းတွင် ဖြန့်ချိရန်အလို့ငှာ တင်သွင်းခြင်း၊ အများပြည်သူသို့ ရောင်းချခြင်း နှင့် တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင် လွှဲပြောင်းခြင်းတို့လည်း ပါဝင်သည်။
(ယ) **ထုတ်ဝေသည့်လက်ရာ** ဆိုသည်မှာ အများပြည်သူသို့ ရောင်းချရန်၊ ငှားရမ်းရန် သို့မဟုတ် တစ်နည်းနည်းဖြင့် မူပိုင်ခွင့်ပိုင်ရှင်လွှဲပြောင်းရန် သို့မဟုတ် မိတ္တူများကိုပိုင်ဆိုင်ရန်အတွက် စာပေအနုပညာလက်ရာဖြစ်ပါက မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် မူလလက်ရာရှင်၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ဖိုနိုဂရမ်ဖြစ်ပါက ထုတ်လုပ်သူ၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ ယင်းစာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်အား ထိတွေ့ကိုင်တွယ်၍ရသောပုံစံဖြင့် သင့်လျော်သောအရေအတွက်ရရန် မိတ္တူပွားထားသော စာပေအနုပညာလက်ရာ သို့မဟုတ် ဖိုနိုဂရမ်ကို ဆိုသည်။
(ရ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသည့် အရာရှိကို ဆိုသည်။
(လ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။
(ဝ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။
(သ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး** ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ တည်ထောင်သော မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရုံးကို ဆိုသည်။
(ဟ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။
(ဠ) **တရားရုံး** ဆိုသည်မှာ စက်မှုဒီဇိုင်းဥပဒေအရ ဖွဲ့စည်းထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော်လည်းကောင်း ဆိုသည်။
(အ) **အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်** ဆိုသည်မှာ -
(၁) မွေးရာပါအမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်၊
(၂) အမြင်အာရုံ သို့မဟုတ် အသိဉာဏ်စွမ်းရည် သို့မဟုတ် ဖတ်နိုင်စွမ်းရည်ချို့တဲ့ခြင်းမရှိသူများနှင့်တန်းတူ အမြင်အာရုံဆိုင်ရာ လုပ်ဆောင်ချက်များ တိုးတက်လာခြင်းမရှိသောပုဂ္ဂိုလ်၊
(၃) ကိုယ်ခန္ဓာမသန်စွမ်းမှုကြောင့် စာအုပ်ကိုပင် ဆုပ်ကိုင်ထားနိုင်ခြင်း မရှိသောပုဂ္ဂိုလ် သို့မဟုတ် စာဖတ်ရန်အတွက် ပုံမှန်သတ်မှတ်ထားသော အကွာအဝေးအတွင်း မျက်လုံးကိုစူးစိုက်ခြင်း သို့မဟုတ် ရွေ့လျားခြင်းမပြုနိုင်သောပုဂ္ဂိုလ်တို့ကို ဆိုသည်။ ထိုသတ်မှတ် ချက်များတွင် အခြားသောစွမ်းဆောင်ရည်ချို့တဲ့မှုများ မပါဝင်ပါ။
(ကက) **တာဝန်ရှိအဖွဲ့အစည်း** ဆိုသည်မှာ အမြင်အာရုံချို့တဲ့သောပုဂ္ဂိုလ်များ အသုံးပြုနိုင်ရန် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားသော စာအုပ်စာပေများ သို့မဟုတ် သတင်းအချက်အလက်များ၊ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ကို အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးရန် အစိုးရမှအသိအမှတ်ပြုထားသည့် သို့မဟုတ် တရားဝင်အခွင့်အာဏာပေးထားသည့် အဖွဲ့အစည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဖော်ပြပါဝန်ဆောင်မှုများကို ယင်းတို့၏ အခြေခံဆောင်ရွက်ချက် သို့မဟုတ် အဖွဲ့အစည်း၏ တာဝန်တစ်ရပ်အဖြစ် အကျိုးအမြတ်အတွက် မရည်ရွယ်ဘဲ ထောက်ပံ့ပေးသော အဖွဲ့အစည်း သို့မဟုတ် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။
(ခခ) **မူပိုင်ခွင့်ချိုးဖောက်ထားသောပစ္စည်းများ** ဆိုသည်မှာ အခွင့်အရေးရရှိသူ၏ သဘောတူညီချက်မပါဘဲ ပုံတူပွားထားသောပစ္စည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဤဥပဒေပါမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်လျက် ပုံတူပြုလုပ်ထားသော ပစ္စည်းများကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ် ထုတ်လုပ်မှုများနှင့်ထုတ်လွှင့်ခြင်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် စာပေအနုပညာဆိုင်ရာ ထုတ်လုပ်မှုအဆင့်အတန်းမြင့်မား တိုးတက်လာစေရန်၊
(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်များကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊

*(ဆက်လက်ဖော်ပြပါမည်)*

